# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မပြစ်မှားမိအောင် သတိပြု**

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လုံ စသည့် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။) **ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)**


၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက် | ၂၀၁၇ ခုနှစ်၊ မေ ၁၄ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၂၂၃)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## Belt and Road နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တက်ရန် ပေကျင်းရောက်ရှိ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ် (သတင်းစဉ်)

**ပေကျင်း မေ ၁၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ မေ ၁၄ ရက်နှင့် ၁၅ ရက်တွင် ကျင်းပမည့် Belt and Road နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်ရန် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ကူမင်းမြို့သို့ရောက်ရှိရာ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး H.E. Mr. Chen Shun၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်နှင့် တာဝန်ရှိသူများက ကူမင်းလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာပြီး ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ပေကျင်းမြို့သို့ရောက်ရှိရာ ပေကျင်းမြူနီစီပယ်အစိုးရ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရန့် ဒုတိယဥက္ကဋ္ဌ Mr. Wang Yongqing၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ သံရုံး၊ စစ်သံရုံးမိသားစုများနှင့် တာဝန်ရှိသူများက ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❇



**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထုတ်လွှင့်စက်ရုံနှင့် စစ်သမိုင်းပြတိုက်သို့ ချင်းပြည်နယ်မှ ကျောင်းသား ကျောင်းသူများလေ့လာ**

စာ » ၄



**ကမ္ဘာ့ဖိအားခံနေရသော မြောက်ကိုရီးယား ခေတ်သစ်ပိုးလမ်းမကြီးဖိုရမ်သို့ တက်ရောက်မည်**

စာ » ၁၀



**သေမင်းတမန်လမ်းပေါ်မှ ပြန်လည်ဖော်ထုတ်သင့်သော "ဇမီ" (Zami) တံတား**

စာ » ၂၂

**ဆန်းဒေးကာတွန်း** စာမျက်နှာ ၁၆-၁၇






မြန်မာ့အလင်း

# ဆုပ်ကိုင်ရမည့် ငြိမ်းချမ်းရေးဆန္ဒမွန်

မေလ ၂၄ ရက်နေ့၌ ဒုတိယအကြိမ်မြောက်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့က အားကြိုးမာန်တက် ညှိနှိုင်းဆွေးနွေးလျက်ရှိပါသည်။ ဤသို့သော ညှိနှိုင်းဆွေးနွေးမှုများမှ အားတက်ဖွယ်ရာ သတင်းကောင်းတစ်ရပ်ထွက်ပေါ်လာသည်ကို ကြားသိရပါသည်။ အဆိုပါသတင်းကောင်းမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲခွင့်အား မေလ ၁၂ ရက်နေ့က နေပြည်တော်၌ကျင်းပခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးက သဘောတူခဲ့ခြင်းဖြစ်သည်။ ဤသည်မှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)၏ ပင်မရည်ရွယ်ချက်ဖြစ်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးကို တစ်ဆင့်တက် ပုံဖော်ခဲ့ခြင်းဖြစ်ပါသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုချင်းအလိုက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခွင့်ပြုခဲ့ခြင်းသည် ပြည်ထောင်စုနိုင်ငံဖြစ်သော မြန်မာနိုင်ငံ၏သမိုင်း၌ တစ်ကြိမ်တစ်ခါမျှ မရရှိခဲ့ဖူးသော သမိုင်းမှတ်တိုင်တစ်ရပ်ကို စိုက်ထူခဲ့ခြင်းဖြစ်ပါသည်။ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ပါက ပြည်ထောင်စုပြိုကွဲစေမည်လားဟု စိုးရိမ်မှုသမိုင်းကြောင်း ရှည်လျားခဲ့သည့် မြန်မာနိုင်ငံ၌ ဤသမိုင်းမှတ်တိုင်ကိုစိုက်ထူနိုင်ခဲ့ခြင်းသည် သေးငယ်သောအောင်မြင်မှုမဟုတ်သည်ကို ထောက်ပြလိုပါသည်။ ဖက်ဒရယ်စနစ်ကျင့်သုံးသော ပြည်ထောင်စုနိုင်ငံတို့၌ ပြည်နယ်တစ်ခုချင်းအလိုက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခွင့်ပြုခြင်းသည် ပုံမှန်လုပ်ရိုးလုပ်စဉ် စနစ်ဖြစ်ပါသည်။

သို့သော် ပြည်နယ်တစ်ခုချင်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရာ၌ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးတစ်ရပ်လုံး၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိစေရဟူသော ကန့်သတ်ချက်ဘောင်အတွင်းမှသာ ဖြစ်စေရမည် ဖြစ်ပါသည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု၌ ပြည်ထောင်စုအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာနှင့် ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာတို့ကို စနစ်တကျပိုင်းခြားသတ်မှတ်ပြဋ္ဌာန်းထားသည်ဖြစ်၍ မလိုလားအပ်သော ပဋိပက္ခတို့ကိုလည်း ရှောင်ရှားနိုင်မည်ဖြစ်ပါသည်။ အဆိုပါတိုင်းဒေသကြီးနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခွင့်အား ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံသို့ တင်ပြ အတည်ပြုချက်ရယူမည်ဖြစ်ပြီး ထိုကဲ့သို့ အတည်ပြုချက်ရရှိပါက လွှတ်တော်သို့ ဆက်လက်တင်ပြ အတည်ပြုချက်ရယူသွားမည်ဟု သိရှိရပါသည်။ ယခုစိုက်ထူနိုင်ခဲ့သော သမိုင်းမှတ်တိုင်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးတစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)၌ပါဝင် လက်မှတ်ရေးထိုးလာစေရေးကို အပြုသဘောတွန်းအားပေးသွားမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ထွက်ပေါ်လျက်ရှိသော သတင်းများအရ ဒုတိယအကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံသို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ၌ ပါဝင် လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား အထူးဖိတ်ကြားခံရသူများအဖြစ် ဖိတ်ကြားရန် ညှိနှိုင်းကြိုးပမ်း ဆွေးနွေးနေခြင်းသည် နိုင်ငံတော်အစိုးရ၏ သဘောထားကြီးမှုနှင့် ပျော့ပျော့ပျောင်းပျောင်း ကိုင်တွယ်ဆောင်ရွက်မှုတို့ကို မီးမောင်းထိုးဖော်ပြလျက်ရှိပါသည်။ ဤသည်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ "အမှန်တကယ်ဆန္ဒရှိမှ အမှန်တကယ် အောင်မြင်မည်"ဟူသော လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဆန္ဒမွန်ကို ဖော်ထုတ်ခဲ့ခြင်းဖြစ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးက လက်တွဲပါဝင်ဆောင်ရွက်ကြပါရန် လေးစားစွာ မေတ္တာရပ်ခံတင်ပြအပ်ပါသည်။ ။

**ဇီဝမျိုးစုံ ကြွယ်စေဖို့**
**သဘာဝတောတွေ ထိန်းသိမ်းစို့**




## နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံ၌ သန့်ရှင်းရေးလုပ်အား ဒါနပြုလုပ်

နေပြည်တော် မေ ၁၃

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများပါဝင်ဖွဲ့စည်းထားသည့် "ဖြူစင်သန့်စင်"နှင့် "မနောဖြူ" အဖွဲ့များသည် အပတ်စဉ်စနေနေ့တိုင်း စာသင်ကျောင်းများ၊ ဝန်ထမ်းအိမ်ရာများ၊ဆေးရုံများ၊ ဘုရားပုထိုးစေတီများတွင် သန့်ရှင်းရေးလုပ်အားဒါနများ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်များ၊ သစ်ရွက်ခြောက်များနှင့် အမှိုက်များကို ဝန်ထမ်းအင်အား ၁၀၀၀ ကျော်ဖြင့် သန့်ရှင်းရေးလုပ်အားဒါနပြုလုပ်ခဲ့ကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**

## ဗန်ကောက်ဘဏ်မှ နေပြည်တော်တိုင်းပညာရေးမှူးရုံးသို့ သင်ထောက်ကူပစ္စည်းများ လှူဒါန်းခြင်းနှင့် လက်တွေ့နည်းပညာသင်တန်းဖွင့်

နေပြည်တော် မေ ၁၃

အခြေခံပညာဦးစီးဌာန နေပြည်တော်တိုင်းပညာရေးမှူးရုံးသို့ Small Scale Chemistry သင်ထောက်ကူပစ္စည်း လှူဒါန်းခြင်းနှင့် လက်တွေ့နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၃ ရက် နံနက် ၉ နာရီက နေပြည်တော် အ.ထ.က(၃)၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံ ဓာတုဗေဒအဖွဲ့အစည်း၏ ကိုယ်စား ပါမောက္ခ ဒေါက်တာ စူပါဝမ် တမ်တာယာနွန်နှင့် ဗန်ကောက်ဘဏ်ကုမ္ပဏီမှ ကိုယ်စားလှယ် မစ္စတာ ကန်နက်တို့က အမှာစကားပြောကြားကြပြီး ဓာတုဗေဒ သင်ထောက်ကူပစ္စည်းများကို နေပြည်တော်ပညာရေးညွှန်ကြားရေးမှူး ဦးမျိုးဝင်းအောင်ထံ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ နေပြည်တော်ပညာရေးညွှန်ကြားရေးမှူးနှင့် ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ အာကာသနှင့် စကြဝဠာသင်ထောက်ကူကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာသန့်ထူးအောင်နှင့် တာဝန်ရှိဝန်ထမ်းများ၊ အထက်တန်းကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ဓာတုဗေဒသင် ဆရာ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၃-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၇၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၇၅/၇၀၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၈၅/၇၀၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ . ၀ |
| ဥရောပ | တစ်ယူရို | ၁၄၈၀ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၂ . ၂၁ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ . ၁၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၁၀ |
| တရုတ် | တစ်ယွမ် | ၁၉၇ . ၃၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၃ . ၀၀ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် Belt and Road နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် တက်ရောက်ရန်ထွက်ခွာ



**နေပြည်တော် မေ ၁၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပမည့် Belt and Road နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်ရန် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးယာယီတာဝန်ခံ မစ္စတာ ချမ်းချမ်းနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အတူ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဦးအောင်ထူးနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**ကျင်းပမည်**

Belt and Road နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားကို မေ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး နိုင်ငံပေါင်း ၂၉ နိုင်ငံမှ ခေါင်းဆောင်များ တက်ရောက်ကြမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်** (သတင်းစဉ်)

**❋ *ရှေ့ဖုံးမှ***

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် ကျောက်ယုထိုင်နိုင်ငံတော် ဧည့်ဂေဟာသို့ ရောက်ရှိပြီး ညအိပ်ရပ်နားကြသည်။

**ဆွေးနွေးမည်**

ညီလာခံဖွင့်ပွဲအခမ်းအနားကို မေ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် တက်ရောက်အဖွင့်မိန့်ခွန်းပြောကြားမည်ဖြစ်ကြောင်း၊ ထို့နောက် အဆင့်မြင့် အစည်းအဝေးပွဲများကို ကျင်းပရန်ရှိကြောင်း၊ မေ ၁၅ ရက်တွင် နိုင်ငံတကာခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲကျင်းပမည်ဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က သဘာပတိအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါ ထိပ်သီးအစည်းအဝေးပွဲသို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Antonio Guterres၊ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Jim Yong Kim အပါအဝင် နိုင်ငံပေါင်း ၂၉ နိုင်ငံမှ ခေါင်းဆောင်များ တက်ရောက်ဆွေးနွေးမည် ဖြစ်ကြောင်း သိရသည်။

**ပူးပေါင်းဆောင်ရွက်**

အဆင့်မြင့် စုံညီအစည်းအဝေးပွဲတစ်ရပ်နှင့်အတူ သီးခြားဆွေးနွေးပွဲခြောက်ခုကို ကျင်းပသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲများတွင် ကဏ္ဍပေါင်းရှစ်ခုကို ဦးစားပေးမည်ဖြစ်ကြောင်း သိရပြီး အခြေခံယန္တရားအဆောက်အအုံ၊ စက်မှုလုပ်ငန်းရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေး၊ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု၊ စွမ်းအင်နှင့် သယံဇာတကဏ္ဍ၊ ငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်ဖလှယ်သည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပင်လယ်ရေကြောင်းသွားလာမှုတွင် ပူးပေါင်းဆောင်ရွက်ရေး စသည်တို့ ပါဝင်ကြောင်း သိရသည်။

**ပိုးလမ်းမရန်ပုံငွေ**

တရုတ်အစိုးရသည် OBOR စီမံကိန်းအတွက် ထောက်ခံမှုကို တိုးချဲ့သည့်အနေဖြင့် နိုင်ငံပေါင်း ၅၆ နိုင်ငံနှင့် သဘောတူစာချုပ်များ ချုပ်ဆိုခဲ့ကြောင်း၊ ထို့ပြင် OBOR စီမံကိန်းကို အကောင်အထည်ဖော်ရန် ပိုးလမ်းမရန်ပုံငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ မတည်ရင်းနှီးခဲ့ကြောင်း၊ One Belt and One Road ညီလာခံဖွင့်ပွဲအခမ်းအနားသို့ ရုရှားသမ္မတ Vladimir Putin၊ အီတလီဝန်ကြီးချုပ် Paolo Gentiloni၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) အကြီးအကဲ Christine Lagarde တို့လည်း တက်ရောက်ကြမည်ဖြစ်ကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများဖြစ်သော ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများမှ ခေါင်းဆောင်များလည်း OBOR ညီလာခံသို့ တက်ရောက်ကြမည်ဖြစ်ကြောင်း၊ ဥရောပနှင့် အရှေ့ဥရောပနိုင်ငံများဖြစ်သည့် ဂရိ၊ ဘယ်လာရုစ်အပြင် ပါကစ္စတန်၊ သီရိလင်္ကာ၊ ကမ္ဘောဒီးယား၊ တောင်ကိုရီးယား၊ အီသီယိုးပီးယား စသည့်နိုင်ငံများလည်း ညီလာခံသို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## အစိုးရ၏ ဒေသတွင်းပြန်လည်နေရာချထားရေးလုပ်ငန်းများတွင် ဥရောပသမဂ္ဂက အကူအညီပေးရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် EU Commissioner for Humanitarian Aid and Crisis Management ဖြစ်သူ H.E. Mr. Christos Stylianides နှင့်အဖွဲ့အား မေ ၁၂ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဥရောပသမဂ္ဂက မြန်မာနိုင်ငံအတွက် လူသားချင်းစာနာမှု အကူအညီနှင့် သဘာဝဘေးဒဏ်စီမံခန့်ခွဲမှုများအတွက် ရန်ပုံငွေများ ထောက်ပံ့ပေးရန်ကိစ္စ၊ အစိုးရ၏ ဒေသတွင်း ပြန်လည်နေရာချထားရေးလုပ်ငန်းများတွင် ဥရောပသမဂ္ဂက အကူအညီပေးရေးကိစ္စ၊ ရပ်ရွာလူထုများအား သဘာဝဘေးဒဏ်ခုခံနိုင်စွမ်းမြင့်မားရေး၊ ဘေးဒဏ်လျော့ပါးရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း ကိစ္စရပ်များတွင် ကူညီပေးရန်ဆန္ဒရှိသည့်အခြေအနေ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့ရှိ ဥရောပသမဂ္ဂ၏ အရေးပေါ်တုံ့ပြန်မှု ညှိနှိုင်းဆောင်ရွက်ရေးဌာနသို့ ဝန်ကြီးဌာနမှ ကျွမ်းကျင်သူများ လာရောက်လေ့လာရန် ဖိတ်ခေါ်မည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ် (သတင်းစဉ်)

## ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ ကာတာနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် မေ ၁၃**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် မေ ၁၄ ရက်မှ ၁၅ ရက်အထိ ကာတာနိုင်ငံ၌ ကျင်းပမည့် (၁၇)ကြိမ်မြောက် ဒိုဟာဖိုရမ်သို့ တက်ရောက်ရန် ယနေ့နံနက် ၈ နာရီ ၅ မိနစ်က လေကြောင်းခရီးဖြင့်ထွက်ခွာရာ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ဇော်ကြီး(ပဏီတ)**

## မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ (မိုး/ဇလ)



# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးများ ကျင်းပပြီးစီး

**နေပြည်တော် မေ ၁၃**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ အစည်းအဝေးသို့ ဦးခင်ဇော်ဦး၊ ဦးလှမောင်ရွှေ၊ မင်းကျော်ဇေယျာဦး၊ ဦးဇော်ဌေး၊ ဦးနိုင်ငံလင်း၊ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဦးမျိုးဝင်း၊ တာလုဖေ၊ ဦးအောင်စိုးနှင့် ခွန်မြင့်ထွန်းတို့ တက်ရောက်ကြပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ဒုတိယအကြိမ်အစည်းအဝေးကျင်းပရေးနှင့် ညီလာခံသို့ တင်သွင်းမည့်အကြောင်းအရာများကို ညှိနှိုင်းဆွေးနွေးကြသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံကို မေ ၂၄ ရက်မှ ၂၈ ရက်အထိ ငါးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေးကျင်းပရာတွင် ကဏ္ဍအလိုက်ဆွေးနွေးပွဲများ၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများနှင့် ညီလာခံအတည်ပြုခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - သူရဇော်(သတင်းစဉ်)၊ ဓာတ်ပုံ - အေးသန်း(သတင်းစဉ်)**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထုတ်လွှင့်စက်ရုံနှင့် စစ်သမိုင်းပြတိုက်သို့ ချင်းပြည်နယ်မှ ကျောင်းသား ကျောင်းသူများလေ့လာ

**နေပြည်တော် မေ ၁၃**

အရက်ဦးလူမှုဖွံ့ဖြိုးရေးအသင်း၏ ပံ့ပိုးမှုဖြင့် တွန်းဇံမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် နွေရာသီဒေသန္တရ ဗဟုသုတလေ့လာရေးခရီးစဉ်အဖြစ် မေ ၈ ရက်တွင် တွန်းဇံမြို့မှထွက်ခွာရာ နေပြည်တော်သို့ မေ ၁၁ ရက် ညနေပိုင်းတွင်ရောက်ရှိပြီး ရေပန်းဥယျာဉ်သို့လည်းကောင်း၊ မေ ၁၂ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထုတ်လွှင့်စက်ရုံနှင့် စစ်သမိုင်းပြတိုက်သို့ လည်းကောင်း သွားရောက်လေ့လာခဲ့ကြသည်။

ဆက်လက်၍ ရန်ကုန်မြို့ ပုသိမ်(ချောင်းသာ)၊ မန္တလေး၊ ပုဂံ၊ ပုပ္ပားဒေသများသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါလေ့လာရေးခရီးစဉ်ကို တွန်းဇံမြို့ အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြ ဦးဇွမ်းဆွင်းပေါင် ဦးဆောင်၍ ဆရာ ဆရာမ သုံးဦး၊ ကျောင်းသား ကျောင်းသူ ၁၃ ဦး စုစုပေါင်း ၁၆ ဦးပါဝင်ပြီး မြို့ကြီးများရှိ ဗဟုသုတရှာမှီးဖွယ်ရာ ဒေသများနှင့် အပန်းဖြေနေရာများ သို့ ၁၃ ရက်ကြာ လည်ပတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ညီညီသန်း(နေပြည်တော်)၊ ဓာတ်ပုံ-နန်းရှင်းခိုင်(ပြန်/ဆက်)**




# နေပြည်တော်မြို့မစျေး အဝေးပြေးယာဉ်လိုင်းများတွင် ယာဉ်ကြီးများနည်းတူ ယာဉ်ငယ်များဖြင့်ပါ ခရီးသည်ပို့ဆောင်ရေးကိုပြေးဆွဲပေးနေ

**နေပြည်တော် မေ ၁၃**

နေပြည်တော်၏ တိုးတက်များပြားလာသော ခရီးသွားပြည်သူများအတွက် မြန်မာနိုင်ငံ အမြို့မြို့အနယ်နယ်သို့ ခရီးသည် ပို့ဆောင်ရေးအခန်းကဏ္ဍများ ပိုမိုအဆင်ပြေချောမွေ့လာစေရန် အဝေးပြေးယာဉ်ငယ်အသင်းများ စုစည်းပြီး ယာဉ်ငယ်များဖြင့် ပြေးဆွဲလျက်ရှိသည်။

ထိုကဲ့သို့ ယာဉ်ငယ်များဖြင့် မောင်းနှင်ပြေးဆွဲရာတွင် ခရီးသွားများအတွက် အဆင်ပြေလွယ်ကူစွာ သွားလာရခြင်းကြောင့် သွားလိုရာခရီးရောက်လျက်ရှိကြောင်း သိရသည်။




"ကျွန်တော်က လွန်ခဲ့တဲ့ တစ်လလောက်က မုံရွာကနေ နေပြည်တော်ကို ယာဉ်ငယ်လိုင်းက ကားလေးနဲ့ပဲ။ ပြန်လာတာ၊ မုံရွာကနေ နေပြည်တော်ကို ကျွန်တော်မှတ်မိသလောက် ငွေကျပ် ၁၀၀၀၀ ပေးရတယ်လို့ ထင်တယ်။ ကားလေးဖြစ်တဲ့အတွက် ခရီးဆောင်အိတ်တစ်လုံးထက်ပိုပြီး သယ်လို့တော့ မကောင်းဘူး၊ ကျန်တာက အားလုံးအဆင်ပြေပါတယ်။ ခရီးလည်းတွင်တယ်"ဟု ယင်းယာဉ်ငယ်ကို စီးခဲ့ဖူးသူတစ်ဦးက ပြောသည်။

ယခုလက်ရှိတွင် နေပြည်တော်ကိုအခြေပြု၍ ခရီးသည်ပို့ဆောင်ရေး အဝေးပြေး မော်တော်ယာဉ်အသင်း ၂၃ သင်းရှိပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များကို အခြေပြုသည့် ခရီးသည်ပို့ဆောင်ရေး အဝေးပြေးမော်တော်ယာဉ်အသင်း ၇၀ ရှိကာ မြို့ပေါင်း ၄၃ မြို့သို့ ပို့ဆောင်ပြေးဆွဲလျက်ရှိကြောင်း၊ နေပြည်တော်ကို အခြေပြုဖွဲ့စည်းထားသည့် မော်တော်ယာဉ်အသင်း ၂၃ သင်းတွင် ယာဉ်ကြီး၊ ယာဉ်လတ်၊ ယာဉ်ငယ်၊ လူစီးယာဉ် ၁၇၆ စီးဖြင့် ပြေးဆွဲလျက်ရှိပြီး နေပြည်တော်မှ မြန်မာနိုင်ငံ အမြို့မြို့အနယ်နယ် အနှံ့အပြားသို့ ပို့ဆောင်ပြေးဆွဲပေးနေသည့် ယာဉ်စီးရေ စုစုပေါင်း ၉၀၁ စီးရှိကြောင်း နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီထံမှ သိရသည်။

**ကိုပေါက် (ဥက္ကာမြေ)**

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းနှင့် ကိုက်ညီမည့် Action Plan များ ရှင်းလင်း

**ပြည် မေ ၁၃**

ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း ပြည်မြို့ရှိ တက္ကသိုလ်ပေါင်းစုံ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းနှင့်ကိုက်ညီမည့် Action Plan များ ရှင်းလင်းတင်ပြပွဲသို့ ပြည်တက္ကသိုလ်၌ မေ ၁၁ ရက်က ကျင်းပခဲ့ရာ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ခင်စိုးစိုးကြည်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးညွန့်၊ ကွန်ပျူတာတက္ကသိုလ်(ပြည်)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာမျိုးမင်းနှင့် ကထိကများ၊ လက်ထောက်ကထိကများ၊ မော်ကွန်းထိန်းများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်မြို့ရှိ တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များက မိမိတို့တက္ကသိုလ်နှင့် ပတ်သက်သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းနှင့် ကိုက်ညီမည့် Action Plan များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးခြင်းနှင့် အဆိုပါဆွေးနွေးချက်များကို တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# သုံးခွမြို့နယ်ရှိ ကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

**သုံးခွ မေ ၁၃**

ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလရောက်သည့် အချိန်တိုင်း ရေရှားပါးမှုအခက်အခဲများနှင့် ကြုံတွေ့ရလေ့ရှိသော ဒေသများသို့ ပရဟိတအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တစ်သီးပုဂ္ဂလစေတနာအလှူရှင်များက သွားရောက်လှူဒါန်းလျက် ရှိသည်။ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင်လည်း သောက်သုံးရေအခက်အခဲရှိသော ထွန်းစိန်ကျေးရွာ၊ အောင်သာဒါန်းကျေးရွာ၊ သုံးပေါက်ချွန်းတဲစုများသို့ မေ ၁၁ ရက်က ကိုရီးယားနိုင်ငံရောက် သုံးခွသားများအဖွဲ့က ၂၀ လီတာဝင် ရေသန့်ဘူးကြီး ၆၀၀ နှင့် ငွေကျပ် ၆၁၅၀၀ တန်ဖိုးရှိ မုန့်မျိုးစုံတို့ကို မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့၏ ဦးဆောင်မှုဖြင့် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



**တပ်ကုန်းမြို့ရှိ မေတ္တာရိပ်နာရေးကူညီမှုအသင်းကြီးအတွက် လိုအပ်လျက်ရှိသော လူနာတင်ယာဉ်နှင့် လူနာတင်စင် ပေးအပ်လှူဒါန်းပွဲကို မေ ၁၃ ရက်က ကျင်းပရာ ဦးအောင်ခင်-ဒေါ်သက်သက်မော်၊ ဦးခွန်နိုင်ဝင်း-ဒေါ်အေးအေးဖြိုး မိသားစုက လူနာတင်ယာဉ်တစ်စီးနှင့် ဦးဌေးဝင်း-ဒေါ်ခင်မာကြည် မိသားစုက လူနာတင်စင်တို့ကို ပေးအပ်လှူဒါန်းစဉ်**

တင်ထွန်းတာ(တပ်ကုန်း)

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် မေ ၁၃**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ လှိုင်းဘွဲ့မြို့တွင် ၂ ဒသမ ၁၇လက်မ၊ မုဒုံမြို့တွင် ၁ ဒသမ ၉၇လက်မ၊ ဘားအံမြို့တွင် ၁ ဒသမ ၉၃လက်မ၊ ပဲခူးမြို့တွင် ၁ ဒသမ ၇၃လက်မ၊ ရေးမြို့တွင် ၁ ဒသမ ၄၉လက်မ၊ မြိတ်မြို့တွင် ၁ဒသမ ၀၂လက်မ၊ နေပြည်တော်(သိုက်ချောင်း)နှင့် သံတောင်ကြီးမြို့တို့တွင် ၀ ဒသမ ၉၈ လက်မစီ၊ ပုသိမ်မြို့နှင့် ကော့သောင်းမြို့တို့တွင် ၀ ဒသမ ၆၇ လက်မစီတို့ ဖြစ်ကြသည်။ (မိုး/ဇလ)

# ပြည်သူနှင့်အတူ

## ပဲခူးတိုင်းဒေသကြီးတွင် ရေဘေးကာကွယ်ရေးတာများ ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် သာယာဝတီခရိုင်တွင် သုံးခု၊ ပြည်ခရိုင်တွင် သုံးခု၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် သာယာဝတီခရိုင်တွင် ၁၅ ခု၊ ပြည်ခရိုင်တွင် လေးခု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် သာယာဝတီခရိုင်တွင် နှစ်ခုတည်ဆောက်ခဲ့

✻ ကျောဖုံးမှ

လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရေကြီးနှစ်မြုပ်ခဲ့သည့် ငါးမွေးကန်များအား ငါးသားပေါက်များထောက်ပံ့မှု ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့မှုနှင့် ၂၀၁၇-၂၀၁၈ ခုနှစ်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်းပြီး သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်အတွက် ခိုင်ခံ့လုံခြုံမှုရှိပြီး ကောင်းမွန်အောင် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မိုးညိုမြို့နယ်အတွင်းရှိ မြစ်မခမြစ်အနောက်ဘက်ကမ်း မြစ်မခတာ တာပတ်လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဘုရားကြီးကုန်း ခအောင်းပင်တာအား စက်ယန္တရားကြီးများနှင့် တာမြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူက ရေဘေးကာကွယ်ရေးတာများ ပြုပြင်ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများက တင်ပြလာသည့် တာကြံ့ခိုင်မှုအတွက် လိုအပ်သည့်နေရာများတွင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ပဲခူးတိုင်းဒေသကြီးသည် နှစ်စဉ်ဧရာဝတီမြစ်ရေကြီးမြင့်မှုနှင့် ပဲခူးရိုးမတောင်ကျရေများ စီးဆင်းမှု၊ မြစ်ရေလျှံမှု ဖြစ်ပေါ်နေခြင်းတို့ကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်း၊ စိုက်ပျိုးသီးနှံများပျက်စီးဆုံးရှုံးခြင်း မဖြစ်ပေါ်စေရေးအတွက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာတမံများ တည်ဆောက်၊ တာပေါင်များ မြှင့်တင်ခြင်းတို့အား ဆောင်ရွက်လျက်ရှိသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လက်ပံတန်း-ထိန်တော-မိုးညို-တာပွန်-နတ္တလင်းလမ်းမပေါ်ရှိ ငါးပြေမတံတားတည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးတွင် ရေဘေးကာကွယ်ရေးတာများ ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် သာယာဝတီခရိုင်တွင် သုံးခု၊ ပြည်ခရိုင်တွင် သုံးခု၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် သာယာဝတီခရိုင်တွင် ၁၅ ခု၊ ပြည်ခရိုင်တွင် လေးခု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် သာယာဝတီခရိုင်တွင်နှစ်ခု တည်ဆောက်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် လက်ပံတန်း-ထိန်တော-မိုးညို-တာပွန်-နတ္တလင်းလမ်းပေါ်ရှိ ငါးပြေမတံတားဆောက်လုပ်ပြီးစီးမှု အခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ လမ်းဦးစီးဌာနမှ တာဝန်ရှိသူက တံတားတည်ဆောက်ရခြင်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသည်။

ငါးပြေမတံတားသည် တံတားအရှည်ပေ ၂၆၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၁၂ ပေရှိ နှစ်လွှာတစ်ထပ်ဘေလီတံတား အမျိုးအစားဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သီးသန့်ရန်ပုံငွေဖြင့် တည်ဆောက်ကာ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေကြီးရေလျှံဖြစ်ပေါ်လာပါက ရေကိုပြန်လည်လျှော့ချသည့် ရေထွက်ပေါက်သုံးခုအနက်မှ ရေထွက်ပေါက်တစ်ခုအပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။

**(သတင်းစဉ်)**

## ရဲအရာရှိများ ရဲလုပ်ငန်းပိုင်းဆိုင်ရာစွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကြိုတင်ကာကွယ်ရေး၊ မှုခင်းကျဆင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ရှိ ရဲအရာရှိများအား စွမ်းရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို မေ ၁၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အစည်းအဝေးခန်းမ(၂)၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။



ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က အမှာစကားပြောကြားရာ၌ ယနေ့ရဲတပ်ဖွဲ့၏ ရဲလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းစွမ်းရည်ပိုင်းဆိုင်ရာ အရည်အချင်းများကျဆင်းလာမှုအပေါ် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကျွမ်းကျင်မှုရှိမှသာ အခက်အခဲပြဿနာများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နေသည့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရဲစခန်းမှူးများမှ လက်တွေ့နယ်ပယ်တွင် ကြုံတွေ့နေရသော ဥပဒေဆိုင်ရာပြဿနာများ၊ တရားရေးဆိုင်ရာပြဿနာများကို နည်းလမ်းမှန်ကန်စွာဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲမှရရှိသော အတွေ့အကြုံနှင့် ရလဒ်ကောင်းများကို လက်တွေ့နယ်ပယ်တွင် အသုံးချသွားပါက လုပ်ငန်းစွမ်းရည်များ တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ရဲတပ်ဖွဲ့ဝင်အရာရှိများ လုပ်ငန်းစွမ်းရည်မြှင့်တင်ခြင်းနှင့်စပ်လျဉ်း၍ ရဲတပ်ဖွဲ့မှဆောင်ရွက်နေသည့် ကိစ္စများအပေါ်အခြေခံပြီး ခေါင်းစဉ်ခြောက်ခုဖြင့် အဖွဲ့ခြောက်ဖွဲ့ခွဲကာ ဆွေးနွေးခဲ့ပြီး စွမ်းရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ပထမသုတ်အဖြစ် ခရိုင်ရဲတပ်ဖွဲ့မှူးနှစ်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ၁၈ ဦး၊ ရဲစခန်းမှူး ၃၇ ဦး၊ စုစုပေါင်း ၅၇ ဦးတို့တက်ရောက်ကြသည်။ မေ ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ကျန်ရှိသည့် ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ စခန်းမှူးများကိုလည်း မေ ၂၀ ရက်နှင့် ၂၁ ရက်တွင် ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ထပ်မံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## Customer Service Training သင်တန်း မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ရုံး၌ဖွင့်

**မန္တလေး မေ ၁၃**

Customer Service Training သင်တန်းဖွင့်ပွဲကို မေ ၁၃ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ယခုသင်တန်းတွင် တရားရုံးများအပေါ် လူထု၏အမြင်များ ယုံကြည်မှုတိုးတက်စေရန် ဆောင်ရွက်ရမည့်အချက်များ၊ ဝန်ဆောင်မှုပေးမည့်သူများ၏ အရည်အချင်းများ၊ တရားရုံးလာရောက်အသုံးပြုသူများအတွက် ဝန်ဆောင်မှုဆိုင်ရာအချက်များ၊တရားရုံးများက ပြည်သူကို ဝန်ဆောင်မှုပေးရာတွင် လက်လှမ်းမီစေရေး ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်ရန်အချက်များ၊ လာရောက်သူများအား ပြောဆိုဆက်ဆံရာတွင် ယဉ်ကျေးပျူငှာခြင်းနှင့်သတင်းအချက်အလက်များ ရှင်းလင်းပြောပြခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းတို့၏ ထိရောက်မှုများ၊ ခက်ခဲသောအခြေအနေ၊ စိန်ခေါ်မှုများကြုံတွေ့လာလျှင် ဖြေရှင်းရန်နည်းလမ်းများကို လက်တွေ့လေ့ကျင့်ခန်းများဖြင့် သင်ကြားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ တက်ရောက်ကြကြောင်းနှင့် အဆိုပါသင်တန်းတွင် ရှေ့ပြေးတရားရုံး ချမ်းအေးသာစံမြို့နယ် တရားရုံးမှတရားသူကြီးများ၊ ရုံးဝန်ထမ်းအားလုံး၊ မန္တလေးခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ တရားသူကြီးတစ်ဦးစီပါဝင်သော စုစုပေါင်း သင်တန်းသား ၃၅ ဦး တက်ရောက်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အသိရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍

**ဆောင်းပါးရှင်-ဦးတင်ဝင်း**

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေမူကြမ်းအပေါ် ရှင်းလင်းဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့က အမျိုးသားလွှတ်တော် D ဆောင်တွင် ကျင်းပသည်။ အထူးကော်မရှင်မှ စာရေးသူတက်ရောက်ခွင့်ရခဲ့သည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ အမှာစကား၊ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူးနှင့် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများဦးစီးဌာန၏ ရှင်းလင်းချက်များကြောင့် ဗဟုသုတများစွာရသည်။ ထို့အပြင် ကုမ္ပဏီများဥပဒေမူကြမ်း၊ ရှင်းလင်းချက်အကျဉ်းချုပ်နှင့် ဆောင်းပါးများကို ဖြန့်ဝေပေးသဖြင့် လေ့လာခွင့်ရရှိသည်။

ကုမ္ပဏီများဥပဒေမူကြမ်း(ကုမ္ပဏီများဥပဒေအသစ်)နှင့်စပ်လျဉ်း၍ မိမိဉာဏ်မီသရွေ့ အပြုသဘောတင်ပြပါမည်။

**ကုမ္ပဏီများဥပဒေအသစ်ကို ပြင်ဆင်စေလိုခြင်း**

ကုမ္ပဏီများဥပဒေအသစ်တွင် ပုဒ်မပေါင်း ၄၇၇ ခုပါဝင်သည်။ စာမျက်နှာ ၂၇၀ ရှိပြီး နည်းဥပဒေကဲ့သို့ အသေးစိတ်ဖော်ပြထားသည်။ ဖတ်ရှုရာတွင် နားမလည်သောပုဒ်မများစွာကို တွေ့ရသည်။ ကုမ္ပဏီများဥပဒေကို လေ့လာဖူးသူ၊ သင်ယူဖူးသူမှသာ နားလည်မည်ဟု ယူဆသည်။

ဥပဒေအသစ်တွင် ကုမ္ပဏီဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များ မပါရှိသဖြင့် ဖြည့်စွက်ရန်လိုသည်။ နားလည်စေလိုသော စကားရပ် ၄၈ ခု၏ အဓိပ္ပာယ်ကို ဖွင့်ဆိုပြသည်။ သို့သော် မပြည့်စုံသေး။ အဓိပ္ပာယ်ဖွင့်ဆိုရမည့် စကားရပ်များကျန်ရှိနေသေးသည်။ ပြစ်မှု၊ ပြစ်ဒဏ်များကို သီးခြားအခန်းနှစ်ခန်းဖြင့် ဖော်ပြထားသည်။ အခြားအခန်းများတွင်လည်း ပြစ်မှုပြစ်ဒဏ်များပါရှိနေသဖြင့် အားလုံးစုစည်းပြီး တစ်ခန်းတည်းတွင် ထားရှိရန်လိုသည်။ ပြစ်ဒဏ်ပမာဏ ငါးခုထက်မပိုသော ဒဏ်ငွေ၊ ၁၀ ခုထက်မပိုသောဒဏ်ငွေ စသည့် ဖော်ပြချက်များမှာလည်း တရားရုံးမှ ဒဏ်ငွေချမှတ်၍ မရနိုင်သော ပြဋ္ဌာန်းချက်များ ဖြစ်သည်။

အရေးအသားပိုင်းကိုပြောရလျှင် မလိုအပ်ဘဲ စကားလုံးသို့မဟုတ် စာပိုဒ်များထပ်၍ ရေးသားထားခြင်း၊ ဝါကျတစ်ခုတည်း စာကြောင်း ၁၀ ကြောင်းမက ပါဝင်နေခြင်း၊ ဘာသာပြန်ဆိုချက်ဟု ဆိုရမည့် ရေးသားချက်များသည် ဖောင်းပွပြီး စာမချောခြင်းတို့မှာ ဥပဒေကိုနားလည်ရန် ခက်ခဲစေသည်။ ဤသည်တို့မှာ ပြင်ဆင်စေလိုသည့် အချက်အချို့ဖြစ်သည်။

**ကုမ္ပဏီများဥပဒေအသစ်၏အားသာချက်များ**

မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးဆဲဖြစ်သည့် ၁၉၁၄ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေသည် သက်တမ်းရာကျော်ခဲ့ပြီး ဒေသတွင်းရှိ စင်ကာပူ၊ မလေးရှား၊ ဟောင်ကောင် စသည့်နိုင်ငံများ၌ ကျင့်သုံးနေသည့် ကုမ္ပဏီဥပဒေများနှင့် အခြေခံဝိသေသခြင်း တူညီမှုများစွာရှိသည်။ အဆိုပါနိုင်ငံများ၌ ဆောင်ရွက်ခဲ့သည့်ကုမ္ပဏီများ ဥပဒေပြောင်းလဲမှုရလဒ်များနှင့် နိုင်ငံတကာ အတွေ့အကြုံများကို ပေါင်းစပ်သုံးသပ်၍ ကုမ္ပဏီများ ဥပဒေအသစ်ကို ရေးဆွဲထားခြင်းဖြစ်သည်။

ကုမ္ပဏီဆိုသည်မှာ ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်းဖြစ်ပြီး တရားဥပဒေအရ ဆောင်ရွက်ခွင့်ရှိသည့် ပုဂ္ဂိုလ်များဖြစ်သည်။ သို့ဖြစ်ရာ ဥပဒေကြောင်း အကျုံးဝင်ရန် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ၁၉၁၄ အရ ကုမ္ပဏီကို မှတ်ပုံတင်ရသည်။ မှတ်ပုံတင်ထားသည့် ကုမ္ပဏီသည် သက်ဆိုင်ရာဥပဒေနှင့်အညီ စာချုပ်ချုပ်ဆိုခွင့်၊ ငွေချေးယူခွင့်၊ ပိုင်ဆိုင်ခွင့်၊ တရားစွဲဆိုခွင့်နှင့် ခုခံကာကွယ်ခွင့် စသည့်အခွင့်အရေးများရရှိသည်။

ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ ဦးစီးဌာနတွင် ယခုအခါ မှတ်ပုံတင်ထားသည့် ကုမ္ပဏီအရေအတွက်သည် ၄၉၀၀၀ ကျော်ရှိပြီး ကုမ္ပဏီအများစုသည် အများနှင့်မသက်ဆိုင်သော ကုမ္ပဏီများဖြစ်ကြသည်။ ယင်းတို့သည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသာ ဖြစ်လေ့ရှိသည်။

အများနှင့်မသက်ဆိုင်သော ကုမ္ပဏီများကို နိုင်ငံခြားကုမ္ပဏီနှင့် မြန်မာကုမ္ပဏီ (ပြည်တွင်းကုမ္ပဏီ)ဟူ၍ အမျိုးအစား နှစ်မျိုးခွဲခြားနိုင်သည်။ နိုင်ငံခြားကုမ္ပဏီဆိုသည်မှာ နိုင်ငံခြားကော်ပိုရေးရှင်း သို့မဟုတ် နိုင်ငံခြားသားတစ်ဦးဦးမှ အနည်းဆုံးရှယ်ယာတစ်ခုပိုင်ဆိုင်သည့် ကုမ္ပဏီကိုဆိုလိုသည်။ မြန်မာကုမ္ပဏီသည် နိုင်ငံခြားကုမ္ပဏီမဟုတ်သည့် ကုမ္ပဏီကိုဆိုလိုခြင်းဖြစ်သည်။

**ယခုရေးဆွဲထားသည့် ကုမ္ပဏီများ ဥပဒေအသစ်တွင် ပြည်တွင်းကုမ္ပဏီ၌ နိုင်ငံခြားသားပိုင်ရှယ်ယာများ ပါဝင်လာနိုင်သည့် အတိုင်းအတာကို အစိုးရက သတ်မှတ်နိုင်သောအချက်ပါဝင်သည်။ ယင်းသို့ ခွင့်ပြုပေးခြင်းဖြင့် ပြည်တွင်းကုမ္ပဏီများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံခြားငွေ၊ အရင်းအနှီး၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံဗဟုသုတများ ရရှိစေမည်ဖြစ်သည်။**

မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ကိုင်သူများသည် လူပုဂ္ဂိုလ်တစ်ဦးတည်း၏ ပိုင်ဆိုင်မှုနှင့် တစ်ဦးတည်းပိုင်လုပ်ငန်း တည်ထောင်လိုကြသည်။ သို့ရာတွင် လက်ရှိကုမ္ပဏီအက်ဥပဒေက ခွင့်မပြု။ ကုမ္ပဏီတည်ထောင်ပြီး လုပ်ကိုင်လိုပါက ပူးပေါင်းလုပ်ဆောင်မည့်ပုဂ္ဂိုလ် အနည်းဆုံးတစ်ဦးရှိမှသာ တည်ထောင်နိုင်သည်။ ယင်းအချက်ကြောင့်ပင် ကုမ္ပဏီများဥပဒေအသစ်ကို ရေးဆွဲရခြင်းဖြစ်သည်။

**ကုမ္ပဏီများဥပဒေအသစ်၏ အရေးကြီးဆုံးပြောင်းလဲမှုသည် အစုရှယ်ယာရှင်တစ်ဦးနှင့် ဒါရိုက်တာတစ်ဦးတည်းဖြင့် ကုမ္ပဏီ တည်ထောင်နိုင်ခြင်းပင်ဖြစ်သည်။** အဆိုပါ ပြဋ္ဌာန်းချက်ကို စင်ကာပူ၊ မလေးရှား၊ ဟောင်ကောင်၊ ဩစတြေးလျ၊ အမေရိကန်နှင့် ဥရောပအပါအဝင် နိုင်ငံအများစုမှာ တွင်ကျယ်စွာ အသုံးပြုလျက်ရှိသော်လည်း မြန်မာနိုင်ငံအတွက်မူ အသစ်အဆန်းတစ်ရပ်လိုဖြစ်သည်။ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးသာရှိသော ကုမ္ပဏီများကို ကမ္ဘာတစ်ဝန်းတွင် ခွင့်ပြုကြခြင်း၏ အဓိကအကျဆုံးအကြောင်းရင်းမှာ တစ်ဦးတည်းပိုင်လုပ်ငန်းများ၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို တရားဝင်တည်ထောင်နိုင်ရေး အားပေးလိုခြင်းကြောင့် ဖြစ်သည်။ **အစုရှယ်ယာရှင်တစ်ဦးနှင့် ကုမ္ပဏီတည်ထောင်နိုင်ခြင်းကြောင့် အငယ်စားစီးပွားရေးလုပ်ငန်းများသည် လွယ်ကူစွာ**

## ပညာရှင်များ၏ သုတေသနပြု လေ့လာချက်များအရ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး လုပ်ဆောင်မှုအဆင့် သတ်မှတ်ချက် ကောင်းကောင်းရရှိမှုသည် ကုမ္ပဏီထူထောင်မှု တိုးတက်များပြားလာခြင်းနှင့် စီးပွားရေးတိုးတက်မှုအင်အား ကောင်းမွန်လာခြင်းအပေါ် မူတည်ကြောင်းတွေ့ရ

**ကုမ္ပဏီတည်ထောင်နိုင်ပြီး လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ် သက်သာစေသည့် အကျိုးကျေးဇူးကို ရရှိစေသည်။** ထို့အပြင် ကော်ပိုရိတ်အုပ်စုကြီးများ ဖွဲ့စည်းထားသည့် နိုင်ငံခြားကုမ္ပဏီများကလည်း ကုမ္ပဏီရေးရာကိစ္စရပ်များကို လွယ်ကူစွာ စီမံခန့်ခွဲနိုင်သဖြင့် အစုရှယ်ယာရှင်တစ်ဦးတည်းနှင့် ကုမ္ပဏီတည်ထောင်ခြင်းကို နှစ်သက်ကြသည်။

ကုမ္ပဏီများအက်ဥပဒေ ၁၉၁၄ အရ ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်း(လုပ်ငန်းဆောင်ရွက်မှုအနေအထားကို ဖော်ပြချက်)နှင့် သင်းဖွဲ့စည်းမျဉ်း (အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ)ကို ပြင်ဆင်လိုပါက အစုရှယ်ယာရှင်များ၏ အထူးဆုံးဖြတ်ချက်လိုအပ်သည်။ တရားရုံး၏ အတည်ပြုချက်လည်း လိုအပ်သဖြင့် ကုမ္ပဏီများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေသည်။ အချိန်လည်း ကြန့်ကြာသည်။

**ကုမ္ပဏီများ ဥပဒေအသစ်အရ ကုမ္ပဏီများ မှတ်ပုံတင်ရာတွင် သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ တင်ပြရန်မလို။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံစည်းမျဉ်း (အထောက်အထားမှတ်တမ်း)သာ လိုအပ်သည်။** ယင်းစည်းမျဉ်းသည် ဥပဒေသဘောသက်ရောက်သည့် စာချုပ်တွင် အကျုံးဝင်ပြီး ပြင်ဆင်ပြောင်းလဲလိုပါက အစုရှယ်ယာရှင်များ၏ အထူးဆုံးဖြတ်ချက်များဖြင့် ပြုလုပ်နိုင်သည်။ တရားရုံး အတည်ပြုချက်လည်း မလိုသဖြင့် ဝန်ပေါ့သည်။ အချိန်မြန်သည်။

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ၁၉၁၄ တွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် များစွာခေတ်နောက်ကျနေသည်။ နိုင်ငံအများစု၏ ကုမ္ပဏီဥပဒေများတွင် ဒါရိုက်တာများ စီမံခန့်ခွဲရာ၌ ကုမ္ပဏီများအကျိုးစီးပွားအတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ကြသည်။ ထို့ပြင် နိုင်ငံတကာ၌ ဒါရိုက်တာများ၏ တာဝန်ဝတ္တရားများနှင့် ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်တို့ကို ထိန်းချုပ်သည့် ဥပဒေမူဘောင်များအား သိသာစွာ ပြောင်းလဲခဲ့ကြသည်။

**သို့ဖြစ်၍ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်တွင် ဒါရိုက်တာများ၏ တာဝန်ဝတ္တရားများကို နိုင်ငံတကာ၌ ကျင့်သုံးနေသည့် စံနှုန်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် ရည်ရွယ်၍ ထည့်သွင်းဖော်ပြထားသည်။** ဥပဒေအသစ်သည် ခေတ်နှင့်လျော်ညီသည့် စည်းမျဉ်းများကို ပြဋ္ဌာန်းထားပြီး မှတ်ပုံတင်ကုမ္ပဏီများ စီမံခန့်ခွဲမှု၌ ကော်ပိုရိတ်အုပ်ချုပ်မှု စနစ်ပေါ်ထွန်းလာစေရေးအတွက် ရေးဆွဲထားခြင်းဖြစ်သည်။ ကုမ္ပဏီများက ၎င်းတို့၏ စီမံခန့်ခွဲမှုအရေးကိစ္စများကို လိုအပ်သလို ဆောင်ရွက်နိုင်စေပြီး ပိုမိုခိုင်မာသည့် ဥပဒေဖြင့် ထိန်းကျောင်းရန် အသေးစိတ်ပြဋ္ဌာန်းထားခြင်းလည်းဖြစ်သည်။

**နိဂုံး**

ပညာရှင်များ၏ သုတေသနပြုလေ့လာချက်များအရ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး လုပ်ဆောင်မှုအဆင့် သတ်မှတ်ချက် ကောင်းကောင်းရရှိမှုသည် ကုမ္ပဏီထူထောင်မှု တိုးတက်များပြားလာခြင်းနှင့် စီးပွားရေးတိုးတက်မှုအင်အား ကောင်းမွန်လာခြင်းအပေါ် မူတည်ကြောင်းတွေ့ရသည်။ ယခုရေးဆွဲထားပြီးဖြစ်သည့် ကုမ္ပဏီဥပဒေအသစ်သည် အထက်ပါအခြေအနေများကို ဖန်တီးနိုင်ရန် **ကုမ္ပဏီမှတ်ပုံတင်ခြင်း၊ ကုမ္ပဏီအငယ်စားများအတွက် စည်းမျဉ်းစည်းကမ်းများ လျှော့ချပေးခြင်း၊ ကုမ္ပဏီရေးရာကိစ္စများတွင် လုပ်သာကိုင်သာရှိမှု ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ပေးထားခြင်းနှင့် စည်းမျဉ်းစည်းကမ်းလိုက်နာမှု တိုးတက်စေခြင်းများကို အထောက်အကူပြုထားသည်။**

ထို့ပြင် ကုမ္ပဏီများဥပဒေအသစ်သည် မြန်မာနိုင်ငံတွင် ကုမ္ပဏီများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် **စွန့်ဦးတီထွင်မှုကို အားပေးခြင်း၊ အသေးစားလုပ်ငန်းများကို ပံ့ပိုးခြင်းဖြင့် ခိုင်မာသည့် စီးပွားရေးအဖွဲ့အစည်းများ ဖြစ်လာစေခြင်း၊ ကုမ္ပဏီဆိုင်ရာကိစ္စရပ်များကို ပြောင်းလွယ်၊ ပြင်လွယ် ဆောင်ရွက်နိုင်စေရန် ခွင့်ပြုပေးထားခြင်းနှင့် ရှင်းလင်းလွယ်ကူသည့် စည်းမျဉ်းစည်းကမ်းများပါဝင်ခြင်း စသည့်အချက်များနှင့်အညီ ရေးဆွဲထားခြင်းဖြစ်သည်။** တစ်နည်းအားဖြင့် ဥပဒေအသစ်သည် မြန်မာနိုင်ငံ၏ အနာဂတ်ခိုင်မာပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ပုဂ္ဂလိကကဏ္ဍပေါ်ထွန်းလာစေမည့် အခြေခံကောင်းတစ်ခုဖြစ်သည်။

**ချုပ်၍ဆိုရပါမူ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေမူကြမ်း (မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်) သည် မြန်မာနိုင်ငံကို ကုမ္ပဏီများ စီမံခန့်ခွဲမှုနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ကဏ္ဍသစ်နှင့်အတူ ၂၁ ရာစု၏ခေတ်စီးပွားရေး ဝန်းကျင်တစ်ရပ်ဆီသို့ မကြာမီ စတင်ခေါ်ဆောင်သွားတော့မည် ဖြစ်ပါကြောင်း။**

ကျမ်းကိုး။ ။မောင်ဋီကာ၏ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေဆိုင်ရာ ဆောင်းပါးများ။

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ပဲနို့ကြိတ်စက်နှင့်ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်း

**လဟယ် မေ ၁၃**

စစ်ကိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်၊ လေရှီး၊ နန်ယွန်းမြို့နယ်များအတွက် ရွှေပါရမီဖောင်ဒေးရှင်းမှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ပဲနို့ကြိတ်စက်နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မေ ၁၂ ရက်က မာလာတောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆဆိုင်း၊ ဦးစီးအဖွဲ့အတွင်းရေးမှူး ဦးဥက္ကာ၊ ဦးစီးအဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ရွှေပါရမီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးရှိန်ဝင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ကျောင်းကျန်းမာရေးဌာန) ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန (အာဟာရဌာန) လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာလွင်မာလှိုင်နှင့် ဌာနဆိုင်ရာများ တက်ရောက်သည်။

ရှေးဦးစွာ ဦးစီးအဖွဲ့ဥက္ကဋ္ဌက မိမိတို့ဒေသသည် ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးစသည်တို့မှာ ဖွံ့ဖြိုးမှု မရှိသေးကြောင်း၊ ပဲနို့အာဟာရတိုက်ကျွေးခြင်းနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးတင်ကြောင်း ပြောကြားပြီး ရွှေပါရမီဖောင်ဒေးရှင်းဥက္ကဋ္ဌက ပဲနို့ကြိတ်စက်များလှူဒါန်းရခြင်းကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးတို့က ကျောင်းကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းသိကောင်းစရာများ ဆွေးနွေးပြီး ရွှေပါရမီဖောင်ဒေးရှင်းဥက္ကဋ္ဌက ပဲနို့ကြိတ်စက်နှင့် ဆက်စပ်ပစ္စည်းများကို နာဂဒေသ သုံးမြို့နယ်မှ မြို့နယ် စီမံခန့်ခွဲကော်မတီဥက္ကဋ္ဌများကို ပေးအပ်ပေးခဲ့သည်။

ယင်းသင်တန်းကို နည်းပြဆရာသုံးဦးက ငါးရက်တာပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ၁၅ ဦးတက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# မြန်မာ-ထိုင်း နှစ်နိုင်ငံပိုင် မယ်ဆိုင်-မယ်ဟောက်ချောင်းတစ်လျှောက် ချောင်းရေတိုက်စားမှုကာကွယ်ရန် ဦးစားပေးရှစ်နေရာအနက် နှစ်နေရာအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်



**တာချီလိတ် မေ ၁၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မေ ၈ ရက်မှ ၉ ရက်အထိ ကျင်းပသော မယ်ဆိုင်-မယ်ဟောက်ချောင်း ရေခွဲဝေအသုံးချရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးဆိုင်ရာ ဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံပိုင် မယ်ဆိုင်-မယ်ဟောက်ချောင်း တစ်လျှောက် ချောင်းရေတိုက်စားမှု ကာကွယ်ရန် ဦးစားပေးရှစ်နေရာရှိသည့်အနက် နှစ်နေရာအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် မိမိတို့နိုင်ငံနယ်နိမိတ် မထိခိုက်မဆုံးရှုံးစေရေး၊ နှစ်နိုင်ငံချောင်း ရေစီးကြောင်း ပြောင်းလဲမှုမရှိစေရေး၊ နယ်နိမိတ်ရည်ညွှန်းမှတ်တိုင်များ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် မယ်ဆိုင်-မယ်ဟောက်ချောင်း နှစ်နိုင်ငံနယ်နိမိတ်မြစ်ကြောင်းများ ရေခွဲဝေအသုံးချဆောင်ရွက်မှုများနှင့်စပ်လျဉ်းပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် မယ်ဆိုင်-မယ်ဟောက်ချောင်း ရေခွဲဝေအသုံးချရေး မြစ်ကြောင်းထိန်းသိမ်းရေးဆိုင်ရာ ဆပ်ကော်မတီဝင်များက မြန်မာ-ထိုင်း နှစ်နိုင်ငံပိုင် မယ်ဆိုင်-မယ်ဟောက်ချောင်းအတွင်း လက်ရှိထိုင်းနိုင်ငံမှ ဆောက်ရွက်ထားသော အတားအဆီးများအားလုံးကို ဦးစွာဖယ်ရှားရှင်းလင်းပြီးမှသာ ထိုင်းနိုင်ငံအနေဖြင့် ချောင်းရေတင်ခြင်း (သို့မဟုတ်) အခြားသင့်လျော်သည့် အစီအမံအား နှစ်နိုင်ငံသဘောတူညီချက်ဖြင့် ဆောင်ရွက်သွားနိုင်ရေး ထိုင်းနိုင်ငံဘက်သို့ ဆွေးနွေးသွားရန်၊ ထိုင်းနိုင်ငံအနေဖြင့် အဆိုပါ အချက်များအား သဘောတူညီမှု မရမီကာလအတွင်း စိုက်ပျိုးရေကို မဖြစ်မနေအသုံးပြုရမည်ဖြစ်သည့်အတွက် ချောင်းရေတင်ခြင်းလုပ်ငန်းနှင့် အခြားနည်းလမ်းဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမပြုမီ မယ်ဆိုင်-မယ်ဟောက်ချောင်းအတွင်း ထိုင်းနိုင်ငံဘက်မှ အဆိုပြုလာသည့် ယာယီဝါးငုတ်များရိုက်ပြီး ပလတ်စတစ်ကာရံခြင်းအား နှစ်ဖက်ဆပ်ကော်မတီ၏ ညှိနှိုင်းခွင့်ပြုချက်ဖြင့် သတ်မှတ်ကာလအတွင်း၌သာ ဆောင်ရွက်သွားရန်။

နှစ်ဖက်ဆပ်ကော်မတီ၏ ညှိနှိုင်းခွင့်ပြုချက်ဖြင့် တည်ဆောက်ထားသော အတားအဆီးများအားလုံးကို သတ်မှတ်ကာလကျော်လွန်သည့်အထိ ပြန်လည်ဖယ်ရှားခြင်းမပြုပါက မြန်မာဘက်ဆပ်ကော်မတီမှ အဆိုပါအတားအဆီးများအားလုံး ပြန်လည်ဖယ်ရှားရှင်းလင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး နောင်တစ်ချိန် ထပ်မံဆောင်ရွက်ခြင်းအား မြန်မာဘက် ဆပ်ကော်မတီအနေဖြင့် သဘောတူခြင်းမပြုရန်၊ မြန်မာနိုင်ငံ၏ နယ်နိမိတ်မြစ်ချောင်းရေခွဲဝေသုံးစွဲခြင်း၊ မြစ်ကြောင်းထိန်းသိမ်းခြင်း၊ နယ်နိမိတ်မြစ်ချောင်းအတွင်း သယံဇာတတူးဖော်ခြင်း ကိစ္စရပ်များနှင့်ပတ်သက်၍ နယ်နိမိတ်တစ်လျှောက်တွင် နေထိုင်ကြသော ဒေသခံပြည်သူများအား လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများမှတစ်ဆင့် အသိပညာပေး လုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဆပ်ကော်မတီတွင် ပါဝင်သည့် ဌာနဆိုင်ရာများမှ ပညာရပ်ပိုင်းဆိုင်ရာ အချက်အလက်များအား တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ ဒေသခံပြည်သူလူထုများထံ အသိပညာပေး လုပ်ငန်းများအား လစဉ်ကြီးကြပ်ဆောင်ရွက်သွားရန်။

မယ်ဆိုင်- မယ်ဟောက်ချောင်းရေအား သာတူညီမျှအသုံးချခြင်း၊ ချောင်းရေစီးကြောင်း မပြောင်းလဲမပျက်စီးစေရန်နှင့် ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် ထိုင်းနိုင်ငံဘက်မှ ရေရယူရန် ရေသွယ်တူးမြောင်းများ မူလထက် အကျယ်ချဲ့ခြင်း၊ အနက်တူးဖော်ခြင်းများ ပြုလုပ်မည်ဆိုပါက မြန်မာဘက်ဆပ်ကော်မတီသို့ ညှိနှိုင်းသဘောထားရယူဆောင်ရွက်သွားရန်၊ မယ်ဆိုင်-မယ်ဟောက်ချောင်း ရေစီးရေလာကောင်းမွန်ရေး၊ ရေကြီးရေလျှံများ မဖြစ်ပေါ်စေရေး၊ ချောင်းရေစီးကြောင်း မပြောင်းလဲမပျက်စီးစေရေးနှင့် မယ်ဆိုင်ချောင်းအတွင်း အတားအဆီးများ လျှော့ချဆောင်ရွက်နိုင်ရေးအတွက် (BRP-392) အနီးရှိ တစ်ဖက်ထိုင်းနိုင်ငံ(မိန်းငမ်းတူးမြောင်း) ရေသွယ်တူးမြောင်း(Leading Cha-mmel)အား သဲနုန်းများတူးဖော်ဖယ်ရှားရေးအသိပညာပေး အကြောင်းကြားသွားရန်၊ မယ်ဆိုင်-မယ်ဟောက်ချောင်း တစ်လျှောက် ချောင်းရေစီးကြောင်း ပြောင်းလဲမှုအား စောင့်ကြည့်နိုင်ရေးနှင့် ရေကြီးရေလျှံမှု ကာကွယ်နိုင်ရေးအတွက် အဆိုပါချောင်းတစ်လျှောက် နယ်နိမိတ်ပတ်လမ်းနှင့် တာချီလိတ်မြို့ရှောင်လမ်းဖောက်လုပ်နိုင်ရေးကို ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြသွားရန်၊ မယ်ဆိုင်ချောင်းရေတိုက်စားမှုကြောင့် မိမိနိုင်ငံပိုင်မြေ မဆုံးရှုံးစေရေးအတွက် မယ်ဆိုင်-မယ်ဟောက်ချောင်းတစ်လျှောက် ကာကွယ်ဆောင်ရွက်ပေးရန် ဦးစားပေးရှစ်နေရာရှိသည့်အနက် နှစ်နေရာအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ဦးစားပေးခြောက်နေရာအား ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေ(သို့မဟုတ်) ပြည်ထောင်စုအစိုးအဖွဲ့၏ အရေးပေါ်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ရေး တင်ပြသွားရန်၊ မယ်ဆိုင်-မယ်ဟောက်ချောင်း ထိန်းသိမ်းရေးလုပ်ငန်းနှင့် အရေးပေါ်ဆောင်ရွက်မည့်လုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် တာချီလိတ်မြို့နယ်ဆည်မြောင်းဦးစီးဌာနတွင် ဘက်ဟိုးယာဉ်တစ်စီး ထားရှိနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆောင်ရွက်ပေးရေး တင်ပြသွားရန်၊ သဘာဝဘေးအန္တရာယ်ကြောင့် သော်လည်းကောင်း၊ နှစ်ဖက်သဘောတူညီမှုမရှိဘဲ မယ်ဆိုင်ချောင်းအတွင်း ဆောင်ရွက်ထားသည့် အတားအဆီးများအား လည်းကောင်း၊ ဖယ်ရှားရှင်းလင်းခြင်းနှင့် ဆပ်ကော်မတီအစည်းအဝေးဆိုင်ရာကိစ္စရပ်များတွင် အသုံးပြုနိုင်ရေးတို့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရန်ပုံငွေရရှိနိုင်ရေးတင်ပြသွားရန်၊ တက်ရောက်လာသော အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများအကြံပြုဆွေးနွေးချက်များအရ မယ်ဆိုင်-မယ်ဟောက်ချောင်းရေအား သာတူညီမျှအသုံးချခြင်းနှင့် ချောင်းရေစီးကြောင်း မပြောင်းလဲမပျက်စီးစေရန် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် စိုက်ပျိုးရေးအတွက်လိုအပ်သော ချောင်းရေကို အတားအဆီးပြုလုပ်၍ ဆောင်ရွက်မည့် စနစ်အစား လျှပ်စစ်(သို့မဟုတ်)အင်ဂျင်ဖြင့် အသုံးပြုသော ရေတင်စနစ်ဖြင့်သာ ဆောင်ရွက်ရန်၊ မယ်ဆိုင်-မယ်ဟောက်ချောင်းရေခွဲဝေအသုံးချရေးနှင့် မြစ်ကြောင်း ထိန်းသိမ်းရေးဆိုင်ရာဆပ်ကော်မတီများနှစ်ဖက်တွေ့ဆုံမည့် အဆိုပြုကမ်းလှမ်းချက်အား ၂၀၁၇ ခုနှစ် ဇွန်လနောက်ဆုံးပတ်တွင် တွေ့ဆုံနိုင်ရေး ညှိနှိုင်းသွားရန် နှစ်နိုင်ငံ နယ်စပ်ဒေသ၌ ကြုံတွေ့ရသော အခက်အခဲများနှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး သဘောတူဆုံးဖြတ်ညှိနှိုင်းခဲ့သည်။

ညှိနှိုင်းအစည်းအဝေးသို့ မယ်ဆိုင်-မယ်ဟောက်ချောင်းရေခွဲဝေအသုံးချရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညဏ်လင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ဦးစီးမှူး(ဒုတိယတန်း) ဗိုလ်မှူးမျိုးကိုကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရေတပ်ပင်မတိုင်းတာရေးတပ်၊ ရေပုံထုတ်လုပ်ရေးဌာန၊ ဌာနမှူး ဗိုလ်မှူး ဝေယံတင်ဦး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးပုညဝင်းအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြေတိုင်းဦးစီးဌာန၊ လမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာ-ထိုင်းမြို့နယ်အဆင့် နယ်ခြားကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်သွင်ဦးနှင့် မယ်ဆိုင်-မယ်ဟောက်ချောင်းရေခွဲဝေအသုံးချရေး၊ မြစ်ကြောင်းထိန်းသိမ်းရေးဆိုင်ရာ ဆပ်ကော်မတီအတွင်းရေးမှူး တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# မြို့တော်ပြည်သူ့နီတိပြိုင်ပွဲ ငွေသားအပြင် ရွှေပြားများပါ ချီးမြှင့်

**ရန်ကုန် မေ ၁၃**

စည်းကမ်းကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သော လူငယ်၊ လူရွယ်များ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကြီးမှူးကျင်းပခဲ့သော မြို့တော်ပြည်သူ့နီတိပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၁၂ ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပသည်။



အဆိုပါအခမ်းအနားသို့ မြို့တော်ဝန် ဦးမောင်မောင်စိုး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြိုင်ပွဲကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော စာရေးဆရာကြီးများ၊ မြို့တော်စည်ပင်မှ တာဝန်ရှိသူများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ စုံညီစွာ တက်ရောက်ကြသည်။

“ရန်ကုန်မြို့တော်ရဲ့အခြေအနေကို လေ့လာကြည့်မယ်ဆိုရင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်တာတွေ၊ ကျူးကျော်တဲထိုးတာတွေ၊ စည်းကမ်းမဲ့လမ်းဘေးဈေးရောင်းချတာတွေ၊ စည်းကမ်းမဲ့ ရေနဲ့မီး မီတာပျောက်ဆုံးမှုတွေရှိမှာ ဖြစ်ပါတယ်။ ဒါတွေဟာ စည်းကမ်းမဲ့လို့၊ စည်းကမ်းလိုက်နာမှုအားနည်းလို့ ဖြစ်ပွားနေတယ်ဆိုတာ အထင်အရှားတွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လိမ္မာရေးခြားရှိပြီး စည်းကမ်းလိုက်နာတတ်တဲ့ လူငယ်လူရွယ်တွေ ပေါ်ထွက်လာစေဖို့ ဒီကနေ့ မြို့တော်ပြည်သူ့နီတိပြိုင်ပွဲကြီးကို ကျင်းပရခြင်းဖြစ်ပါတယ်” ဟု ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက အဆိုပါအခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် မြို့တော်ပြည်သူ့နီတိပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက မြို့တော်ဝန် ဦးမောင်မောင်စိုးက ဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပေးသည်။

မြို့တော်ပြည်သူ့နီတိပြိုင်ပွဲအထက်တန်းအဆင့်တွင် အထက(၂) ကမာရွတ် နဝမတန်းမှ မမေမြတ်မိုးက ပထမ၊ အထက(၂)စမ်းချောင်း နဝမတန်းမှ မစံထားလှိုင်က ဒုတိယ၊ သုခအလင်းမြောက်ဒဂုံ ဒသမတန်းမှ မနေဦးအိန္ဒြေက တတိယနှင့်အထူးဆု ၁၀ ဦး၊ အလယ်တန်းအဆင့်တွင် International School သတ္တမတန်းမှ မဟန်စုယဉ်က ပထမ၊ အထက (၂) အင်းစိန်ဆဋ္ဌမတန်းမှ မဖြိုးပြည့်ပြည့်ကျော်က ဒုတိယ၊ TTC ကမာရွတ် ဆဋ္ဌမတန်းမှ မဆုလာဘ်ရတနာက တတိယနှင့် အထူးဆု ၁၇ ဦး၊ မူလတန်းအဆင့်တွင် အထက (၁) ဒဂုံ စတုတ္ထတန်းမှ မဆုမြတ်ရတနာက ပထမ၊ အမက (၂၈) လှိုင်သာယာ စတုတ္ထတန်းမှ မောင်ကောင်းဆက်သန့်က ဒုတိယ၊ အထက(၂)တာမွေ ဒုတိယတန်းမှ မကြယ်စင်လင်းက တတိယနှင့် အထူးဆု ၁၂ ဦးတို့က ဆုများဆွတ်ခူးခဲ့ကြသည်။

အဆိုပါအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်တို့တွင် ပထမဆုငွေကျပ် ငါးသိန်းနှင့် ရွှေတစ်ကျပ်သား၊ ဒုတိယဆု ငွေကျပ်လေးသိန်းနှင့် ရွှေသုံးမက်သား၊ တတိယဆုငွေကျပ် သုံးသိန်းနှင့် ရွှေတစ်မက်သားစီနှင့် အထူးဆုများအတွက် ငွေကျပ်နှစ်သိန်း ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ ကျောင်းသား ကျောင်းသူများသည် လသာ အထက(၂) ၌ ရေးဖြေစာမေးပွဲကို ဧပြီ ၂၈ ရက်နှင့် မေ ၅ ရက်တွင် မြို့တော်ခန်းမ၌ နှုတ်ဖြေစာမေးပွဲတို့ကို ဖြေဆိုခဲ့ရပြီး နှစ်ခုပေါင်းရမှတ် အများဆုံးရရှိ သူများကို ဆုရွေးချယ်ချီးမြှင့်ခဲ့ပြီး ရန်ကုန်တိုင်းတစ်တိုင်းလုံးမှ ဝင်ရောက်ဖြေဆိုသော ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



အမှတ်(၁၀၁)မူးယစ်တပ်ဖွဲ့စုမှ ရဲအုပ်လှမင်း ဦးဆောင်၍ ယာဉ်ထိန်း ဒုရဲအုပ် ကျော်မင်းဦး၊ ရွှေတွင်းကုန်းမြို့မရဲစခန်းမှ ဒုရဲအုပ် သက်ဆွေနှင့်အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်ရှိ ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာပညာဗိမာန်ဘော်ဒါဆောင်အနီးနှင့် ရင်ခွဲပင်ကျေးရွာ ခရေပင်လမ်းခွဲတို့တွင် မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းပညာပေးခြင်း၊ မူးယစ်ဆေးဝါးကင်းစင်ရေး၊ လူကုန်ကူးမှုအသိပညာပေးခြင်းများ မေ ၁၂ ရက်က ဆောင်ရွက်နေသည်ကို တွေ့ရစဉ်

ဟိန်းထက်ဇော်(မြန်မာ့အလင်း)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၃**

နေပြည်တော်နှင့်ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**(မိုး/ဇလ)**

# ဖျာပုံမြို့နေလူထုသို့ တစ်ရက်လျှင် ရေဂါလန်ခြောက်သိန်းဖြန့်ဝေရေးလုပ်ငန်းစတင်



ဖျာပုံမြို့နေ လူထုသို့ တစ်ရက်လျှင် ရေဂါလန်ခြောက်သိန်း ဖြန့်ဝေပေးမည့် ရေပေးဝေရေးအဆောက်အအုံကို တွေ့ရစဉ်

**ဖျာပုံ မေ ၁၃**

JICA (ODA Loan)MY-P1ဖြင့် ဆောင်ရွက်သည့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်ရှိ လူထုသို့ တစ်ရက်လျှင် ရေဂါလန် ခြောက်သိန်းဖြန့်ဝေမည့် ရေပေးဝေရေးလုပ်ငန်းကို မေ ၁၃ ရက် နံနက် ၈ နာရီက စတင်ဖြန့်ဝေလိုက်ပြီဖြစ်ကြောင်း သိရသည်။

"ဧရာဝတီတိုင်းဒေသကြီးမှာ အခုဖွင့်လှစ်လိုက်တဲ့ ရေပေးဝေရေးစီမံကိန်းက ဧရာဝတီမှာ အရင်ဆုံးဖွင့်လှစ်တဲ့ တိုင်းဒေသကြီးအတွင်းက စီမံကိန်းဖြစ်၍ စည်ပင်သာယာရေးကော်မတီဝင်တွေလေ့လာရတဲ့ စံပြဖြစ်တယ်လို့ သိရပါတယ်။ ဒေသခံတစ်ယောက်အနေနဲ့ ဝမ်းသာဂုဏ်ယူပါတယ်။ ရရှိတဲ့အခွင့်အရေးကို ကြာရှည်စွာ အကျိုးရှိရှိသုံးနိုင်ဖို့က ဒေသခံပြည်သူနဲ့ စည်ပင်သာယာရေးကော်မတီဝင်တို့ တစ်ဦးချင်းစီမှာ တာဝန်ရှိပါတယ်"ဟု ဖျာပုံမြို့နယ်မှ ဦးသန်းဦးက ပြောသည်။

မြို့ခံလူဦးရေနှစ်သောင်းငါးထောင်ခန့်ကို အကျိုးပြုမည့် အဆိုပါ မြစ်ရေတင် ရေပေးဝေရေးလုပ်ငန်းကို JICA (ODA Loan) ဂျပန်နှစ်ရှည် ချေးငွေစနစ်ဖြင့် ၂၀၁၆ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ပြီး တစ်နှစ်ကျော်ကြာမြင့်ခဲ့ကြောင်း သိရသည်။

"ဒီစီမံကိန်းအကောင်အထည်ဖော်ခဲ့တဲ့ ချေးငွေက ဂျပန်နှစ်ရှည် ချေးငွေစနစ်ဖြစ်ပါတယ်။ ဒီချေးငွေနဲ့ပတ်သက်ပြီး ပြည်သူတွေက ဘယ်လိုပြန်ဆပ်ရမှာလဲဆိုတဲ့အပေါ် စိတ်ဝင်စားမှုရှိနေပါတယ်။ ဆပ်ရမယ့်ပုံစံက ပထမ ၁၀ နှစ်မှာ အတိုးသာဆပ်ရပါမယ်၊ ဆပ်ရမယ့် အတိုးနှုန်းက တစ်နှစ်လျှင် ငွေကျပ်တစ်သောင်းအပေါ် တစ်ကျပ်တိုးဖြစ်ပါတယ်၊ ဆယ်နှစ်ပြည့်မြောက်သည့် နှစ်မှစ၍ နောင်နှစ် ၃၀ အထိ အတိုးအရင်း အရစ်ကျ ခွဲဝေပေးဆပ်ရမယ့်စနစ်ဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဦးက ပြည်သူသို့ ရှင်းပြသည်။ အဆိုပါ ရေပေးဝေရေးလုပ်ငန်းအတွက် ရေကိုဖျာပုံမြစ်အတွင်းမှ စုပ်ယူသန့်စင်ပြီး တစ်ယူနစ်လျှင် ကျပ် ၄၀၀ နှုန်းဖြင့် အိမ် အရောက် ရေပေးဝေသည့်စနစ်ဖြင့် ဖျာပုံမြို့ပေါ် ရပ်ကွက် ၁၃ ခုသို့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# လူထုဗဟိုပြုစီမံကိန်းဖော်ရာတွင် လိုအပ်ချက်များရှိသည်ဟုဆိုကာ မကျေနပ်ချက်ဖော်ထုတ်မှုများရှိခဲ့ရာ ၇၂၆၁ ခုကို ပြန်လည်ဖြေရှင်းပေးခဲ့ပြီးဖြစ်

**မုံရွာ မေ ၁၃**

လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူလူထုကသာလျှင် အကောင်အထည်ဖော်၍ ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်နေသော်လည်း စီမံကိန်းလိုအပ်ချက်များ ရှိနေသည်ဟုဆိုကာ မကျေနပ်ချက်များ ဖော်ထုတ်မှုများရှိခဲ့ရာ ၇၂၆၁ ခုကို ပြန်လည်ဖြေရှင်းပေးခဲ့ပြီးဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က မုံရွာမြို့တွင် မေ ၉ ရက်က ပြုလုပ်သော မြို့နယ်ရွေးချယ်ရေး အကြံဉာဏ်ရယူခြင်းအခမ်းအနားတွင် ပြောကြားသည်။

"ငွေကြေးစီမံခန့်ခွဲမှုစတဲ့ ဘဏ္ဍာငွေသုံးစွဲတဲ့စနစ်ကို ပြည်သူလူထုကသာ စီမံခန့်ခွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေး နှစ်ကစပြီး နိုင်ငံတော်ဘတ်ဂျက်က အမေရိကန်ဒေါ်လာ ငါးသန်းနဲ့ညီတဲ့ ၆၄၂၅ ကျပ်သန်း ထည့်ဝင်သလို အခုနှစ်မှာလည်း ၅၉၂၅ ကျပ်သန်း ထပ်မံထည့်ဝင်ခဲ့ပါတယ်။ စီမံကိန်းရဲ့အကျိုးရလဒ်တွေအနေနဲ့ စတုတ္ထနှစ်စက်ဝန်းအထိ ၄၇ မြို့နယ်မှာရှိတဲ့ ကျေးရွာအုပ်စု ၁၃၉၄ စု၊ ကျေးရွာ ၈၆၄၃ ရွာမှာအခြေခံအဆောက်အအုံ အမျိုးအစားပေါင်း ၇၀၃၀ ကျော်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ အကောင်အထည်ဖော်ဆောင်ရွက်တာနဲ့အတူ စီမံကိန်းမှာ အခြားထည့်သွင်းဆောင်ရွက်မှုတွေ အနေနဲ့ လူမှုကာကွယ် ဆောင်ရွက်တာနဲ့ ရေလှူဒါန်းမှုဟာ ၁၀၂၇ ခုရှိပါတယ်။ ဒီနေရာမှာ ဘယ်လောက်ပဲ ကောင်းအောင်ဆောင်ရွက်နေတဲ့ စီမံကိန်းဖြစ်ပါစေ၊ လိုအပ်ချက်တွေရှိတဲ့အတွက် မကျေနပ်ချက်တွေ ဖော်ထုတ်ရာမှာ ၇၂၆၁ ခုကို ဖြေရှင်းပေးခဲ့ပြီး ဖြစ်ပါတယ်" ဟု အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က ပြောသည်။

လူထုဗဟိုပြုစီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် လက်ရှိတွင် ပင်လည်ဘူး၊ ဗန်းမောက်နှင့် မြောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၄၇ စု၏ ကျေးရွာပေါင်း၅၆၆ ရွာတွင် အခြေခံအဆောက်အအုံအမျိုးအစား ၁၀၂၄ ခုကို ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လူထုဗဟိုပြုစီမံကိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DRD) မှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းကို နိုင်ငံတော်၏ထည့်ဝင်ငွေများ၊ ကမ္ဘာ့ဘဏ်နှင့် အီတလီအစိုးရတို့၏ ရန်ပုံငွေများ စုစုပေါင်းရန်ပုံငွေအမေရိကန်ဒေါ်လာ ၅၃၂ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး စီမံကိန်းကာလကို ၂၀၂၁ ခုနိုဝင်ဘာလအထိ လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ပခုက္ကူခရိုင်တွင် ဆည်တမံများရေဝင်ရောက်မှုနည်းပါးခြင်းကြောင့် လျာထားကေပြည့်မီအောင် စိုက်ပျိုးပေးနိုင်ခြင်းမရှိဟုဆို



လယ်တီရေလှောင်ဆည်အတွင်း ရေဝင်ရောက်မှု အခြေအနေကို တွေ့ရစဉ်

**ပခုက္ကူ မေ ၁၃**

ပခုက္ကူခရိုင်တွင် ဆည်တမံ စုစုပေါင်း ၃၁ ခုရှိသော်လည်း မိုးခေါင်ရပ်ဝန်းဒေသဖြစ်သဖြင့် ဆည်အတွင်း ရေဝင်ရောက်မှုနည်းပါးခြင်းကြောင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စိုက်ပျိုးသီးနှံများ လျာထားကေ ပြည့်အောင်စိုက်ပျိုးနိုင်ခြင်းမရှိကြောင်း ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ခရိုင်) ဦးစီးမှူးရုံးက သိရသည်။

"ပခုက္ကူခရိုင်မှာ ဆည်တမံပေါင်း ၃၁ ခု၊ ဂန့်ဂေါခရိုင်မှာ နှစ်ခုရှိပါတယ်။ ၁၀ နှစ် ပျမ်းမျှ မိုးရွာမှုအနေနဲ့ ပခုက္ကူခရိုင်မှာ မိုးရွာရက် ၄၀ နှင့် မိုးရေချိန် ၂၄ ဒသမ ၀၀ လက်မရှိကာ ဆည်တမံများ အတွင်း ရေဝင်ရောက်မှု နည်းပါးလာတာကြောင့် ဒေသခံတောင်သူများကို ၂၀၁၆-၂၀၁၇ ခုနှစ်မှာ စိုက်ပျိုးသီးနှံများ လျာထားကေပြည့်အောင် မစိုက်ပျိုးပေးနိုင်ခဲ့ပါဘူး။ တချို့စိုက်ပျိုးတောင်သူများကတော့ ဆည်တမံအတွင်း ရေပေါများစွာပေးဝေနေပေမယ့် မိမိတို့ဘက်က စိုက်ပျိုးသီးနှံများ စိုက်ပျိုးခြင်းကို စိတ်ဝင်စားမှုနည်းပါးနေတာလည်း တွေ့မြင်ကြရပါတယ်။

"ပခုက္ကူမြို့နယ်အတွင်းရှိ အင်းဘက်တမံ၊ ဂျိုးပုံတမံ၊ မကျီးသုံးပင် တမံ၊ စဘေတမံနှင့် ခင်ကြီးဘလောက်တမံ၊ ငါးခုမှာ မိုးရွာသွန်းမှုအခြေအနေအရ ရေဝင်ရောက်မှုနည်းပါးခြင်း၊ ရေဝင်ရောက်မှုမရှိခြင်းနှင့် ရေဝင်ရောက်မှုရှိပါကလည်း တမံအတွင်း ရေမနေသည့်အတွက် ဒေသခံစိုက်ပျိုးတောင်သူများအား စိုက်ပျိုးရေပေးဝေနိုင်ခြင်းမရှိဘဲ နှစ်စဉ် မိုးစပါး၊ နွေစပါးစိုက်ပျိုးပေးနိုင်ခြင်း မရှိပါဘူး။ ရေစကြိုမြို့နယ်အတွင်းရှိ ဆင်ချောင်းတမံ၊ ငွေးချိုတမံ၊ မြေခဲတောင်တမံ၊ ခင်မွန်တမံ၊ ဆင်ကြို့တမံ ငါးခုရှိတဲ့အနက် မြေခဲတောင်တမံများမှာ မိုးရွာသွန်းမှုအခြေအနေအရ ရေဝင်ရောက်မှုနည်းသည့်နှစ်များတွင် မိုးစပါး စိုက်ပျိုးလေ့ရှိပြီး နွေစပါးစိုက်ပျိုးနိုင်ခြင်း မရှိပါဘူး။ မိုးရွာသွန်း၍ ရေများစွာဝင်ရောက်သည့် နှစ်များတွင် မိုးစပါး/နွေစပါးနှစ်မျိုးလုံးစိုက်ပျိုးနိုင်တယ်။ မြိုင်မြို့နယ်မှာ ဆည်တမံ ၁၀ ခုရှိတဲ့အနက် မြိုင်ချောင်းအပါအဝင် ငါးခုမှာ ရေသိုလှောင်နိုင်မှုအရ နှစ်စဉ်မိုးစပါး/နွေစပါးနဲ့ အခြားသီးနှံများ စိုက်ပျိုးနိုင်ပါတယ်။ ဆိပ်ဖြူမြို့နယ်တွင်း ဆည်တမံ ကိုးခုရှိတဲ့အနက် ဝန်ချောင်းတမံနှင့် ဝန်လိုတမံမှာ ရေဝင်ရောက်မှုနည်းသော်လည်း တမံအတွင်း ရေနေတဲ့အတွက် နှစ်စဉ် မိုးစပါး/နွေစပါး စိုက်ပျိုးနိုင်တယ်။ ကျန်သည့်ဆည်တမံများမှာ ရေဝင်ရောက်မှုနည်းပါးခြင်း၊ ရေဝင်ရောက်မှုမရှိခြင်း၊ သဲနုန်းများပို့ချမှုများကြောင့် စိုက်ပျိုးရေပေးဝေနိုင်ခြင်းမရှိပါဘူး။ မိုးရွာသွန်းမှုအခြေအနေအရ မိုးများတဲ့နှစ်များတွင် မိုးစပါးသာ စိုက်ပျိုးနိုင်ပါတယ်။ ပခုက္ကူခရိုင်အတွင်းရှိ စိုက်ပျိုးတောင်သူအများစုဟာ နွေစပါး/မိုးစပါးကိုသာ အဓိကစိုက်ပျိုးကြပါတယ်။

"ပခုက္ကူခရိုင်အတွင်းရှိ ဆည်ရေဖြင့် စိုက်ပျိုးနိုင်မှုမှာ ၂၀၁၆-၂၀၁၇ ခုနှစ် လျာထားစိုက်ပျိုးကေမှာမိုးစပါး ၂၆၈၉ ကေလျာထားခဲ့ပြီး ၂၆၅၃ ကေစိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးလျာထားကေ ၃၉၂ ကေလျာထားသော်လည်း ၃၂၃ ကေသာ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဂန့်ဂေါခရိုင်အတွင်းရှိ ဆည်ရေဖြင့် မိုးစပါး ၃၈၁၇ ကေ၊ နွေစပါး ၃၂၃ ကေ စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပါတယ်။

"အလားတူ ဆည်တမံများအားလုံးကိုလည်း ယခုအခါပြုပြင်ထိန်းသိမ်းခြင်းဘက်စုံလုပ်ငန်းများကို ဆောင်ရွက်ပေးနေပါတယ်။ ယခုဆို ပခုက္ကူခရိုင်အတွင်းရှိ သောက်သုံးရေရှားတဲ့ ကျေးရွာများတွင်းလည်း စက်ရေတွင်းများ အောင်မြင်စွာတူးဖော်ပေးနိုင်ခဲ့ပါတယ်"ဟု ပခုက္ကူခရိုင်၊ ဂန့်ဂေါခရိုင်၏ တာဝန်ခံဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ပခုက္ကူခရိုင်ရုံး) ဦးဇော်ဦး လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)က ဆိုသည်။

ပခုက္ကူခရိုင်မှာ အသားတင်စိုက်ပျိုးနိုင်သည့် မြေယာမှာ ၇၄၀၈၂၂ ဧကရှိပြီး ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ဆည်/ကန် မြစ်ရေတင်စသည့်ရေများဖြင့် နွေစပါး/မိုးစပါးနှင့် အခြားသီးနှံ ၇၉၀၆၁၁ ဧကစိုက်ပျိုးပေးနိုင်ခဲ့ကြောင်း၊ ယခုနွေသီးနှံများအနေဖြင့် နွေစပါး/နွေနှမ်းကို အဓိက စိုက်ပျိုးပေးထားကြောင်း ပခုက္ကူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ဝင်းထံက သိရသည်။

ပခုက္ကူခရိုင်အတွင်းရှိ ဆည်တမံများသည် ရေဝင်ရောက်မှု နည်းပါးခြင်းကြောင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စိုက်ပျိုးသီးနှံများ လျာထားကေကို ပြည့်မီအောင် စိုက်ပျိုးနိုင်မှုမရှိသလို ဆည်ရေရရှိသည့် စိုက်ပျိုးတောင်သူများမှာလည်း စိုက်ပျိုးရေးလုပ်ငန်းကို စိတ်ဝင်စားမှုမရှိကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ထပ်မံပြောကြားသည်။

**ကျော်ကျော်(မလှိုင်)**

# ကန့်ဘလူခရိုင်တွင် နွားများရောဂါဖြစ်ပွားပြီး သေဆုံးမှုများရှိနေသဖြင့် ကာကွယ်ကုသပေးနေ

**ကန့်ဘလူ မေ ၁၃**

ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် မေ ၁၀ ရက်က ထန်းပင်ကုန်းကျေးရွာအနီး တောင်တလုံးတောတိုက်၌ နွားများရောဂါဖြစ်ပွား၍ သေဆုံးမှုများရှိခဲ့ပြီး ပေါင်ပုပ်လက်ပုပ်ရောဂါဖြင့် နွားထီးနှစ်ကောင်၊ ဆီးချုပ်ဝမ်းချုပ်ဖြင့် နွားမနှစ်ကောင်သေဆုံးခဲ့ကြောင်း သိရသည်။ အဆိုပါနေ့တွင် ကျွန်းလှမြို့နယ်နှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ထွေ/အုပ် စာရေးဝန်ထမ်းများ၊ မွေး/ကုသင်တန်းဆင်း ကျန်းမာရေးလုပ်သားများသည် ၎င်းနွားသေဆုံးမှုဖြစ်ပွားခဲ့သော တောတိုက်နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဆက်လက်၍ ရောဂါကူးစက် ပြန့်ပွားမှုမရှိစေရေးကာကွယ်ဆေးများ ထိုးနှံပေးရန် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မေ ၁၁ ရက်က ကျွန်းလှမြို့နယ် မွေး/ကုဦးစီးမှူးနှင့်ဝန်ထမ်းများက တောင်တလုံးတောတိုက်၌ ကျွဲ/နွား ၈၈ ကောင်၊ ထန်းပင်ကုန်းကျေးရွာတွင် ကျွဲ၊ နွား ၁၂၄ ကောင်ကို ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။ မြို့နယ်မွေး/ကု ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မေ ၁၁ ရက်က တောင်တလုံးတောတိုက်နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများဖြစ်သော မြိုင်သာယာကျေးရွာတွင် နွား ၁၀၂ ကောင်၊ အင်ကြင်းစုကျေးရွာတွင် ကျွဲ ၂၄ ကောင်၊ နွား ၂၂၈ ကောင်၊ မေ ၁၂ ရက်က အင်ကြင်းမြိုင်ကျေးရွာတွင် နွား ၁၇၉ ကောင်တို့ကို ပေါင်ပုပ်လက်ပုပ် ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပြီး ယင်းတောတိုက်နှင့် အနီးဝန်းကျင်ကျေးရွာများတွင်လည်း ကာကွယ်ဆေးများ ထိုးနှံပေးမည်ဖြစ်ကြောင်း မြို့နယ် မွေး/ကုဦးစီးမှူး ဒေါက်တာကျော်ဝင်းထံမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



**နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# မြောက်ဦးမြို့၌ (၈၉)ကြိမ်မြောက် သျှစ်သောင်း၊ထုက္ကန်၊အံတော်သိမ် ဘုရားများ ရခိုင်ရိုးရာ လှေလှော်ပြိုင်ပွဲကျင်းပ

**မြောက်ဦး မေ ၁၃**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရခိုင်ရှေးဟောင်းသမိုင်းဝင် အထင်ကရ ဘုရားစေတီပုထိုးများဖြစ်သော သျှစ်သောင်း၊ ထုက္ကန်၊ အံတော်သိမ်ဘုရားများ၏ (၈၉) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ရခိုင်ရိုးရာလှေလှော်ပြိုင်ပွဲကို မေ ၁၂ ရက် မွန်းလွဲ ၁ နာရီက အောင်တပ်ရပ်ကွက် ချောင်းအတွင်း၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါ ရခိုင်ရိုးရာလှေပြိုင်ပွဲသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဦးကျော်ဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် လှေပြိုင်ပွဲဝင်ပြိုင်လောင်းသမားများ တက်ရောက်ကြသည်။ ထို့နောက် ရခိုင်ရိုးရာလှေပြိုင်ပွဲတွင် ခြောက်လံလှေ(ခေါ်) ပြိုင်လောင်း၊ ရှစ်လံလှေ(ခေါ်) ပြိုင်လောင်း နှင့် ၁၂ လံလှေ(ခေါ်) ပြိုင်လောင်းအသင်းတို့က ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပထမခြောက်လံပြိုင်ပွဲ ပွဲစဉ် (၁)အဖြစ် တန်းတင်အသင်းနှင့် ဒိုင်ကျီကျောင်းသစ်အသင်း၊ ဒုတိယရှစ်လံပြိုင်ပွဲ (၂)အဖြစ် ဆူးရာဇ်ချောင်းအသင်းနှင့် ဘောင်းဒွတ်အသင်း၊ တတိယ ၁၂ လံပြိုင်ပွဲ (၃)အဖြစ် ဆူးရာဇ်ချောင်းအသင်းနှင့် အောင်မင်္ဂလာအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန် / ဆက်)**



# မောင်တောနာရေးကူညီမှုအသင်းသို့ ယာဉ်တစ်စီး၊ မီးစက်နှင့် ကားဂိုဒေါင်တစ်လုံးလှူဒါန်း

**သတင်း- မောင်စိန်လွင်၊ အောင်ကျော်စိန်(ခရိုင် ပြန် / ဆက်)**
**ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**

**မောင်တော မေ ၁၃**

ရခိုင်ပြည်နယ် မောင်တောနာရေးကူညီမှုအသင်းသို့ ယာဉ်တစ်စီး၊ မီးစက်တစ်လုံး၊ ကားဂိုဒေါင်တစ်လုံးနှင့် အအေးပေးခေါင်းတစ်လုံး လှူဒါန်းပေးအပ်သည့် အခမ်းအနားကို မေ ၁၂ ရက် မွန်းလွဲပိုင်းက မောင်တောမြို့ ဗဟိုလ်ကျောင်းတိုက်၌ ကျင်းပသည်။ **(ယာပုံ)**



"ကျွန်တော်တို့ နာရေးကူညီမှုအသင်းကို အခုလို တန်ဖိုးကြီးကြီးမားမား လှူဒါန်းတာ ဒါပထမဆုံးပါပဲ။ အရင်ကတော့ မီးချောင်းတို့၊ ထိုင်ခုံတို့၊ ဖျာတို့လောက်တော့ တစ်ဦးစ၊ နှစ်ဦးစ လှူဒါန်းတာရှိခဲ့ဖူးတယ်။ အသင်းအနေနဲ့ အရင်က နိဗ္ဗာန်ယာဉ်လိုရင် မြို့နယ်စည်ပင်ကနေငှားရမ်းပြီး အသုံးပြုနေရတာ။ အခုတော့ နိဗ္ဗာန်ယာဉ်ကို ငှားသုံးစရာမလိုတော့ပါဘူး။ ဒါကြောင့် ပြည်သူတွေကို အသင်းအနေနဲ့ ကူညီပေးနိုင်တော့မှာပါ။ ကျွန်တော်တို့အသင်းအနေနဲ့ စတည်ထောင်တော့ အသင်းဝင်အရေအတွက် ၂၀၀ လောက်ရှိပေမယ့် အခုနောက်ပိုင်းမှာတော့ ကင်းကွာပြီး အဆက်အသွယ်ပြတ်သွားတာတွေရှိတော့ အသင်းဝင် ၁၅၀ လောက်ပဲ လတ်တလော ရှိပါတယ်။ ဒီနှစ် နှစ်ပတ်လည်လုပ်ဖြစ်ရင်တော့ အသင်းဝင်ဟောင်းတွေကို ပြန်လည်ဖိတ်ခေါ်ပြီး အသင်းဝင်အသစ်တွေကိုလည်း ပါဝင်အင်အားဖြည့်တင်းနိုင်အောင် စည်းရုံးသွားဖို့ ရှိပါတယ်"ဟု မောင်တော နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးဦးခင်မောင်ကပြောသည်။

မောင်တောနာရေးကူညီမှုအသင်းသို့ နိဗ္ဗာန်ယာဉ်တစ်စီး၊ ယာဉ်ထားရန် ကားဂိုဒေါင်တစ်လုံး၊ မီးစက်တစ်လုံးနှင့် အအေးပေးခေါင်း တစ်လုံးတို့ကို မောင်တောမြို့မ အနောက်ရပ်ကွက်မှ အလှူရှင် ဦးထွန်းမြင့်မိသားစုက လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ယင်းလှူဒါန်းမှုသည် မောင်တောနာရေးကူညီမှု အသင်းအတွက် အသင်းတည်ထောင်စကတည်းက ပထမဦးဆုံး ကြီးကြီးမားမား လှူဒါန်းမှုဖြစ်ကြောင်းသိရသည်။ မောင်တောနာရေးကူညီမှုအသင်းကို ၂၀၀၈ ခုနှစ်က စတင်တည်ထောင်ခဲ့ကာ အသင်းတည်ထောင်ခါစတွင် အသင်းဝင် ၂၀၀ ကျော်အထိ ရှိသော်လည်း ယခုအခါ အသင်းဝင် ၁၅၀ ဝန်းကျင်သာရှိခဲ့ပြီး ရန်ပုံငွေရရှိမှုမှာ လျော့နည်းလာသဖြင့် ယခုနှစ် နှစ်ပတ်လည်တွင် အသင်းဝင်များ ပြန်လည်ဖိတ်ခေါ်ကာ ဖွဲ့စည်းတည်ထောင်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်တောနာရေးကူညီမှုအသင်းသည် မြို့ပေါ်နှင့် အနီးဝန်းကျင်ရှိကျေးရွာများတွင် နာရေးရှိပါက ငွေနှစ်သောင်းကူညီထောက်ပံ့၍ ရဟန်း၊ သံဃာတော်တို့ကိုမူ ငွေကျပ်ငါးသောင်းကူညီထောက်ပံ့ပေးလျက်ရှိပြီး ထိုင်ခုံ၊ မီးချောင်း၊ မီးစက် စသည့်လိုအပ်သော ပစ္စည်းတို့ကိုလည်း အကူအညီပေးကာ အသင်းပြန်လည်ဖွဲ့စည်းပြီးပါက ရန်ပုံငွေရရှိမှုပေါ်မူတည်၍ အခြားလူမှုရေး လုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်သွားမည် ဖြစ်ကြောင်း သိရသည်။



ငပလီမြို့နှင့် ကမ်းခြေသန့်ရှင်းသာယာလှပရေးအတွက် တတိယအပတ် အထူးစုပေါင်းသန့်ရှင်းရေးကို မေ ၁၃ ရက်က ဆောင်ရွက်ရာ ငပလီမြို့လမ်းဆုံမှစ၍ လင်းသာသွားလမ်းတစ်လျှောက်ရှိ ပလတ်စတစ်များ၊ အမှိုက်များနှင့် လမ်းဘေးဝဲယာရှိ ချုံနွယ်မြက်ပင်များကို ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းခုတ်ထွင်ရှင်းလင်းစဉ်
ရန်ငြိမ်း (ပြန် / ဆက်)

# စစ်တွေအကျဉ်းထောင်၌ ဆိုင်ကယ်ပြုပြင်သင်တန်းဖွင့်

**စစ်တွေ မေ ၁၃**

အကျဉ်းဦးစီးဌာန စစ်တွေအကျဉ်းထောင်တွင် အဆင့်မြင့်ဆိုင်ကယ်ပြုပြင်ရေးသင်တန်းအမှတ်စဉ် (၃/၂၀၁၇) ကို မေ ၁၁ ရက် နံနက် ၈ နာရီက အကျဉ်းထောင်သင်တန်းခန်းမ၌ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

အကျဉ်းဦးစီးဌာန၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သော အကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံနေစဉ် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းဖြင့် အကျဉ်းထောင်မှ လွတ်မြောက်သည့်အခါ သမာအာဇီဝကျသော စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာ၌ တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ယခုသင်တန်းကို သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းတွင် စစ်တွေအကျဉ်းထောင် တာဝန်ခံအရာရှိ ဦးသိန်းလွင်က အမှာစကားပြောကြားခဲ့သည်။ သင်တန်းတွင် အကျဉ်းသားသင်တန်းနည်းပြများမှ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား ၃၀ အား မေ ၁၁ ရက်မှ ဇူလိုင် ၂၄ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(စစ်တွေ)**

# နေအိမ်ခြံဝင်းအတွင်း မအူပင်၌ ကိုင်းကူးနည်းပညာဖြင့် စိုက်ပျိုးထားသည့် ဘိန်းစာပင်များ မီးရှို့ဖျက်ဆီး

**မြဝတီ မေ ၁၃**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃) ရပ်ကွက် စစ်မှုထမ်းဟောင်းရပ် ရွှေမြင့်မိုရ်ဦးကျောင်းလမ်းနေ ဦးစိန်ဝင်း၏ နေအိမ်ခြံဝင်းနှင့် ၎င်း၏ သမက်ဖြစ်သူ ထွန်းမြင့်(ခ) ကောင်းဆက်ပိုင်(ခ) ကစ်စနားတို့၏ နေအိမ်ခြံဝင်း အတွင်း မအူပင်၌ ကိုင်းကူးနည်းပညာဖြင့် ဘိန်းစာပင်များ စိုက်ပျိုးထားရာ အဆိုပါ ဘိန်းစာပင်များကို ယနေ့နံနက် ၁၀ နာရီက ခုတ်ထွင်ရှင်းလင်းမီးရှို့ဖျက်ဆီးခဲ့သည်။

မူးယစ်တပ်ဖွဲ့စု(၃၂) မြဝတီမှ ဒုရဲမှူး မင်းထွဋ် ဦးစီးအဖွဲ့၊ ခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်မျိုးကျော်နှင့် တာဝန်ရှိသူများ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မေ ၁၂ ရက် နံနက် ၆ နာရီခွဲခန့်က မအူပင်၌ ကိုင်းကူးနည်းပညာဖြင့် ဘိန်းစာပင်များစိုက်ပျိုး၍ ဘိန်းစာရွက်များ ရောင်းချနေကြောင်း သတင်းအရ မြဝတီမြို့အမှတ်(၃)ရပ်ကွက် စစ်မှုထမ်းဟောင်းရပ်၊ ရွှေမြင့်မိုရ်ဦးကျောင်းလမ်းနေ ဦးစိန်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်ပတ်ပတ်လည်တွင် ဘိန်းစာပင်များအပင် ၅၀ ခန့် စိုက်ပျိုးထားရှိခြင်းနှင့် ဘိန်းစာပင် စိုက်ပျိုးရာတွင် အသုံးပြုသည့် ပစ္စည်းများကို စစ်ဆေးတွေ့ရှိရသည်။

ထို့အတူ ပူးပေါင်းအဖွဲ့သည် သတင်းအရ ယင်းနေ့ နံနက် ၉ နာရီခန့်က ဦးစိန်ဝင်း၏ သမက်ဖြစ်သူ ထွန်းမြင့်(ခ) ကောင်းဆက်ပိုင်(ခ) ကစ်စနားအား အမှတ်(၃)ရပ်ကွက် ကရင်စာပေ အမှတ်(၄)ဆိုင်ကယ် တက္ကစီဂိတ်အနီးလမ်းမပေါ်၌ တွေ့ရှိသဖြင့် ဖမ်းဆီးခေါ်ဆောင်၍ ၎င်းနေအိမ်ခြံဝင်းအတွင်း ဝင်ရောက်ရှာဖွေရာ ဘိန်းစာပင်များ အပင်ရှစ်ပင်ခန့် စိုက်ပျိုးထားရှိခြင်းနှင့် ဘိန်းစာရွက်ခြောက်များ၊ အမှုန့်ကြိတ်စက်တစ်လုံးနှင့် စိုက်ပျိုးရာတွင် အသုံးပြုသည့် ပစ္စည်းများကို စစ်ဆေးတွေ့ရှိခဲ့သည်။

ထို့ကြောင့် ဘိန်းစာရွက်များနှင့်အတူ လက်ဝယ်တွေ့ရှိသူ စိန်ဝင်း(၇၀နှစ်)နှင့် ထွန်းမြင့်(ခ) ကောင်းဆက်ပိုင်(ခ) ကစ်စနား(၃၅နှစ်)တို့အား မြဝတီမြို့မ ရဲစခန်းတွင် အမှုဖွင့် အရေးယူဆောင်ရွက်ထားသည်။ အဆိုပါ ခုတ်ထွင်ရှင်းလင်းမီးရှို့ဖျက်ဆီးရာတွင် ဦးစိန်ဝင်းခြံတွင် အပင် ၅၀၊ ကောင်းဆက်ပိုင်ခြံတွင် ရှစ်ပင်နှင့် အခြားမအူပင်ရှိရာ နေရာများတွင် ကိုင်းကူးစိုက်ပျိုးထားသည့် အပင် ၄၂ ပင်၊ စုစုပေါင်းအပင် ၁၀၀ ခန့်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန် / ဆက်)**



# တောင်ငူမြို့အဝင်၌ တံတားကို ကုန်တင်ယာဉ်တိုက်ပြီး အရှိန်လွန်တိမ်းမှောက်

**တောင်ငူ မေ ၁၃**

တောင်ငူမြို့မြောက်ဘက်အဝင် ရန်ကုန်-မန္တလေးကားလမ်းနှင့် ဇီးဖြူပင်ကျေးရွာသွားလမ်းဆုံ၌ မေ ၁၃ ရက်က ၁၂ ဘီးကုန်တင်ယာဉ်တစ်စီး တံတားကို ဝင်ရောက်တိုက်မိကာ လမ်းနံဘေးသို့ထိုးကျတိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။ ကျော်မြင့်ဦး (၃၄ နှစ်) ကလေးမြို့နေသူမောင်းနှင်လာသော နစ်ဆန်း 2L/------ ၁၂ဘီးကုန်တင်ယာဉ်သည် မိုင်တိုင် ၁၇၅/၅ နှင့် ၆ အကြားအရောက် တံတားအမှတ် ၃/၁၇၆ ကို တိုက်မိခဲ့ပြီး လမ်းဘေးသို့ ထိုးကျတိမ်းမှောက်သွားခဲ့၍ တောင်ငူမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ကမ္ဘာ့ဖိအားခံနေရသော မြောက်ကိုရီးယား ခေတ်သစ်ပိုးလမ်းမကြီး ဖိုရမ်သို့ တက်ရောက်မည်



ခေတ်သစ်ပိုးလမ်းမကြီးဖိုရမ်မကျင်းပမီ တရုတ်သမ္မတရှီကျင့်ဖျင်နှင့် နိုင်ငံတကာခေါင်းဆောင်များ တွေ့ဆုံစဉ်

**ပေကျင်း မေ ၁၃**

ခေတ်သစ်ပိုးလမ်းမကြီး ဖိုရမ်သို့ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ပါဝင်တက်ရောက်ခြင်းသည် အခြားနိုင်ငံများပါဝင်တက်ရောက်ခြင်းအပေါ် အကျိုးသက်ရောက်မှုရှိစေမည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုက တရုတ်နိုင်ငံအား သတိပေးမှုပြုလုပ်ခဲ့ပြီးနောက် တရုတ်နိုင်ငံအနေဖြင့် ယခုရက်သတ္တပတ်တွင် ကျင်းပမည်ဖြစ်သော တရုတ်ခေတ်သစ်ပိုးလမ်းမကြီး ဖိုရမ်နှင့်ပတ်သက်ပြီး နိုင်ငံတကာမှ ခေါင်းဆောင်များအား လှိုက်လှဲစွာကြိုဆိုပါကြောင်း မေ ၁၃ ရက်က ပြောကြားလိုက်သည်။

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ အမေရိကန်ပြည်ထောင်စုသံရုံးက တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနအား သံတမန်စာချွန်လွှာတစ်စောင်ပေးပို့လိုက်ပြီး ၎င်းစာချွန်လွှာထဲတွင် မြောက်ကိုရီးယားနိုင်ငံအား ခေတ်သစ်ပိုးလမ်းမကြီး ဖိုရမ်သို့တက်ရောက်ရန် ဖိတ်ကြားခြင်းသည် သင့်လျော်သောအချိန်အခါ မဟုတ်သေးကြောင်း၊ အဘယ်ကြောင့်ဆိုသော် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်း၏နျူကလီးယားနှင့် ဒုံးလက်နက် စမ်းသပ်မှုအစီအစဉ်များကို ကမ္ဘာ့ဖိအားများကြားမှ ထပ်တလဲလဲ လုပ်ဆောင်နေခြင်းကြောင့်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

မြောက်ကိုရီးယားအရေး သဘောထားကွဲလွဲမှုသည် တရုတ်သမ္မတရှီကျင့်ဖျင် ဦးဆောင်မှုအောက်တွင် တိုးတက်လာသော သံတမန်ဆက်ဆံရေးအပေါ် ခြိမ်းခြောက်မှုရှိလာမည်ဖြစ်သည်။ သို့သော်လည်း ခေတ်သစ်ပိုးလမ်းမကြီးအစီအစဉ် သည် ပွင့်လင်းမြင်သာမှုရှိရန် အရေးကြီးသောကြောင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုရရှိနိုင်ရန် နိုင်ငံတကာမှ ခေါင်းဆောင်များကို အဆိုပါဖိုရမ်သို့ တက်ရောက်ရန် ဖိတ်ကြားခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ယခုကျင်းပမည့် ခေတ်သစ်ပိုးလမ်းမကြီး ဖိုရမ်သို့တက်ရောက်ရန် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့အား စေလွှတ်လိုက်ကြောင်း သိရသည်။ သို့သော်လည်း အဆိုပါကိုယ်စားလှယ်အဖွဲ့နှင့် ပတ်သက်ပြီး အသေးစိတ်အချက်အလက်များ ဖော်ပြခြင်းမရှိခဲ့ပေ။ အမေရိကန်ပြည်ထောင်စုက အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် အိမ်ဖြူတော်အကြံပေး မက်တ်ပေါ်တင်ကာ ဦးဆောင်သောအဖွဲ့အား စေလွှတ်ထားကြောင်း သိရသည်။ **(ရိုက်တာ)**

# ပါလက်စတိုင်း အနောက်ဘက်ကမ်းဒေသမြို့များတွင် ရွေးကောက်ပွဲများပြုလုပ်ခဲ့ ဖာတာနှင့် ဟားမားစ်အဖွဲ့အစည်းနှစ်ရပ်အကြား အားပြိုင်မှုများ ဖြစ်ပေါ်လျက်ရှိ

**ဂျေရုဆလင် မေ ၁၃**

ပါလက်စတိုင်းပြည်သူများသည် မေ ၁၃ ရက်က အနောက်ကမ်းဒေသတွင် ပါဝင်သည့် မြို့တော်များတွင် ရွေးကောက်ပွဲများကို ပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ထိုသို့ပြုလုပ်ခဲ့ခြင်းသည် နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ် ဒီမိုကရေစီစနစ် ဖွံ့ဖြိုးရန် လေ့ကျင့်မှုတစ်ခုဖြစ်ကြောင်း သိရသည်။ သို့သော်လည်း ထိုသို့ပြုလုပ်ခြင်းနှင့်အတူ တစ်ဖက်တွင်လည်း ဖာတာနှင့် ဟားမားစ်အဖွဲ့တို့၏ လှုပ်ရှားမှုများအားပြိုင်လျက်ရှိကြောင်း သိရသည်။

ဥပဒေပြုရွေးကောက်ပွဲ သို့မဟုတ် သမ္မတရွေးကောက်ပွဲများ ကျင်းပလေ့မရှိသည့် ပါလက်စတိုင်း၌ ယခုကျင်းပခဲ့သည့် မြို့တော်ရွေးကောက်ပွဲသည် အနောက်ပိုင်းအင်အားစုများ ထောက်ခံမှုပြုထားသည့် သမ္မတအက်ဘာ့စ်နှင့် ၎င်း၏ ဖာတာပါတီတို့အတွက် စမ်းသပ်မှုတစ်ခုဖြစ်ပြီး အစ္စလမ္မာစ်ဟားမားစ်အဖွဲ့အနေဖြင့် သဘောထားကွဲလွဲမှုတစ်ခုဖြစ်သည်။

အဆိုပါ ရွေးကောက်ပွဲတွင် ဂါဇာကမ်းမြောင်ဒေသမပါဘဲ အနောက်ကမ်းရိုးတမ်းရှိ ၁၄၅ ကောင်စီနယ်မြေအတွက် ပါလက်စတိုင်း ရှစ်သိန်းခန့်မဲပေးမည့် သဘောရှိကြောင်း သိရသည်။

မေ ၁၃ ရက် ရွေးကောက်ပွဲမတိုင်ခင် နိုင်ငံရေးနှင့် ဥပဒေအားပြိုင်မှုများ ပါလက်စတိုင်း ဒေသတွင် ဖြစ်ပွားလျက်ရှိကြောင်းသိရပြီး အနောက်ဘက်ကမ်းအား စိုးမိုးထားသည့် အက်ဘာ့စ် ပါလက်စတိုင်းအဖွဲ့နှင့် ဂါဇာကမ်းမြောင်ဒေသအား စိုးမိုးထားသည့် ဟားမားစ်အဖွဲ့တို့အနေဖြင့် ကမ်းရိုးတန်းဒေသအချို့၌ မဲပေးခွင့်မရသည့်အတွက် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် သဘောထား တင်းမာလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ ရွေးကောက်ပွဲပြုလုပ်ခြင်းသည် ဒီမိုကရေစီစနစ်ရရှိရန် စမ်းသပ်လေ့ကျင့်မှု ဖြစ်ကြောင်း ဖာတာ ဒုတိယအကြီးအကဲ မိုဟာမက် အယ်လ်အလိုက ပြောကြားခဲ့သည်။ သို့သော်လည်း အဆိုပါ ရွေးကောက်ပွဲသည် အနောက်ဘက်ကမ်းဒေသတစ်ခုတည်းတွင်သာ ပြုလုပ်ခြင်းဖြစ်ကြောင်း အဘယ့်ကြောင့်ဆိုသော် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမားစ်တို့သည် အဆိုပါ ဒီမိုကရေစီအလေ့အကျင့်ရရှိရန် ပိတ်ပင်တားဆီးထားသောကြောင့် ဖြစ်ကြောင်း သိရသည်။ အဆိုပါ ရွေးကောက်ပွဲကို လူထုဆန္ဒခံယူပွဲ မပြုလုပ်ဘဲ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**



# ချုံချင်းလေဆိပ်တွင် ဒရုန်းယာဉ်ပျံသန်းမှုကြောင့် လေယာဉ်ခရီးစဉ်များ နှောင့်နှေး

**ချုံချင်း မေ ၁၃**

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ချုံချင်းဒေသရှိ လေဆိပ်တစ်ခုတွင် ယမန်နေ့ညနေပိုင်းက အမည်မသိ ဒရုန်းယာဉ်တစ်စင်းပျံသန်းမှုကြောင့် လေယာဉ်ခရီးစဉ် ၂၀၀ ကျော် နှောင့်နှေးကြန့်ကြာမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။ ချုံချင်းလေဆိပ်ရှိ ဟိုဟိုဒီဒီ ပျံသန်းနေသော လေကြောင်းလိုင်းများလည်း အဆိုပါ ဒရုန်းယာဉ်ပျံသန်းမှုကြောင့် နှောင့်ယှက်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။ ၃၄ မိနစ်အကြာတွင် အဆိုပါ ဒရုန်းယာဉ်မှာ ပြန်လည်ပျောက်ကွယ်သွားကြောင်း သိရသည်။

အဆိုပါ ဒရုန်းယာဉ်ပျံသန်းမှုကြောင့် လေကြောင်းလိုင်း ၄၀ ကျော် အရေးပေါ်ဆင်းသက်ခဲ့ရပြီး အခြားလေကြောင်းလိုင်း ၆၀ ကျော်ဖျက်သိမ်းလိုက်ရကြောင်း သိရသည်။ ထို့ပြင် အခြား ၁၄၀ ကျော် ခရီးစဉ်နှောင့်နှေးခဲ့ရကြောင်းသိရပြီး ခရီးသည် ၁၀၀၀၀ ကျော် ဒုက္ခရောက်ခဲ့ရသည်။ အဆိုပါလေဆိပ်၌ အမည်မသိ ဒရုန်းယာဉ်ပျံသန်းခြင်းသည် ယခုနှင့်ဆိုလျှင် ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ပထမအကြိမ်ဖြစ်စဉ်၌ လေကြောင်း ခရီးစဉ် ၁၂ ခုအရေးပေါ် ဆင်းသက်ခဲ့ရကြောင်း သိရသည်။ **(ဆင်ဟွာ)**

# တရုတ်နိုင်ငံအနောက်ပိုင်းတွင် ဓာတုစက်ရုံယိုစိမ့်မှုဖြစ်ပွား

**ဟီဘေး မေ ၁၃**

တရုတ်နိုင်ငံအနောက်ပိုင်း ဟီဘေးပြည်နယ်တွင် မေ ၁၃ ရက်အစောပိုင်းက ကလိုရင်းယိုစိမ့်မှုကြောင့် အနည်းဆုံး လူနှစ်ဦးသေဆုံးခဲ့ပြီး ၁၈ ဦးဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောခဲ့သည်။ အဆိုပါမတော်တဆမှုသည် မေ ၁၃ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီ ၁၀ မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေကျင်းနှင့် ကီလိုမီတာ ၂၀၀ နီးပါးအကွာရှိ ဟီကျင်မြို့ ဆန်ဂူကျောင်ရွာအနီးရှိ လီကျင် ဓာတုစက်ရုံယိုစိမ့်မှုဖြစ်ပွားခဲ့ခြင်းကြောင့် အနီးရှိ ဒေသခံများ အဆိပ်သင့်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

လူ ၂၀ ကို ဆေးကုသမှုပြုပေးရန်အတွက် နီးစပ်ရာဆေးရုံသို့ တင်ပို့ခဲ့ကြောင်း ၎င်းတို့အနက် နှစ်ဦးမှာ သေဆုံးခဲ့ကြောင်း၊ အခြားဆေးရုံတင်ထားသူများ၏ အခြေအနေကို မသိရသေးကြောင်း သိရသည်။ မတော်တဆဖြစ်ပွားမှုဖြစ်ခြင်းကို လတ်တလောတွင် စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။ **(ဆင်ဟွာ)**


# ကွန်ပျူတာဖောက်ထွင်းဝိဇ္ဇာများ၏ တိုက်ခိုက်မှုကြောင့် ကမ္ဘာအနှံ့ရှိ ဆေးရုံနှင့်ကုမ္ပဏီများ ထိခိုက်

**ပရာဟာ (ချက်) မေ ၁၃**

များပြားလာသော ကွန်ပျူတာဖောက်ထွင်းဝိဇ္ဇာများ၏တိုက်ခိုက်မှုကြောင့် ကမ္ဘာအနှံ့ရှိ ဆေးရုံနှင့် ကုမ္ပဏီများထိခိုက်ခဲ့ကြောင်း ယနေ့သတင်းများတွင်ဖော်ပြခဲ့သည်။ ချက်နိုင်ငံတွင် အခြေပြုသည့် ဆိုက်ဘာလုံခြုံရေးကုမ္ပဏီ အဘက်စ်က အဆိုပါကြေညာချက်အား ယမန်နေ့က ကြေညာခဲ့ခြင်းဖြစ်သည်။

မေ ၁၂ ရက် တစ်ရက်တည်း၌ ကမ္ဘာ့ ၉၉ နိုင်ငံတွင် ဆိုက်ဘာတိုက်ခိုက်မှုပေါင်း ၇၅၀၀၀ ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါနိုင်ငံများတွင် ဗြိတိန်နှင့် ရုရှားနိုင်ငံများလည်းပါဝင်ကြောင်း၊ အဆိုပါ ဆိုက်ဘာလုံခြုံရေးကုမ္ပဏီက ကြေညာခဲ့သည်။ အမည်မသိ ဟက်ကာသမားများက ဝင်းဒိုးစနစ်ဖြင့်လည်ပတ်နေသည့် ကွန်ပျူတာများတွင် မယ်ဝဲလ်ဗိုင်းရပ်စ်များကိုထည့်ကာ တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မယ်ဝဲလ်ဗိုင်းရပ်စ်သည် ကွန်ပျူတာအတွင်းရှိ ဖိုင်များ၊ အသုံးပြုသူ လျှို့ဝှက်ကုတ်များကို နှောင့်ယှက်ကာ သတင်းအချက်အလက်ပေါက်ကြားအောင် လုပ်ဆောင်ခြင်းဖြင့် လိုချင်သော သတင်းအချက်အလက်များကို ခိုးယူခြင်းဖြစ်သည်။ ၎င်းတို့၏ ကွန်ပျူတာများ ဗိုင်းရပ်စ်အတိုက်ခံရပြီးနောက် ဗြိတိန်ရှိ ဆေးရုံဝန်ထမ်းများသည် လူနာများနှင့် ပတ်သက်သည့် အခန်းယူခြင်းများအား ဖျက်သိမ်းရန် ဖိအားပေးခိုင်းစေမှု ပြုလုပ်ခံရခြင်းတို့ကြုံတွေ့ခဲ့ရကြောင်းသိရသည်။ ဆိုက်ဘာတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနိုင်သောကြောင့် အဘက်စ်ရှိ ကွန်ပျူတာကျွမ်းကျင်ပညာရှင်များက ကွန်ပျူတာအသုံးပြုသူများကို သတိထားရန်ပြောကြားလိုက်သည်။ **(အင်န်အိတ်ချ်ကေ)**



# ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ရေသယ်ယာဉ် လှူဒါန်းပေးအပ်

**မလှိုင် မေ ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ဗလငါးတန် လူမှုကူညီရေး အသင်းအား ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ SINO TRUCK အမျိုးအစား ရေသယ်ယာဉ် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက စတင်ကျင်းပခဲ့သည်။

ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာငြိမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ မြို့နယ်မှူး ဦးထွန်းဝေ၊ စခန်းမှူးဦးသန်းထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအေးသောင်း၊ ကမ္ဘောဇဘဏ် အထက်မြန်မာပြည် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးတင်ထွန်း၊ ကမ္ဘောဇဘဏ် အထက်မြန်ပြည်ရုံးမှ ဒုတိယအထွေထွေအုပ်ချုပ်ရေး မန်နေဂျာ ဦးတင်ဝင်း ၊ မလှိုင်မြို့ ကမ္ဘောဇဘဏ်ခွဲ တာဝန်ခံ ဒေါ်နွယ်နီဝင်းနိုင်၊ ကမ္ဘောဇဘဏ်ဝန်းထမ်းများနှင့် ဗလငါးတန် အသင်းသားများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

SINO TRUCK အမျိုးအစား ရေသယ်ယာဉ်လှူဒါန်းပေးအပ်ခြင်းအား ကမ္ဘောဇဘဏ် အထက်မြန်မာပြည် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ၊ ကမ္ဘောဇဘဏ် အထက်မြန်မာပြည်ရုံးမှ ဒုတိယ အထွေထွေမန်နေဂျာနှင့် မလှိုင်မြို့နယ် ကမ္ဘောဇဘဏ်ခွဲတာဝန်ခံတို့က ပေးအပ်လှူဒါန်းခဲ့ပြီး ဗလငါးတန်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးကျော်သောင်း၊ အတွင်းရေးမှူး ဦးမောင်မောင်တင်၊ ဘဏ္ဍာရေးမှူး ဒေါက်တာ ဦးဌေးမော်တို့က လက်ခံယူခဲ့ပြီး သောက်သုံးရေပြတ်လပ်ရှားပါးနေသော ကျေးရွာများအတွက် ရေသယ်ယာဉ်လှူဒါန်းပေးအပ်သော ကမ္ဘောဇဘဏ်မိသားစုများအား ကျေးဇူးတင်ကြောင်း ဗလငါးတန်လူမှုကူညီရေးအသင်း အတွင်းရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။



ယင်းနောက် ကမ္ဘောဇဘဏ်ဝန်ထမ်းများနှင့် ဗလငါးတန်လူမှုကူညီရေးအသင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့တို့က သောက်သုံးရေ ပြတ်လပ်ရှားပါးနေသော နတ်စဉ်ကုန်းအုပ်စု ကံရွာကျေးရွာသို့ သွားရောက် ရေလှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဘိုဘို ( မလှိုင် )**

# သောက်သုံးရေရှားပါးသည့် သံတွဲနှင့်ငပလီကျေးရွာများသို့ ရေလှူဒါန်း

**ငပလီ မေ ၁၃**

သံတွဲမြို့နယ် နန်းချောင်းကျေးရွာ၌ နွေရာသီကာလအတွင်း ရေတွင်းရေကန်များ ခန်းခြောက်၍ သောက်သုံးရေ ရှားပါးပြတ်လပ်မှုနှင့် ကြုံတွေ့နေရသဖြင့် ငပလီမြို့အုပ်ချုပ်ရေးမှူး ဦးကျော်သူလှိုင်၊ ငပလီမြို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဇီးဖြူကုန်းရပ်ကွက် ဘုန်းတော်ကြီးကျောင်းသစ် ဆရာတော်များနှင့် သံဃာတော်များ၊ စေတနာရှင် အလှူရှင်များ စုပေါင်း၍ မေ ၁၃ ရက်တွင် သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျေးလက်နေ ပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အတွက် ကျေးရွာအတွင်းရှိ အုတ်ရေစုကန် ၁၉ ကန်တွင် ရေဂါလန် ၈၀၀ ဆံ့ရေယာဉ် နှစ်စီးနှင့် ရေဂါလန် ၁၀၀၀၀ ကို ဖြည့်တင်း လှူဒါန်းခဲ့ခြင်းဖြစ်သည်။ "ဒီလိုအချိန်ဆို နှစ်တိုင်းနီးပါး သုံးရေတစ်မျိုး၊ သောက်ရေတစ်မျိုး ရှားပါးပြတ်လပ်မှုက ကြုံနေရတာပဲ။ သောက်သုံးရေကြောင့်လည်း ရွာသူရွာသားတွေ ဒုက္ခအမျိုးမျိုးကြုံတွေ့ရပါတယ်။ ကျေးရွာမှာ ဆည်တော့ရှိတယ် ရေပေးဝေတာတော့ ဒီနေ့အချိန်ထိ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါဘူး"ဟု ဒေသခံဈေးသည် တစ်ဦးက ပြောသည်။



သောက်သုံးရေ ရှားပါးပြတ်လပ်နေသည့် သံတွဲမြို့နယ်နှင့် ငပလီမြို့နယ် အတွင်းရှိ ကျေးရွာများသို့ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် စေတနာအလှူရှင်များနှင့် ပူးပေါင်းပြီး စဉ်ဆက်မပြတ်သွားရောက်လှူဒါန်းသွားမည်ဖြစ်ပြီး မေ ၁၄ ရက်တွင်လည်း ကင်းမော်ကျေးရွာနှင့် ကျောက်ဆိပ်ကျေးရွာများသို့ သောက်သုံးရေများ သွားရောက် ဖြန့်ဝေသွားမည့်ဖြစ်ကြောင်း ငပလီမြို့ မီးသတ်ဦးစီးမှူး ဦးမြတ်သူလှိုင်က ပြောသည်။**(မြို့နယ် ပြန်/ဆက်)**

# ဘားအံမြို့နယ်အတွင်းရှိ သောက်သုံးရေလိုအပ်သည့် ကျေးရွာများသို့ ရေလှူဒါန်း

**ဘားအံ မေ ၁၃**

ဘားအံမြို့နယ်အတွင်း လတ်တလော သောက်သုံးရေ အခက်အခဲဖြစ်နေသည့် ကျေးရွာ ၂၀ ကျော်ရှိ ကော့ရင်း အထက်အုပ်စု ရွှေဝါထွန်းကွက်သစ်ရှိ အိမ်ခြေ ၇၂ အိမ်မှ လူဦးရေ ၃၁၀ အား မေ ၁၁ ရက်က အမှတ်(၂၂)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲမှူး အောင်ဇင်ဦး ဦးစီးအဖွဲ့၊ မြိုင်ကလေးရဲကင်းစခန်းမှူး ရဲအုပ်



ဝင်းနိုင် ဦးစီးအဖွဲ့၊ အရန်မီးသတ် ဒုတပ်ခွဲမှူး ဦးဝင်းခိုင်တို့အဖွဲ့ဖြင့် ရေဂါလန် ၁၂၀၀ နှင့် ၂၀ လီတာဝင် ရေသန့်ဘူးကြီး ၇၂ ဘူးတို့ကို လည်းကောင်း၊ မေ ၁၂ ရက်က မြိုင်ကလေး ရဲကင်းစခန်းမှူး ရဲအုပ်ဝင်းနိုင် ဦးစီးအဖွဲ့၊ ဒုံသမိတံတား လုံခြုံရေးတာဝန်ခံ ရဲအုပ်ကျော်ကျော်ဆန်း ဦးစီးအဖွဲ့၊ အရန်မီးသတ် ဒုတပ်ခွဲမှူး ဦးဝင်းခိုင်အဖွဲ့တို့ ပူးပေါင်းကာ တောင်ကလေး ကျေးရွာ အောင်သိုက် ဓမ္မစေတီဘုန်းကြီးကျောင်းတိုက်နှင့် ကျေးရွာအတွင်း နေထိုင်သည့် အိမ်ခြေ ၁၅၀ လူဦးရေ ၄၃၀ တို့အား သောက်သုံးရေ ရေဂါလန် ၂၄၀၀ နှင့် ၂၀ လီတာဝင် ရေသန့်ဘူးကြီး၂၀ တို့အား လည်းကောင်း သွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



# မြစ်သားမြို့တွင် လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**မြစ်သား မေ ၁၃**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့တွင် မေ ၇ ရက်က ဖြစ်ပွားခဲ့သော လေပြင်းဘေးဒဏ်ကြောင့် လေဘေးသင့်ခဲ့သည့်ပြည်သူများအတွက် မန္တလေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ထောက်ပံ့သည့် အိမ်ဆောက်ပစ္စည်းဖိုး ငွေသားနှင့် ကယ်ဆယ်ရေးပစ္စည်းများကို မေ ၁၂ ရက်က မုန္တောကြီးကျေးရွာ၌ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ပေးအပ်ရာတွင် လေဘေးဒဏ်သင့် လူဦးရေ ၄၁ ဦးအတွက် ခုနစ်ရက်စာ ဆန်ဖိုး ငွေကျပ် ၈၆၁၀၀ ၊ ပြိုကျအိမ်တစ်လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ်တစ်သိန်း၊ ပစ္စည်းအမျိုး ၂၀ ၊ အမိုးလန် နေအိမ် ၁၀ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် နှစ်သိန်း စုစုပေါင်းငွေသားထောက်ပံ့မှု ငွေကျပ် ၃၈၆၁၀၀ တို့ကို တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွင်ဆွေ၊တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်တို့က လေဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ရဲဝင်းထွန်း(မြစ်သား)**

# ဖားကန့်မြို့ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**ဖားကန့် မေ ၁၃**

ကချင်ပြည်နယ် ဖားကန့်မြို့ မြို့မရပ်ကွက်၌ မေ ၇ ရက်က မီးလောင်မှုဖြစ်စဉ်ကြောင့် နေအိမ် ၁၅ လုံး မီးလောင်ဆုံးရှုံးခဲ့သည့် မီးဘေးသင့်ပြည်သူများအတွက် မေ ၉ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲတွင် နယ်မြေခံ တပ်မမှူး ဗိုလ်မှူးချုပ်မောင်မောင်ဇံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်နှင့် စေတနာရှင် အလှူရှင်များက မီးဘေးသင့်မိသားစုများအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် နှစ်သိန်းစီနှင့် ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်၊ ဆပ်ပြာနှင့်ကုလားပဲစသည့် စုစုပေါင်း ငွေကျပ်သိန်း ၅၇၈၀၂၀၀ တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ထောက်ပံ့ငွေကျပ် ၁၀၃၂၃၆ နှင့် ပစ္စည်း ၁၁ မျိုးပါ ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဟင်းနွှေးရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်

**မုံရွာ မေ ၁၃**

မုံရွာမြို့နယ် သက်ကယ်ကျင်းမြောက်ရွာ၌ လျှပ်စစ်ဟင်းအိုး(ဒယ်နီ)ဖြင့် ဟင်းနွှေးထားခဲ့ရာမှ အပူလွန်ကဲပြီး မေ ၁၃ ရက် နံနက် ၈ နာရီ ၄၅မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားရာ သွပ်မိုး ထရံကာ ပျဉ်ခင်းနှစ်ထပ်အိမ်တစ်လုံးမီးလောင်ခဲ့သည်။

မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ်တစ်စီးတို့နှင့်အတူ ကြေးမုံကျေးရွာ၊ မုံရွာမြို့ အေးသာယာရပ်၊ လယ်ဇင်ကျေးရွာ၊ မုံရွာစက်မှုဇုန်တို့မှ စုစုပေါင်း မီးငြိမ်းသတ်ယာဉ်ရှစ်စီး၊ ရေသယ်ယာဉ်နှစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားခဲ့သည်။

မီးပေါ့ဆစွာသုံးစွဲသူ ဦးအောင်မင်းအား မုံရွာမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

**ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ**

# ရပ်ကွက်အတွင်းရှိ ရေမြောင်းများပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်မှုများလာသော လှိုင်သာယာတွင် မိုးရာသီရေဝပ်ရေလျှံမှု ယမန်နှစ်ထက်ပို၍ဖြစ်ပွားမည်ကိုစိုးရိမ်နေ

**ရန်ကုန် မေ ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများတွင် လမ်းမကြီးရှိရေမြောင်းနှင့် လမ်းအတွင်းရှိ အိမ်ရှေ့ရေမြောင်းတို့တွင် အဆောက်အအုံ ဆောက်လုပ်သူများ၊ စီးပွားဖြစ် ဈေးဆိုင် ဆောက်လုပ်ငှားရမ်းသူများက ရေမြောင်းပေါ်တွင် အဆောက်အအုံများကို ကွန်ကရစ်လောင်း၍ ဆောက်လုပ်မှု များလာသောကြောင့် လမ်းပေါ်တွင် ရေဆိုးများ ပြည့်လျှံလျက် ရပ်ကွက်အတွင်းလမ်းများ ယမန်နှစ်ကထက် ရေဝပ်ရေလျှံမှုပို၍ ဖြစ်ပွားမည်ကို ရပ်ကွက်ပြည်သူတို့ စိုးရိမ်လျက်ရှိကြောင်း သိရသည်။



"ကျွန်တော်တို့လမ်းမှာ နွေရာသီ ကွန်ကရစ်လမ်းပေါ်ရေဝပ်တာကြုံရတယ်။ စီးပွားရေးအဆောက်အအုံတွေ ဆောက်ရင် ရေမြောင်းကို သေသေချာချာမဆယ်ဘဲ ကွန်ကရစ်လောင်းပြီး ဆောက်ကြတယ်။ နေ့စဉ်သုံးတဲ့စွန့်ပစ်ရေတွေက အိမ်နောက်ဘက်လည်း စီးစရာမရှိတော့ အိမ်ရှေ့လမ်းပေါ်ကို ပြန်စီးလာတယ်။ ဆောက်လုပ်ရေးပစ္စည်းတွေကြောင့် ရေမြောင်းပိတ်သလို ဆောက်ပြီးကြာလာတဲ့အခါမှာလည်း ရေမြောင်းဖော်လို့မရတဲ့အတွက် ရေစီးရေလာမရှိလို့လမ်းပေါ်ကို စီးလာတယ်။ ဈေးသွားဈေးပြန်နဲ့ ဆွမ်းခံကြွတဲ့ ရဟန်းသံဃာတွေ သွားလာရေး အခက်အခဲကြုံနေရတယ်" ဟု ပိတောက်မြိုင်ဈေးအနီး အောင်မေတ္တာလမ်းမှ ရပ်မိရပ်ဖတစ်ဦးက ပြောကြားသည်။

ယမန်နှစ်ထက် တည်ဆောက်မှုများသောကြောင့် ရေဝပ်သောရပ်ကွက်များရှိလမ်းများတွင် နေထိုင်သောပြည်သူတို့မှာ မိုးရာသီတွင် အဆောက်အအုံများမှစီးဆင်းလာသော ရေများ၊ မိမိတို့အိမ်ရှေ့ရှိကွန်ကရစ်လမ်းပေါ်မှ အနိမ့်ပိုင်းအိမ်များသို့ စီးဆင်းလာမည့်ရေများနှင့် နှစ်ချီကြာမြင့်စွာ စွန့်ပစ်ပစ္စည်းများဖြင့် အမှိုက်မြေသားတက်လာသော အိမ်နောက်ဘက်ရေမြောင်းများမှ ရေဆိုးများ၊ အိမ်ရှေ့ရေမြောင်းမှ ရေဆိုးများနှင့် ပေါင်းဆုံကာ ကွန်ကရစ်လမ်းပေါ်တင်ကျန်မည်ကို စိုးရိမ်လျက်ရှိနေကြသည်။

(၁၆၄)

# မန်စီမြို့နယ် မံဝိန်းကြီးကျေးရွာအနီးတွင် မိုင်းနှစ်လုံးပေါက်ကွဲ၍ လူနှစ်ဦးဒဏ်ရာရရှိ

**ဗန်းမော် မေ ၁၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် မံဝိန်းကြီးကျေးရွာအနီးတွင် မိုင်းနှစ်လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ဒေသခံပြည်သူနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မေ ၁၁ ရက် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်က မန်စီမြို့နယ် မံဝိန်းကြီးကျေးရွာ နှစ်ခြင်း IDP Camp တွင် နေထိုင်သော မခေါန်ဖန်(၂၇နှစ်)သည် ဟင်းသီးဟင်းရွက်ခူးရန် နေအိမ်မှ ဘန်ဂေါ်ကျေးရွာသို့ ဆိုင်ကယ်ဖြင့် ထွက်ခွာလာရာမှ မံဝိန်းကြီးကျေးရွာ၏ အနောက်ဘက် ရှစ်မိုင်ခန့်အကွာနေရာအရောက် လမ်းဘေး၌ မိုင်းတစ်လုံးပေါက်ကွဲခဲ့ရာ မခေါန်ဖန်၏ ဝဲဘက်ပေါင်တွင် ဒဏ်ရာနှစ်ချက် (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် နယ်မြေခံတပ်မှ နမ့်ခမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ထားကြောင်း၊ အလားတူ မန်စီမြို့နယ် မံဝိန်းကြီးကျေးရွာနေ မောင်သန်းစိုးနိုင်(၂၅နှစ်)သည် အစ်ကိုဖြစ်သူ လှမျိုးအောင်နှင့်အတူ တောင်ယာလုပ်ကိုင်ရန် မံဝိန်းကြီး ရဲစခန်း၏အနောက်ဘက် ကိုးမိုင်ခန့်အကွာ လမ်းဘေးနေရာအရောက်တွင် မွန်းတည့် ၁၂ နာရီခန့်က မိုင်းတစ်လုံးပေါက်ကွဲခဲ့ရာ မောင်သန်းစိုးနိုင်(ယာပုံ)၏ ယာဘက်နားထင်နှင့် ဝဲဘက်ပေါင်၊ ခြေသလုံးတို့တွင် ဒဏ်ရာသုံးချက်နှင့် ယာဘက်ခြေသလုံး မိုင်းစမှန်ဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့သဖြင့် နယ်မြေခံတပ်မှ ဗိုလ်ကြီးဝဏ္ဏထွေးက နမ့်ခမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)



## တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာနိုင်သည့်အခြေအနေ

**နေပြည်တော် မေ ၁၃**

ကယား၊ ကရင်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

(မိုး/ဇလ)

# မင်းလှ၌ ခြံမြေဖို့ရန် မြေတူးဖော်စဉ် စစ်ကျန်ဟုယူဆရသော ကျည် ၁၁၂ တောင့်တွေ့ရှိ

**မင်းလှ မေ ၁၃**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် သစ်တောကန်အုပ်စု လူပျိုကြီးကွင်းမြောက်စုကျေးရွာနေ ဦးလှမင်း၏လယ်ကန်သင်းကျွဲလမ်းမှ ခြံမြေဖို့ရန် မေ ၁၂ ရက် နံနက်ပိုင်းက အလုပ်သမားများဖြစ်ကြသော ဦးအောင်သိုက်၊ ဦးဝင်းမောင်၊ ဦးဇော်ဝင်းတို့သည် မြေတူးဖော်စဉ် စစ်ကျန်ဟုယူဆရသော သေနတ်ကျည်ဆန်များ တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါနေရာသို့ စစ်ကွင်းမြို့အုပ်ချုပ်ရေးမှူး၊ စစ်ကွင်းမြို့စခန်းမှူး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက ဆက်လက်ရှာဖွေ စစ်ဆေးခဲ့ရာ စစ်ကျန်ဟုယူဆရသော ပွိုင့်ဖိုက်(၅) ကျည်အဟောင်း ၁၀၄ တောင့်နှင့် ၅ ဒသမ ၅၆ ကျည်ဟုယူဆရသော ကျည်အဟောင်း ရှစ်တောင့် စုစုပေါင်း ၁၁၂ တောင့် ရှာဖွေတွေ့ရှိခဲ့ပြီး စစ်ကွင်းနယ်မြေရဲစခန်းကသိမ်းဆည်းပြီး နယ်မြေခံတပ်သို့ ပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပေါက်စ(မင်းလှ)



မြေတူး ဖော်ရာမှ တွေ့ရှိရသော ကျည်ဆန်များ

# သိန်းနီရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တရုတ်နိုင်ငံထုတ် ဟန်းဆက်များဖမ်းဆီးရမိ



**သိန်းနီ မေ ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးခရိုင် သိန်းနီမြို့နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ မေ ၁၁ ရက်က အကောက်ခွန်မဲ့တရားမဝင်တင်သွင်းလာသော တရုတ်နိုင်ငံထုတ်ဟန်းဆက်များ ဖမ်းဆီးရမိခဲ့သည်။ မူဆယ်မှ မန္တလေးသို့မောင်းနှင်လာသော ရွှေလီရတနာခရီးသည်တင် ယာဉ်ပေါ်တွင် Mi Phone ၄၀၀၊ Huawei Phone ၂၃၀၅ လုံးနှင့် Hair mark ၂၈၈လုံး၊ Power 5 Express ခရီးသည်တင်ယာဉ်ပေါ်တွင် Kenbo Phone ၁၀၇၆ လုံး၊ Abc gold sun Phone အလုံး ၁၇၀၂ လုံး၊ Mi Phone အလုံး ၂၀ တို့အား သိမ်းဆည်းရမိပြီး တန်ဖိုး စိစစ်တွက်ချက်ကာ လားရှိုးမြို့ အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ချစ်လှ(ပြန်/ဆက်)

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ


**နေပြည်တော် မေ ၁၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၂ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၀၃ စီး၊ သွင်းကုန် ၄၈၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၅ စီး၊ သွင်းကုန် ၁၈၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၂ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် လေးသန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၃၇၇ သန်းခန့် စုစုပေါင်းတားဆီးမှု ခြောက်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၃၇၇ သန်းခန့်အား ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၂ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Mitsubishi Fuso မှန်လုံယာဉ်အား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Polidine Solution 10% (70 × 12 × 15CC) 48 Pkgs၊ AZOCRON တံဆိပ်ပေါင်းသတ်ဆေး (500ml × 12) 60 Pkgs နှင့် သယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၆၃၂ သန်းခန့်တို့ကိုတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Polidine Solution၊ AZOCRON တံဆိပ်ပေါင်းသတ်ဆေးနှင့် သယ်ဆောင်သည့်ယာဉ်ကို တွေ့ရစဉ်

# ငွေစက္ကူအတုများဖြင့် လူငယ်တစ်ဦးအား သထုံ၌ ဖမ်းဆီးရမိ

**သထုံ မေ ၁၃**

မွန်ပြည်နယ် သထုံမြို့ မော်လမြိုင်-ရန်ကုန် ကားလမ်းပေါ်တွင် မေ ၁၂ ရက် ည ၁၀ နာရီခန့်က ဆိုင်ကယ်တစ်စီးဖြင့် လူငယ်တစ်ဦးအား ငွေစက္ကူအတုများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သထုံခရိုင်မှုခင်းနှိမ်နင်းရေးအကူဌာနမှ ရဲအုပ်အောင်သူ ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် လှည့်ကင်းဆောင်ရွက်နေစဉ် လူငယ်တစ်ဦး ဆိုင်ကယ်တစ်စီးဖြင့် ငွေစက္ကူအတုများ သုံးစွဲနေကြောင်း သတင်းအရ မော်လမြိုင်-ရန်ကုန် ကားလမ်းပေါ်ရှိ စိုးမိုးသူကားလက်မှတ်အရောင်းဆိုင်အနီး စောင့်ဆိုင်းနေစဉ် ဟွန်ဒါဝေ့ဗ်အမျိုးအစား ဆိုင်ကယ်ဖြင့် ချစ်ကိုကိုလင်း (၂၂ နှစ်) ဘားအံမြို့နေသူအား တွေ့ရှိရပြီး စစ်ဆေးရာ ၎င်းမှာ သထုံမြို့ သိမ်ကုန်းရပ်ကွက် တိမ်ပြာတည်းခိုခန်းတွင် လာရောက်တည်းခိုနေသူဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းလာရောက် တည်းခိုနေထိုင်သော အခန်းအားစစ်ဆေးရာ ကျောပိုးအိတ်တစ်ခုအတွင်း စာအိတ်ဖြင့်ထည့်ထားသည့် သုံးစွဲရန်အသင့်ဖြတ်တောက်ထားသော ၅၀၀၀ ကျပ်တန် ငွေစက္ကူအတု သုံးရွက်၊ A4 ဆိုက် စက္ကူပေါ်တွင် ကာလာပရင်တာနည်းဖြင့် ရိုက်နှိပ်ထားပြီး ဖြတ်တောက်ခြင်းမပြုရသေးသော ၅၀၀၀ ကျပ် တန်ငွေစက္ကူအတု ၄၈ ရွက်တို့နှင့်အတူ ငွေစက္ကူအတုပြုလုပ်ရာတွင် အသုံးပြုသော စက္ကူဖြူဖြတ်စ ၄၂ ရွက်နှင့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ငွေစက္ကူအတုပြုလုပ်သုံးစွဲသူ ချစ်ကိုကိုလင်းအား သထုံမြို့မ ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သက်ဦး(သထုံ)**



ချစ်ကိုကိုလင်းအား ငွေစက္ကူအတုများဖြင့် တွေ့ရစဉ်

# အင်းတော်ကြီးဒေသတွင်ဖြစ်ခဲ့သော ဒုရဲမှူးအားအန္တရာယ်ပြု သေနတ်ယူဆောင်သူများထဲမှ အဓိကတရားခံအားဖမ်းမိ



**မိုးညှင်း မေ ၁၃**

မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ မိုင်းနောင်ကျေးရွာတွင် ရဲဘက်ပြေး တစ်ဦးအား မူးယစ်ဆေးဝါးများနှင့် လက်နက်များ ဖမ်းမိသဖြင့် သက်သေခံ ပစ္စည်းများအား သိမ်းဆည်းနေစဉ် ဖမ်းဆီးရမိသူတရားခံ၏ သားဖြစ်သူက ရွာသားများနှင့်အတူ ဝင်ရောက် အန္တရာယ်ပြုခဲ့သဖြင့် ဒုတိယရဲမှူးတစ်ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည့်အပြင် သေနတ်နှင့်ကျည်ဆန်များ ယူဆောင်သွားခဲ့သည့် တရားခံများအနက် အဓိကတရားခံတစ်ဦးအား မေ ၉ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ၂၀၁၆ ခုနှစ်စက်တင်ဘာ ၁၉ ရက်က မိုင်းနောင်ကျေးရွာအနောက်ဘက် ကျောက်ဆင်ရုပ်စေတီနှင့် ခြောက်ဖာလုံခန့်အကွာရှိ ယာယီတဲတွင် ရဲဘက်ပြေး အောင်ကျော်ဝင်း ရောက်ရှိနေကြောင်း သတင်းရရှိ၍ သွားရောက်ဖမ်းဆီးခဲ့သည်။ ၎င်းမှာထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရမိပြီး ၎င်းထံမှ မူးယစ်ဆေးဝါးများ၊ ငွေစက္ကူများ၊ လက်ပစ်ဗုံးနှစ်လုံးအပါအဝင် ဖမ်းဆီးရမိပစ္စည်းများဖြင့် သိမ်းဆည်းစစ်ဆေးနေစဉ် အောင်ကျော်ဝင်း၏သားဖြစ်သူ ကျော်သူဝင်းသည် မိုင်းနောင်ရွာသား ၃၀ ခန့်နှင့်အတူ ရောက်ရှိလာပြီး ဖမ်းဆီးရေးအဖွဲ့အား တုတ်ဓားလက်နက်များဖြင့် အန္တရာယ်ပြုကာ ဖမ်းဆီးထားသော အောင်ကျော်ဝင်းအား ခေါ်ဆောင်၍ တောအုပ်အတွင်း ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြသည်။

အဆိုပါဖြစ်စဉ်များ၏ အဓိကတရားခံတစ်ဦးဖြစ်သူ အောင်ကျော်ဝင်းသည် မေ ၉ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် မိုင်းနောင်ကျေးရွာ အနောက်ဘက် ကျောက်ဆင်ရုပ်ကုန်းအနီး ရောက်ရှိနေကြောင်း သတင်းအရ လုံးတုံနယ်မြေရဲစခန်းမှူး ရဲအုပ်ဗျက်ဆန်းနှင့်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သွားရောက်ဖမ်းဆီးရာ ပြစ်ချက်အဟောင်းဖြင့် အလိုရှိနေသောအောင်ကျော်ဝင်း(ခ)ဘိုးတော်အား ဖမ်းဆီးရမိခဲ့ပြီး ၎င်းထံမှ ဘိန်းဖြူဟုယူဆရသောဖြူ/ဝါမှုန့် ၂၄ ဒသမ ၆ ဂရမ်တို့အား ရှာဖွေတွေ့ရှိခဲ့ပြီး လုံးတုံနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးအရေးယူထားကြောင်း သိရသည်။ (ဝ၆၇)

# မူးယစ်ဆေးဝါးများရောင်းချနေကြောင်း သတင်းအရ ဆေးပြား ၁၀ ပြားနှင့် တရုတ်နိုင်ငံလုပ် လက်ပစ်ဗုံးသုံးလုံးဖမ်းမိ

**မော်လမြိုင် မေ ၁၃**

မော်လမြိုင်မြို့နယ် (၃၈)မူးယစ်တပ်ဖွဲ့မှ ရဲအုပ်ချစ်ကိုမြင့်နှင့် ဒိုင်းဝန်ကွင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် သတင်းအရ မေ ၁၁ ရက် ညနေ ၄ နာရီခွဲက လှိုင်ရပ်ကွက် ဖာရစီလမ်းနှင့် အာကာထွန်း နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြားနှင့် တရုတ်နိုင်ငံလုပ် 91 အမျိုးအစား လက်ပစ်ဗုံးသုံးလုံးနှင့် ဖျူးစ်နှစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

စိတ်ကြွရူးသွပ်ဆေးပြားနှင့် လက်ပစ်ဗုံးများလက်ဝယ်တွေ့ရှိသူ အာကာထွန်း (၂၀နှစ်) နှင့် မအေးအေးမွန်(၄၅နှစ်)တို့အား မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# ပြင်ဦးလွင် ဓာတ်တော်ချိုင့်ရေတံခွန်၌ ရေနစ်သေဆုံးသူနှစ်ဦးအား ပြန်လည်ဆယ်ယူရရှိ

**ပြင်ဦးလွင် မေ ၁၃**

ပြင်ဦးလွင်မြို့ ဓာတ်တော်ချိုင့်ရေတံခွန်သို့ ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ်၊ မယ်ဇလီမြိုင်ရွာ မောင်အာဆာ (၂၂နှစ်)နှင့် မိုးနဲမြို့နယ်သာသနပါလ ကျောင်းတိုက်နေ ရှင်နာလိန္ဒသက်တော်(၁၆နှစ်)တို့သည် မေ ၁၁ ရက် မွန်းလွဲ ၁ နာရီက လာရောက်လည်ပတ်ကာ ရေဆင်းကူးစဉ် ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့ ကြောင်း သိရသည်။

သေဆုံးသူတို့ ၏ရုပ်အလောင်းများအား ပြန်လည်ဆယ်ယူရရှိရေးအတွက် အနီးစခန်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံရေငုပ်အဖွဲ့တို့က ရှာဖွေဆယ်ယူခဲ့ကြရာ မေ ၁၂ ရက် ညနေ ၃ နာရီခွဲက ရေအနက်ပေ ၁၀၀ ကျော်နေရာမှ ပြန်လည်တွေ့ရှိဆယ်ယူခဲ့ကြောင်း သိရသည်။

ပြင်ဦးလွင်မြို့နယ် အနီးစခန်းကျေးရွာ ဓာတ်တော်ချိုင့် ရေတံခွန်သည်လှပပြီး နာမည်ကျော်ကြားမှုကြောင့် ပြည်တွင်းပြည်ပဧည့်သည်အများအပြား လာရောက်လည်ပတ်လျက်ရှိနေပြီး ရေတံခွန်သည် ရေအလွန်များပြီး ရေနက်သည့်ချိုင့်ဝှမ်းအများအပြားရှိနေခြင်း၊ သဘာဝတောများရှိနေခြင်း၊ ကျေးရွာနှင့်အလှမ်းဝေးကာ သဘာဝရေတံခွန်ဖြစ်နေခြင်းကြောင့် လုံလောက်သည့် လုံခြုံရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်မဖြစ်နိုင်သဖြင့် ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ပျားအတုပ်ခံရပြီး သေဆုံးသူ ရှစ်ဦးအပါ ရေနစ်သေဆုံးသူ စုစုပေါင်း၂၀ ကျော် သေဆုံးပြီးဖြစ်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## ပြည်မြို့တွင် အင်တာနက်ဆိုင်အတွင်း ဓားထောက်၍ ငွေကျပ် သိန်း ၃၀ ကျော်ဖိုး လုယက်မှုများဖြစ်ပွား

**ပြည် မေ ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် မေ ၁၁ ရက် ည ၈ နာရီခွဲခန့်က အင်တာနက်ဆိုင်အတွင်း ဝင်ရောက်ပြီး ဓားဖြင့်ထောက်၍ ငွေနှင့်ဟန်းဆက်များ လုယက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ပြည်မြို့ ရွှေကူရပ်ကွက် လမ်းရှည်လမ်းတွင်နေထိုင်သူ ဦးအောင်လွင်(၄၄)နှစ်သည် ၎င်းပိုင်သော ပြည်မြို့ ရွှေကူရပ်ကွက် တရုတ်တန်းလမ်းရှိ ဒေါင်းမင်း အင်တာနက်ဆိုင်သို့ပြန်ဝင်လာစဉ် လူတစ်ဦးက ကွန်ပျူတာ လက်ပ်တော့ တစ်လုံး၊ ဖုန်းနှစ်လုံးနှင့် ပိုက်ဆံအိတ်များကိုင်ဆောင်ပြီး ထွက်လာသည်ကိုတွေ့မြင်ရကြောင်း၊ ယင်းနောက် ဆိုင်အတွင်းသို့ဝင်လာစဉ် ဆိုင်မှစာရေးဖြစ်သူ စွမ်းထက်လင်းအား ကောင်တာစားပွဲဘေး၌တွေ့ရပြီး ၎င်း၏အနီးတွင် ဝက်ကလေး (စုံစမ်းဆဲ)က ဓားမြှောင်တစ်ချောင်း ကိုင်ဆောင်ကာရပ်နေသည်ကိုတွေ့ရပြီး ၎င်းက 'ခင်ဗျားလက်ထဲက ငွေတွေပေး' ဟု ဓားကိုင်ခြောက်လှန့်ပြောဆိုစဉ် ဆိုင်အဝင်ဝတွင်တွေ့ခဲ့သူက ပြန်ဝင်လာပြီး ဦးအောင်လွင်၏လည်ပင်းအား ဓားနှင့်ထောက်ကာ ဦးအောင်လွင်လက်ထဲ၌ပါလာသည့် ငွေကျပ် ၁၅ သိန်းအား ခြိမ်းခြောက်တောင်းယူသွားခဲ့ကြောင်း၊ ဝက်ကလေးပါနှစ်ဦးတို့က ဦးအောင်လွင်ထံမှ ငွေစက္ကူရေရာ ငွေကျပ် ၁၅ သိန်း၊ Acer အမျိုးအစား လက်ပ်တော့တစ်လုံး၊ အံဆွဲအတွင်းမှ ငွေကျပ် ၁၃၄၂၅၀ ၊ MI မိမက်အမျိုးအစား ဟန်းဆက်တစ်လုံး၊ Samsung အမျိုးအစားတက်ဘလက်တစ်လုံး စုစုပေါင်း ငွေကျပ် ၃၀၂၄၂၅၀ တို့ကို ယူဆောင်သွားကြောင်းသိရှိရ၍ ပြည်မြို့အမှတ်(၁)နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8D/8554၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

**ပျောက်ဆုံးကြောင်း**

ယာဉ်အမှတ် (4C-8755)Voiks Wagon အနီရောင်၏ Owner Book နှင့် Premium Book တို့သည် ၉-၅-၂၀၁၇ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။

**မြတ်မွန်သင်း ၁၂/ကမတ(နိုင်)၀၇၀၃၁၆**
**ဖုန်း-၀၉-၅၅၀၁၈၃၃၊ ၀၉-၅၅၀၃၇၂၀**

**အမည်ပြောင်း**

ဦးအောင်ကျော်ဌေး ၁၂/သဃက(နိုင်)၀၅၀၆၆၈၏သမီး ဖျာပုံမြို့၊ အထက(ခွဲ)၊ အလက(၁) ပဋ္ဌမတန်းမှ မလင်းလဲ့ဖြိုးအား မနီလာထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မနီလာထွန်း**

**မြေညီထပ်ငှားမည်**

လသာမြို့နယ်၊ လသာလမ်း (အထက်လမ်း) မြန်မာနိုင်ငံစာစစ်ရုံး မျက်စောင်းထိုး ပေ(၁၂½×၆၀)၊ **မြေညီထပ်(၂၂)သိန်း။**

**ဖုန်း-၀၉-၅၀၂၀၈၀၀၊ ၀၉-၅၁၄၁၆၆၇**

**TAXI ကြော်ငြာကပ်ရန်**

ကြော်ငြာကပ်ခြင်းဖြင့် အပိုဝင်ငွေရလိုသော တက္ကစီယာဉ်များ ဆက်သွယ်ပါ။ မည်သည့် ဗင်တက္ကစီယာဉ်မဆို ကပ်လို့ရသည်။ ရန်ကုန်မြို့တွင်းဆွဲသည့် တက္ကစီယာဉ်များသာကပ်မည်။

**ဖုန်း-၀၉-၅၀၈၃၂၈၈၊ ၀၉-၇၈၅၀၈၃၂၈၈**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဏ/၇၂၁၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**အမြန်ရောင်းမည် တိုက်ကြီးမြို့နယ်**

၁။ ၆၀ပေ×၃၇၀ပေ(စလစ်-အိမ်ခြံမြေ)လိမ္မော်ခြံကျေးရွာ -သိန်း၃၀၀
၂။ ၁ဒသမ၆ ဧက(စလစ်-ဥယျာဉ်ခြံမြေ)ဝန်ထမ်းကွက်သစ်-သိန်း၁၂၅၀
၃။ ၃ဒသမ၀ ဧက(စလစ်-ဥယျာဉ်ခြံမြေ)ပြည်တော်သာ -သိန်း၂၅၀၀
၄။ ၄ဒသမ၀ ဧက(စလစ်-ဥယျာဉ်ခြံမြေ)လိမ္မော်ကျေးရွာ -သိန်း၂၀၀၀

**(ဖုန်း-၀၉-၄၂၀၇၀၆၀၀၂၊ ၀၉-၇၈၈၀၆၆၄၈၉၊ ၀၉-၈၆၁၉၃၈၂)**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၁၄၆**

ဒေါ်မိမိခိုင် (၎င်း၏ကိုယ်စားလှယ်စာရသူ ဒေါ်ခင်သန်းဌေး) **တရားလို** **နှင့်** ၁။ ဦးကျော်အေး ၂။ ဒေါ်ညိုညိုရှိန် **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဘ၀မြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊ အခန်း ၅၂၊ တိုက် ၁၆နေ (၂)တရားပြိုင် ဒေါ်ညိုညိုရှိန်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်ကိုလက်ရောက်ပေးအပ်စေလိုမှုသို့မဟုတ် အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်တန်ဖိုးကျပ် ၄၂၈၀၀၀၀၀ (ငွေကျပ် လေးရာနှစ်ဆယ့်ရှစ်သိန်းတိတိ) ပြန်လည်ပေးအပ်စေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် မေ ၃၀ရက် (၁၃၇၉ခုနှစ် နယုန်လဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မေ ၁၂ ရကတွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥမ္မာအေး)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)**

Myanmar Educare Co.,Ltd တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိပါသည်။

၁။ Senior Accountant မ(1)ဦး
B.Com, C.P.A
၂။ Front Desk Manager ကျား၊ မ(1)ဦး
- Any Graduate
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။
- အင်္ဂလိပ်စကားပြောနိုင်ရမည်။
၃။ Receptionist(Day or Night) ကျား၊ မ(4)ဦး
- Any Graduate
၄။ House Keeping Supervisor (1)ဦး

လျှောက်ထားလိုသူများသည် အမျိုးသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းဆိုင်ရာမိတ္တူ၊ လိုင်စင်ဓာတ်ပုံတစ်ပုံ၊ သက်ဆိုင်ရာရဲစခန်းထောက်ခံစာယူဆောင်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ်(၂၂)၊ ကမ်းနားလမ်း၊ River View Garden Housing/အလုံမြို့နယ်

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3L/3436 , DAIHATSU HIJET S210P, P/U (4×4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှဝင်း ၁၃/ကတန(နိုင်)၀၀၅၂၈၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

**အများသိစေရန်ကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းဆောင်ခမ်း ၁၃/ကတန(နိုင်)၀၁၇၅၈၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ စံရိပ်ငြိမ်(၄)လမ်း၊ အမှတ်(၃၅)ဟုခေါ်တွင်သော အလျား(၁၃)ပေ×အနံ ပေ(၅၀)ငါးထပ်တိုက်အဆောက်အအုံရှိ မြေညီထပ်(ခေါင်းရင်းခန်း)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်း အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေပိုင်ရှင်ဖြစ်သူ ဒေါ်စန်းမြင့် ၁၂/ကမရ(နိုင်)၀၁၂၀၉၈၊ ဒေါ်အေးရီ ၁၂/ကမရ(နိုင်)၀၁၂၂၆၈ ထံမှ ကျွန်ုပ်မိတ်ဆွေသည် ၁၁-၅-၂၀၁၇ ရက်တွင် ငွေအပြေအကျေပေးချေပြီး လက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီး ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထိုက်ထိုက်စိုး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၃၆၃၈)**
**အမှတ် ၁၁၁၊ ပန်းလှိုင် ၃ လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**

# MNL အမှတ်ပေးပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း သရေကျ



**ရန်ကုန် မေ ၁၃**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၃) ပထမနေ့ကို မေ ၁၃ ရက်က တောင်ကြီးကွင်း၌ ရှမ်းယူနိုက် တက်နှင့် GFA အသင်းတို့ ယှဉ်ပြိုင်ရာ **(ယာပုံ)** ဂိုးမရှိ သရေကျခဲ့သည်။

အိမ်ကွင်း၌ ကစားရသည့် ရှမ်းယူနိုက်တက်အသင်းအတွက် အထိနာသည့် ပွဲဖြစ်ပြီး ယခုပွဲသရေရလဒ်ကြောင့် ထိပ်ဆုံးမှ ရန်ကုန်အသင်းအား ဖိအားပေးနိုင်မည့် အခွင့်အရေးနည်းပါးသွားခဲ့ရသည်။

ရှမ်းယူနိုက်တက်အသင်းတွင် နိုင်ငံခြားသားကစားသမား သုံးဦးအပါအဝင် သီဟစည်သူ၊ ဝင်းမင်းထွဋ်၊ ရန်နိုင်ဦး၊ တင်ဝင်းအောင်တို့ဖြင့် လူစုံပါဝင်ခဲ့ပြီး GFA အသင်းမှာလည်း နိုင်ငံခြားသား ကစားသမားများအပါအဝင် လူစုံအသုံးပြုခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ဂိုးရရှိရန် စိုးမင်းဦး၊ နန်းမင်းအောင်တို့ကို ထည့်သွင်းကာ တိုက်စစ်အားမြှင့်ခဲ့သော်လည်း အဓိက ကစားသမားများဖြစ်သည့် ခရစ္စတိုဖာ၊ မက်ဆီမင်၊ ရန်နိုင်ဦးတို့ ခြေစွမ်းပြနိုင်ခြင်း မရှိသောကြောင့် ရှမ်းတိုက်စစ် အလုပ်မဖြစ်ခဲ့ပေ။ ၆၉ မိနစ်တွင် နန်းမင်းအောင်၊ ၇၁ မိနစ်တွင် ခရစ္စတိုဖာတို့ အပိုင်ကန်ခွင့်ရခဲ့သော်လည်း လွဲချော်ခဲ့၍ ရှမ်းယူနိုက်တက်အသင်း နစ်နာခဲ့ရသည်။ ၇၉ မိနစ်တွင် GFA အသင်းခေါင်းဆောင် မိုင်းအိုက်နိုင် အပိုင်ကန်ခွင့်ရခဲ့သော်လည်း လွဲချော်ခဲ့သောကြောင့် ရှမ်းယူနိုက်တက်အသင်း အိမ်ကွင်း၌ ရှုံးပွဲမကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်း၏ သရေရလဒ်ကြောင့် ယနေ့ယှဉ်ပြိုင်ရမည့်ပွဲတွင် ရန်ကုန်အသင်း အနိုင်ရခဲ့ပါက ထိပ်ဆုံးတွင် ခြောက်မှတ်အသာဖြင့် ဆက်လက်ဦးဆောင်နိုင်မည်ဖြစ်သည်။

ပွဲစဉ် (၁၃) ဒုတိယနေ့ကို မေ ၁၄ ရက်**(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ် ပြီး သုဝဏ္ဏကွင်း၌ မကွေးနှင့် ရေဝတီ၊ အောင်ဆန်းကွင်း၌ ဇွဲကပင်နှင့် ရတနာပုံ၊ YUSC ကွင်း၌ ရန်ကုန်နှင့် ရခိုင်၊ မော်လမြိုင်ကွင်း၌ Southern နှင့် ချင်းယူနိုက်တက်၊ ဝဏ္ဏသိဒ္ဓိကွင်း၌ နေပြည်တော်နှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

# မြန်မာ့လက်ရွေးစင်အသင်း နိုင်ငံတကာခြေစမ်းပွဲ သုံးပွဲ ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် မေ ၁၃**

၂၀၁၉ အာရှဖလားခြေစစ်ပွဲယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာခြေစမ်းပွဲ သုံးပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာဆီယံဒေသတွင်းပြိုင်ဘက်များ ဖြစ်သည့် နာမည်ကြီး ထိုင်း၊ စင်ကာပူတို့အပါအဝင် ခြေစွမ်းပိုင်းသိသိသာသာတက်လာသည့် ကမ္ဘောဒီးယားအသင်းတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲ ယှဉ်ပြိုင်နေပြီး အုပ်စုပွဲစဉ်များမကစားရမီတိုင်းတွင် နိုင်ငံတကာခြေစမ်းပွဲကစားရန် စီစဉ်နေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန် ၆ ရက်တွင် စင်ကာပူလက်ရွေးစင်အသင်း၊ အောက်တိုဘာ ၅ ရက်တွင် ထိုင်းလက်ရွေးစင်အသင်း၊ နိုဝင်ဘာ ၉ ရက်တွင် ကမ္ဘောဒီးယားလက်ရွေးစင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ထိုင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကိုသာ မြန်မာနိုင်ငံတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ကျန်နှစ်ပွဲကိုမူ စင်ကာပူနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြေစမ်းပွဲကစားမည့် အသင်းများအနက် ထိုင်းနှင့် ကမ္ဘောဒီးယားအသင်းတို့မှာ မြန်မာအသင်းနှင့် ၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် တွေ့ဆုံခဲ့သည့် အသင်းများဖြစ်ပြီး စင်ကာပူအသင်းနှင့်မူ ပြီးခဲ့သည့်နှစ်က ခြေစမ်းပွဲနှင့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတို့တွင် တွေ့ဆုံခဲ့ဖူးကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန် ၁၃ ရက်တွင် ယှဉ်ပြိုင်ကစားရမည့် မကာအိုအသင်းနှင့် အာရှဖလားခြေစစ်ပွဲအတွက် ဗုဒ္ဓဟူးနေ့တွင် အပတ်စဉ်လေ့ကျင့်လျက်ရှိပြီး ဇွန်လဆန်းပိုင်းတွင် စခန်းဝင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စင်ကာပူနှင့် ခြေစမ်းပွဲ မတိုင်မီ ရန်ကုန်မြို့၌ တစ်ရက်သာ လေ့ကျင့်ခွင့်ရမည်ဖြစ်ပြီး ယင်းခြေစမ်းပွဲပြီးမှသာ စင်ကာပူနိုင်ငံ၌ ဆက်လက်နေထိုင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် ဂတ်ဖရိုင်းဒရစ်က ကိုင်တွယ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၂၈ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အာရှဖလားခြေစစ်ပွဲအဖွင့်ပွဲတွင် အိန္ဒိယအသင်းကို အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲ အောင်မြင်ရန် လက်ကျန်ပွဲများတွင် ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေသည်။

**ရဲရင့်ရှိုင်း**

# လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ဘောလုံးနည်းပြ ၂၅ ဦး ခေါ်ယူမည်

**မန္တလေး မေ ၁၃**

မန္တလေးတိုင်းဒေသကြီး လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း Youth Development Pilot Project တွင် အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်းရှိ အလယ်တန်းအောင် လူငယ်ကျောင်းသားများကို ဘောလုံးအားကစားသမား လေ့ကျင့်ကစားပေးရန်အတွက် နည်းပြ ၂၅ ဦး ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခေါ်ယူမည့် ဘောလုံးနည်းပြများသည် အသက် ၃၀ နှစ်မှ ၄၅ နှစ်အတွင်း ရှိရမည်ဖြစ်ပြီး မန္တလေးခရိုင်အတွင်း၌ နေထိုင်သူဖြစ်ရမည်။ အနည်းဆုံး မြို့နယ် (သို့မဟုတ်) ခရိုင်အဆင့် ကစားခဲ့သူဖြစ်ရမည်ဖြစ်ပြီး သင်တန်းသား ကလေးငယ်များ၏စံပြအဖြစ် နေထိုင်နိုင်သူဖြစ်ရမည် ဖြစ်သည်။ သင်တန်းချိန်မှာ တစ်ပတ်လျှင် သုံးရက်၊ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှ ညနေ ၅ နာရီထိဖြစ်ပြီး လစာငွေမှာ ငွေကျပ်တစ်သိန်းခွဲ ခံစားရမည်ဖြစ်သည်။ ရက်ပျက်မရှိပါက လစာငွေအပြင် ငွေကျပ်ငါးသောင်း ထပ်တိုးထောက်ပံ့မည်ဖြစ်ပြီး သင်တန်းကာလ ပြီးဆုံးချိန်တွင် စည်းကမ်းအကောင်းဆုံး နည်းပြဆရာများအတွက် ထပ်တိုးလစာငွေနှင့် ဆုများ ချီးမြှင့်မည်ဖြစ်သည်။

လျှောက်လွှာများကို အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက် ၁၂ လမ်း၊ ၈၇ လမ်းနှင့် ၈၈ လမ်းကြားရှိ Youth Development Pilot Project(Mandalay Department)တွင် မေ ၁၇ ရက်မှ ၂၄ ရက်အထိ လျှောက်ထားနိုင်ပြီး ဇွန် ၁ ရက်တွင် ရွေးချယ်သွားမည်ဖြစ်ကြောင်းနှင့် ဖုန်း ၀၉-၄၃၁၃၃၁၂၃၊ ၀၉- ၇၉၂၀၅၀၄၅၀ တို့သို့ အသေးစိတ်ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

✻ *ကျော့ဖုံးမှ*

ချယ်လ်ဆီးအသင်းကို နည်းပြ ၁၄ ဦးကိုင်တွယ်တာဝန်ယူခဲ့ပြီး နောက်ဆုံးတာဝန်ယူထားသည့် အီတလီနိုင်ငံသား အန်တိုနီယိုကွန်တီသည် ပွဲဦးထွက် ပရီမီယာလိဂ်ဖလားရယူပေးခဲ့သည်။ ချယ်လ်ဆီးနည်းပြများအနက် အအောင်မြင်ဆုံးနည်းပြအဖြစ် မော်ရင်ဟိုက ရပ်တည်နေပြီး ချယ်လ်ဆီးကိုဖလားရှစ်လုံးရယူပေးခဲ့သည်။ ယင်းဖလားများထဲတွင် ပရီမီယာလိဂ်ဖလား သုံးကြိမ်ဆွတ်ခူးထားသည်။

ပရီမီယာလိဂ်ဖလားကို အကြိမ်အများဆုံးအဖြစ် မန်ယူကအကြိမ် ၂၀ ဖြင့် ရပ်တည်နေပြီး လီဗာပူးက ၁၈ ကြိမ်၊ အာဆင်နယ်က ၁၃ ကြိမ်၊ အဲဗာတန်က ကိုးကြိမ်၊ အက်စ်တွန်ဗီလာက ခုနစ်ကြိမ်၊ ဆန်းဒါးလန်းနှင့် ချယ်လ်ဆီးက ခြောက်ကြိမ်၊ မန်စီးတီး၊ နယူးကာဆယ်နှင့် ရှက်ဖီးဝမ်းနက်စ်ဒေးတို့က သုံးကြိမ်စီရရှိထားပြီး ပရက်စတန်၊ စပါး၊ ဒါဘီ၊ ဘန်လေ၊ ပို့စ်မောက်တို့က နှစ်ကြိမ်စီနှင့် အစ်ဆွစ်၊ နော်တင်ဟမ်၊ ရှက်ဖီးယူနိုက်တက်၊ ဘလက်ဘန်း၊ ဝက်စ်ဘရွန်းနှင့် လက်စတာတို့ကတစ်ကြိမ်စီ ရရှိထားသည်။ ချယ်လ်ဆီးအသင်းသည် ကျန်ရှိနေသေးသော ဖလားတစ်လုံးဖြစ်သည့် အက်ဖ်အေဖလားဗိုလ်လုပွဲကြီးကို မေ ၂၇ ရက်တွင် အာဆင်နယ်နှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5I/3551 Honda Fit GE6 Hatch Back (4×2) ယာဉ်လက်ဝယ်ရှိသူ Pyi Htun Aung Trading Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9G/7466 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3C/6253 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9G/6623၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3J/1249 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**

**အမှားပြင်ဆင်ကြော်ငြာ**

(၂၁-၃-၂၀၀၇)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၃၀) တို့တွင် တရားမကြီးမှုအမှတ်-၁၃/၂၀၁၆ မြေတိုင်း/မြေကွက်ပြင်ဆင်အစား တရားမဓာရီမှု အမှတ်-၁၃/၂၀၁၆ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**နှစ်ခန်းတွဲရောင်းမည်**

ထိုက်သူရမည်

စမ်းချောင်း၊ မြေညီ(ပထပ်)၊ ၁၇၈၅ သိန်း လူစည်ကားသောစမ်းချောင်းလမ်းမ ကျောင်း၊ ဆေးရုံ၊ ဈေး၊ ဘုရားနီး၊ ဗမာရပ်ကွက်သန့် ဆိုင်ဖွင့်၍ လူနေရန် ဈေးအချိုဆုံးအခန်း

**ဖုန်း-၀၉-၉၇၄၃၃၆၃၉၂/၃**

**တစ်ဦးတည်း ဖြစ်ကြောင်း**

ကသာမြို့၊ ရပ်ကွက် ၉၊ အပိုင်း၃နေ ဦးချစ်ဦး၏သမီး မချစ်စုထွန်း(ခ)မတင့်တင့်ထွန်း ၅/ကသန(နိုင်)၁၀၉၇၀၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ကန့်ကွက်နိုင်ပါကြောင်း**

လားရှိုးမြို့၊ (၁)ရပ်ကွက်၊ ကျောက်တောင်တိုးချဲ့ရပ်ကွက်၊ ဦးပိုင်အမှတ် ၈၆၅၊ မြေချိန် ဧရိယာ ၀ ဒသမ ၀၉၆ဧကရှိ မြေကွက်ကို မြေဂရန်အမှတ်တွဲအမှတ်၇၅၉-၅/၁၉၉၅-၉၆(စီ)ဖြင့် ဗိုလ်မှူးကြီးတင်ရီထံမှ ဦးဇော်ထွန်း ၉/မရမ(နိုင်)၀၂၅၀၅၉က ဝယ်ယူခဲ့ပြီး ယခုအခါ ၎င်း၏ဇနီး ဒေါ်လှလှပြုံး ၁၃/လရန(နိုင်)၀၉၇၅၂၉မှ အမည်ပေါက်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ရက် ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်လှလှပြုံး ၁၃/လရန(နိုင်)၀၉၇၅၂၉**

**အဆိုပြုလွှာခေါ်ယူခြင်း**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် ရှစ်ထပ်ခွဲအဆောက်အအုံ sqft(80000) ကျော် Hotel တည်ဆောက်ရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လိုသူများအနေဖြင့် အဆိုပြုလွှာပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) လျှပ်စစ်မီးသွယ်တန်းခြင်း
(ခ) ရေလိုင်းသွယ်တန်းခြင်း

အဆိုပြုလွှာတင်သွင်းရန်အတွက် Deposit ကြေး(၂၀၀၀၀၀ိ/-) ပေးသွင်းရမည်ဖြစ်ပြီး Tender ပြီးဆုံးပါက Deposit ကြေးအား ပြန်လည်အပ်နှင်းမည်ဖြစ်ပါသည်။ လိုအပ်သော Drawing တစ်စုံကို ကျပ်ငွေ ၁၀၀၀၀ ဖြင့် အောက်ပါလိပ်စာအတိုင်း လာရောက်ထုတ်ယူနိုင်ပါသည်။

အဆိုပြုလွှာတွင် လုပ်ငန်းပိုင်းဆိုင်ရာအတွေ့အကြုံများနှင့်အတူ လုပ်ငန်းအကောင်အထည်ဖော်မည့်အစီအစဉ်၊ စုစုပေါင်းကုန်ကျမည့်ငွေကြေးပမာဏ တို့ကို တွက်ချက်ပေးရပါမည်။ အဆိုပြုလွှာများအား ၂၅-၅-၂၀၁၇ရက် နောက်ဆုံးထား၍ လာရောက်လျှောက်ထားရပါမည်။

**ဆက်သွယ်ရန်လိပ်စာ-အမှတ်၂၆၊ မြေညီထပ်၊၄၃လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၀၂၅၄၀၊ ၂၉၈၉၄၃၊**
**Email:innpaukwa@gmail.com**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 9J/3628 Nissan Vanette Sk 82 TN P/U (4×2) ယာဉ်လက်ဝယ်ရှိသူ 3Keys International Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန ခရိုင်ရုံး၊ (ရန်ကုန်အနောက်ပိုင်း)**

**အများပြည်သူသိရှိရန် ကြေညာခြင်း**

ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၈-U9)၊ မြေကွက်အမှတ် (၁၈၆)၊ မြေဧရိယာ ၀ဒသမ၀၁၁ဧကရှိ နှစ်၆၀ဂရန် မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် လက်ရှိပိုင်ဆိုင်သူ ဦးမျိုးလွင်ဦး(ဘ)ဦးကျင်စိုင်၁၂/မဂတ(နိုင်)၀၇၉၁၈၁ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်ဝင်းမြင့်**
**အထက်တန်းရှေ့နေ၊ စဉ်-၄၆၇၆၀**
**အမှတ်(၁၂၂)၊ ၂လမ်း၊**
**အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၇၁၄၃၃**

**စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ**

ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး
ဗိုလ်မှူးချုပ်တင်ယု(ငြိမ်း)-ဒေါ်ခင်မာမာလင်းတို့၏သားကြီး

**ဗိုလ်ကြီးတင်ထက်လင်း(ငြိမ်း)**
**B.E(Mech:),DSTA**

**နှင့်**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
ဒေါက်တာအောင်မျိုး-ဒေါ်ရီရီလင်းတို့၏သမီးကြီး

**မကြည်ပြာအောင်မျိုး**
**BBM (National Management College)**
**Diploma in Accounting (LCCI),**
**MBA(University of the Thai Chamber of Commerce)**

တို့၏ ၆-၅-၂၀၁၇ရက်တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်ခဲ့သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့်မိသားစု၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်အေး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် ဇနီးဒေါ်ဝင်းဝင်းမော်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး တင်အောင်စန်း၏ဇနီး ဒေါ်သန်းသန်းအေး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၏ဇနီး ဒေါ်အေးအေးသန်း တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်ပေးခြင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများချီးမြှင့်ပေးခြင်းနှင့် မင်္ဂလာလက်ထပ်လက်စွပ်များဆင်မြန်းပေးပါသော သရေစည်သူဗိုလ်ချုပ်ကြီးလှဌေးဝင်း(ငြိမ်း)နှင့်ဇနီး ဒေါ်မာမာဝေအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများအားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများအားလည်းကောင်း၊ စစ်ဘက်နယ်ဘက်ဌာနဆိုင်ရာမှ အရာရှိကြီးများနှင့် ဇနီးများအားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ပေးကြသော စစ်တက္ကသိုလ်ဗိုလ်လောင်းအမှတ်စဉ် (၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊)မှ ကျောင်းဆင်းအရာရှိကြီးများနှင့် ဇနီးများအားလည်းကောင်း၊ ဗိုလ်သင်တန်းအမှတ်စဉ်(၆၁)မှ ကျောင်းဆင်းအရာရှိကြီးများနှင့် ဇနီးများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်အောင်မြင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ တိုင်းတပ်ဖွဲ့ဝင်များ၊ မင်္ဂလာအခမ်းအနားမှူး ဦးရန်ပိုင်စိုး၊ မိတ်ကပ်နှင့် ဆံပင်အလှ May Oo (Magic) နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံများဆင်မြန်းပေးသော မေမြတ်ဝါဆို (Happy Heart)နှင့် မနှင်းလဲ့ (Victory)၊ မှတ်တမ်းတင်ဗီဒီယိုနှင့်ဓာတ်ပုံများရိုက်ကူးပေးပါသော Peten's Bridal Garden မင်္ဂလာပန်းအလှဆင်ပေးသော မစန်းစန်းဦး တို့အားလည်းကောင်း၊ မင်္ဂလာဖိတ်စာများအား စိတ်တိုင်းကျဆောင်ရွက်ပေးသော Dagon Printing & Invitation Cards၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးသော"Great Diamond" Gems & Jewellery ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာပွဲတက်ရောက်လာသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ၂-၅-၂၀၁၇ရက်တွင် မန္တလေးမြို့ မဟာမြိုင်ကျောင်းတိုက်တွင်ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ တက်ရောက်ချီးမြှင့်ပေးကြသော လူကြီးမင်းများအားလည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူအားလုံး အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးတင်ထက်လင်း(ငြိမ်း)-မကြည်ပြာအောင်မျိုး**

## အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူစွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အပတ်စဉ်တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# လုံခြုံစိတ်ချ ဘေးအန္တရာယ်ကင်းရှင်းသည့် ထုတ်ကုန်များဖြင့် သေးသေးလေးက စလိုက်ပါ

**ခင်ရတနာ၊ ဓာတ်ပုံ-ဇူလိုင်မိုး**



မွှေးကြိုင်သည့် ရနံ့များက အခန်းတစ်ခုလုံး လွှင့်ပျံ့နေသည်။ လာဗင်ဒါရနံ့...။ သည်ရနံ့ကို လူတိုင်းကြိုက်နှစ်သက်ကြသကဲ့သို့ သံပရာနှင့် အခြားသော ပန်းပေါင်းစုံ၊ ရေမွှေးရနံ့ပေါင်းစုံက သုံးစွဲသူများအတွက်တော့မသိ။ ထုတ်လုပ်သူအတွက်တော့ ရိုးအီ၍ပင် နေသည်။ “လူကြိုက်များတဲ့ ရနံ့တွေက ပိုရောင်းရတယ်။ အစားအသောက်မှာတော့ သုံးလို့မရတဲ့ ရနံ့ဆိုးဆေးပေ့ါ။ ကျွန်မရဲ့ လုပ်ငန်းမှာတော့ မရှိမဖြစ်တဲ့ အရာတွေ။ လိုက်လုပ်သူများလာတော့ ဈေးလျှော့ရောင်းရတယ်။ ဆိုင်ကြီးတွေမှာ တင်လို့မရပေမယ့် ရပ်ကွက်တွေ၊ ကျေးရွာတွေက အိမ်ဆိုင်တွေမှာ ကျွန်မတို့လို ပစ္စည်းပို့သူတွေ များသမှ သိပ်ကိုများတယ်” ဟု မစောစောမြင့်က ပြောသည်။

သူသည် လွယ်ကူရိုးရှင်းသည့် ဆပ်ပြာမျိုးနွယ် ထုတ်ကုန်များကို နေအိမ်တွင်ပင် တစ်နိုင်တစ်ပိုင်ထုတ်လုပ်ခြင်းဖြင့် မိသားစုဝင်ငွေကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသူဖြစ်သည်။ ရန်ကုန်မြို့တွင် တစ်နိုင်တစ်ပိုင်ထုတ်ကုန်များ ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် သင်တန်းငယ်များမှိုလိုပေါက် ဖွင့်လှစ်လာကြပြီး နိုင်ငံတစ်ဝန်းတွင် သင်တန်းဆင်းပြီးသည်နှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းငယ်များလည်း တစ်စတစ်စ များပြားလာသည်။

စားသောက်ကုန်အမျိုးအစားတွင် ရေခဲမုန့်ထုတ်လုပ်ခြင်း၊ ရေခဲခြစ်ထုတ်လုပ်ခြင်း၊ ဂျယ်လီ၊ ဒိန်ချဉ်၊ ကိတ်မုန့်၊ ကွတ်ကီး၊ ပေါင်မုန့်၊ ပေါက်စီ၊ ကိုရီးယားအကင်မျိုးစုံ စသည့် ထုတ်လုပ်မှုလုပ်ငန်းများကို သင်တန်းများက သင်ကြားပေးကြပြီး ဆပ်ပြာအမျိုးမျိုး၊ လက်ဆေးဂျယ်၊ ခေါင်းလျှော်ရည်၊ ပန်းကန်ဆေးဆပ်ပြာရည်၊ မျက်နှာသစ်ဆေး၊ မိတ်ကပ်၊ နှုတ်ခမ်းနီ၊ ပေါင်ဒါ၊ မျက်ခုံးဆွဲခဲတံအစရှိသည့် အလှကုန်များ ထုတ်လုပ်ခြင်းသင်တန်းများကိုလည်း ငွေကျပ် ၄၅၀၀၀ မှ စတင်ကာ ငါးသိန်းဝန်းကျင်အထိ ပေးရုံမျှဖြင့် သင်ယူနိုင်ပြီး တစ်နိုင်တစ်ပိုင် ပြန်လည်လုပ်ကိုင်နေကြသည်ကို မြင်တွေ့ရသည်။

“အရင်းအနှီးက ငါးသိန်းတောင်မပြည့်ပါဘူး။ ကိုယ့်မိတ်များရင် များသလိုရောင်းရတယ်။ ဆံပင်ပျော့ဆေး တစ်လီတာတစ်ဘူးကို အရင်းက ငွေကျပ် ၇၀၀ လောက်ပဲ ရှိတယ်။ ပြန်ရောင်းရင် ငွေကျပ် ၁၈၀၀ ကနေ ၂၅၀၀ ကြားရတယ်။ ပန်းကန်ဆေးဆပ်ပြာဆိုရင် ဘူးသေးတစ်ဘူးကို လက်ကား ငွေကျပ် ၇၀၀နဲ့ ရောင်းနိုင်တယ်။ အရင်းက ငွေကျပ် ၃၀၀ ဝန်းကျင်ပဲရှိတယ်။ မြတ်ပေမယ့် လုပ်ငန်းတူတွေများလာတော့ ဈေးကွက်ချဲ့ဖို့ ကြိုးစားရတယ်”ဟု သင်တန်းဆင်း၍ ကိုယ်တိုင်ထုတ်လုပ်ရောင်းချနေသူ တစ်ဦးကလည်း ရှင်းပြသည်။

တစ်နိုင်တစ်ပိုင် ထုတ်လုပ်သူများအတွက် အဓိကကုန်ကြမ်းဈေးကွက်မှာ ရန်ကုန်မြို့တွင်မူ သိမ်ကြီးဈေးမှဖြစ်ပြီး လိုအပ်သည့် အရောင်၊ အနံ့၊ အရသာများ အားလုံးသည် ဓာတုဗေဒနည်းဖြင့် ထုတ်လုပ်ထားသည့် ကုန်ကြမ်းများဖြစ်ကြသည်။ ထို့ပြင် ကုန်ကြမ်းဖြစ်သည့် ဆပ်ပြာဆီများ၊ မိတ်ကပ်အနှစ်ခဲများ စသည်တို့ကိုလည်း အလွယ်တကူပင် ဝယ်ယူနိုင်ကြသည်။ စားသောက်ကုန်လုပ်ငန်းအတွက် ကုန်ကြမ်းပစ္စည်းများကို ရောင်းချသူတို့အဆိုအရ ပြောင်းဖူး၊ နှမ်းဖတ်၊ ပီလောပီနံစသည်တို့ဖြင့် ပြုလုပ်ထားသည့် ကုန်ကြမ်းများ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အဓိကဝင်ရောက်ကြောင်း သိရပြီး ကုန်ကြမ်းများသည် ကိုရီးယား၊ မလေးရှား စသည့် နိုင်ငံထုတ်ဟု ပြောဆိုရောင်းချလျက်ရှိသည်။

“ကျွန်တော်တို့ဆိုင်မှာ ရနံ့မျိုးစုံရတယ်။ စားသောက်ကုန်ဆိုရင် ပဲဆီ၊ နှမ်းဆီ၊ ကြက်သွန်နံ့၊ ငရုတ်ကောင်း၊ ခရုဆီ၊ ပုစွန်၊ ကဏန်း၊ ငါးမုတ်၊ ငါးပိ၊ မုန်ညင်းဆီ စသည်ဖြင့် အနံ့မျိုးစုံရှိတယ်။ ပဲဆီနံ့ ထည့်လိုက်ရင် ကြိတ်ဆုံကနေ ပထမဆုံးထွက်လာတဲ့ ပဲဆီထက်တောင် မွှေးသေးတယ်။ ငါးမုတ်ဆိုလည်း ငါးမုတ်အစစ်တောင် သူ့လောက်မမွှေးဘူး။ အနံ့အတော်များများ ရောင်းပေးတယ်။ ကုန်ကြမ်းဝယ်တာတော့ တရုတ်ကပဲ။ ကျွန်တော်က ကိုယ်တိုင်သွင်းတာမဟုတ်ပါဘူး။ တစ်ဆင့်ယူရောင်းတာပါ”ဟု ရနံ့ကုန်သည်က ပြောပြသည်။

**တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများကို ဒေသများအားလုံးတွင် ဖွံ့ဖြိုးလာစေရန် နိုင်ငံတော်မှလည်း အထူးအားပေး ကြိုဆိုလျက် ရှိပြီး စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်ရန်အတွက်လည်း ဂျိုက်ကာအပါအဝင် အခြားသော ဘဏ်လုပ်ငန်းစုများကလည်း ချေးငွေများ ထုတ်ပေးလျက်ရှိကြသည်။ သို့သော် ခိုင်မာပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် စီးပွားရေးလုပ်ငန်းများဖြစ်ရန် လိုအပ်**

ထိုကုန်ကြမ်းများ၏ ခိုင်မာသည့် ထုတ်ကုန်အမှတ်တံဆိပ်၊ ထောက်ခံစာများကို မမြင်တွေ့ရဘဲ ကြာပန်းပုံ၊ အိမ်ပုံစသည်ဖြင့် အမှတ်တံဆိပ်အချို့ကိုသာ မြင်တွေ့ရသည်။ တစ်နိုင်တစ်ပိုင် ဝယ်ယူကြသူများကလည်း မိမိတတ်နိုင်သည့် ပမာဏကိုသာ ဝယ်ယူကြခြင်းကြောင့် ကုန်ကြမ်းများ၏ အမှတ်တံဆိပ်၊ အမည်နှင့်ထုတ်လုပ်သည့် နိုင်ငံ စသည်တို့ကို မသိရှိကြကြောင်း ၎င်းတို့ထံမှ သိရသည်။

“ကျွန်တော်တို့က ဈေးဆိုင်ကြီးတွေ၊ ကုန်တိုက်တွေမှာ တင်လို့မရပါဘူး။ အမှတ်တံဆိပ်က မှတ်ပုံတင်ထားတာမရှိဘူး။ တင်လို့လည်း မလွယ်ဘူးလေ။ ကုန်ကျစရိတ်က အများကြီးရှိလာမယ်။ အခွန်အခတွေနဲ့ဆိုတော့ တစ်နိုင်တစ်ပိုင် အဆင့်ပဲရမယ်။ ပေါင်မုန့်၊ ဒါးလှီးမုန့်နဲ့ ပဲမုန့်လို မုန့်သမားတွေကတော့ ဆိုင်ကြီးတွေကို ပို့နေကြတာပဲ။ သူတို့ကတော့ ကုန်ကြမ်းက ဓာတုဗေဒနည်းတော့ ပို့ရဲတာဖြစ်မယ်။ ကျွန်တော်တို့ကတော့ မလုပ်ရဲဘူး။ အဓိကကတော့ ကုန်ကြမ်းကို မယုံရဲဘူး”ဟု ပင်လယ်စာအစားအစာ ထုတ်လုပ်ရောင်းချသူတစ်ဦးကလည်း ပြောပြသည်။

တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများကို ဒေသများအားလုံးတွင် ဖွံ့ဖြိုးလာစေရန် နိုင်ငံတော်က အထူးအားပေးလျက်ရှိပြီး စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်ရန်အတွက် ဂျိုက်ကာအပါအဝင် အခြားသော ဘဏ်လုပ်ငန်းစုများကလည်း ချေးငွေများ ထုတ်ပေးလျက်ရှိကြသည်။ သို့သော် ခိုင်မာပြီး ဘေးအန္တရာယ် ကင်းရှင်းသည့် စီးပွားရေး လုပ်ငန်းများဖြစ်ရန် လိုအပ်ပါသည်။

“ကျွန်တော်ကတော့ မြောက်ဥက္ကလာမှာ ကိုယ့်နီးစပ်ရာကို သင်တန်းတွေလည်း ပြန်ပေးနေပါတယ်။ ဆပ်ပြာမှုန့်လုပ်နည်း၊ ရွှေဝါလို အကြမ်းခဲလုပ်နည်း၊ ဘက်စုံသုံးဆပ်ပြာဆီ၊ ခေါင်းလျှော်ရည်၊ လိုးရှင်း၊ ရေချိုးဆပ်ပြာ၊ ရေမွှေးအားလုံးကို သင်ပေးပါတယ်။ ကုန်ကြမ်းဆိုရင်တော့ အရည်အသွေးအမျိုးမျိုးရှိပါတယ်။ ကျွန်တော့်သင်တန်းသားတွေကိုတော့ အော်ဂဲနစ်တွေကိုပဲ အဓိက သုံးခိုင်းပါတယ်။ ကျွန်တော့်သင်တန်းက ဆင်းသွားရင် လုပ်ငန်းလိုင်စင်ရဖို့အတွက်အထိ ကျွန်တော်ကူညီပေးတယ်။ ကုန်ကြမ်းက အရေးကြီးတော့ ရွေးချယ်မှာယူတတ်ဖို့တော့ လိုအပ်ပါတယ်”ဟု သင်တန်းဆရာ ကိုချမ်းက ပြောပြသည်။

ကုန်ကြမ်းဆိုးဆေးများတွင် ဆပ်ပြာဆီ၊ ဆပ်ပြာခရင်တို့အပြင် အစားအစာဆိုးဆေး၊ ပိုးဆိုးဆေး၊ သားရေဆိုးဆေး၊ နီခရိုဇင်(ဆီအမျိုးမျိုး) အတွက် ဆိုးဆေး၊ ပလတ်စတစ်ဆိုးဆေး၊ ဖယောင်းဆိုးဆေး စသည့် ဆိုးဆေးအမျိုးမျိုးသည် ထောက်ခံချက်၊ အရည်အသွေးစစ်ဆေးချက်များ ပါဝင်သည့် ဆိုးဆေးများ ရှိသော်လည်း အချို့ဆိုးဆေးများမှာ သက်တမ်း၊ ကုန်ကြမ်းအမျိုးအစား၊ ထုတ်လုပ်သည့်နိုင်ငံနှင့် စစ်ဆေးချက်များ မပါရှိဘဲ ဈေးကွက်တွင်းရောင်းချနေကြသည်ကို မြင်တွေ့ရသည်။

တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ အရှိန်ရစေရန် ကြိုးပမ်းနေသည့် ကာလတွင် တံဆိပ်တုများဖြင့် ထုတ်လုပ်ခြင်း၊ မိမိ၏ထုတ်ကုန်အရည်အသွေးကို တန်ဖိုးမထားခြင်းတို့ကြောင့် ခိုင်မာသည့် အခြေခံစီးပွားရေးဖြစ်လာရန် စိန်ခေါ်မှုများ ရှိနေသေးကြောင်း စွန့်ဦးလုပ်ငန်းစီးပွားရေးလုပ်ငန်းရှင်အဖွဲ့မှ ကိုဇေယျာက လူငယ်စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့တွေ့ဆုံသည့် အခမ်းအနားတွင် ပြောကြားခဲ့ဖူးသည်။

“အလှကုန်နဲ့ စားသောက်ကုန်တွေကို အသေးစားလုပ်ငန်းလိုင်စင် လျှောက်မယ်ဆိုရင် အက်ဖ်ဒီအေရဲ့ထောက်ခံချက်ရပြီးမှ လိုင်စင်ထုတ်ပေးတာပါ။ ကျွန်တော်တို့ဆီမှာ စက်မှုဇုန်မှာအထိ သွားထုတ်ဖို့လုံလောက်တဲ့ ငွေကြေးအရင်းအနှီးမရှိပါဘူး။ အိမ်မှာပဲ တစ်နိုင်တစ်ပိုင်လုပ်နေရတဲ့ အနေအထားဖြစ်ပါတယ်။ ဒါကြောင့် လုပ်ငန်းလိုင်စင်အတွက် ခက်ခဲနေကြရပါတယ်”ဟု စားသောက်ကုန်ထုတ်လုပ်မှုဖြင့် အမြတ်အစွန်းရရှိသူတစ်ဦးက ပြောပြသည်။

ပြည်တွင်းရှိ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေကြသည့် လိုင်စင်မရှိသေးသည့် လုပ်ငန်းရှင်ပေါင်း နှစ်သောင်းမှ တစ်သိန်းကြားတွင် ရှိနိုင်ပြီး အဖွဲ့အစည်းအချို့မှ လုပ်ငန်းအမျိုးအစားအလိုက် ချေးငွေများ ထုတ်ချေးပေးနေသည်ကိုလည်း မြင်တွေ့ရသည်။

“ချေးငွေရဖို့ဆိုတာကတော့ မှန်ကန်ပြီး ဘေးအန္တရာယ်ကင်းရှင်းတဲ့ လုပ်ငန်းအမျိုးအစားဖြစ်ဖို့ လိုအပ်ပါတယ်။ စားသုံးသူကို ဘေးဥပဒ်မဖြစ်စေတဲ့အရာတွေ ထုတ်လုပ်ဖြန့်ဖြူးဖို့ လိုအပ်တယ်”ဟု အမျိုးသမီးများအား ချေးငွေများထုတ်ချေးပေးနေသည့် စွမ်းရည်အဖွဲ့မှ မဖြိုးဖြိုးက ပြောပြသည်။

ထို့ပြင် အချို့စားသောက်ကုန်များသည် စားသုံးရန်မသင့်သည့် ဓာတုဗေဒပစ္စည်းများ ထည့်သွင်းထုတ်လုပ်ထားသဖြင့် ရေရှည်တွင် စားသုံးသူများ၏ ကျန်းမာရေးကို ထိခိုက်နိုင်သည်။ ထို့ပြင် အတုအပလိုက်လံပြုလုပ်၍ ထုတ်လုပ်သည့် ဈေးကွက်ကိုလည်း အဆိုပါလုပ်ငန်းများတွင် တွေ့ရသည်။ အက်ဖ်ဒီအေထောက်ခံချက်၊ အိုင်အက်စ်အိုလက်မှတ်များ မပါရှိသည့် ကုန်ကြမ်းများကို အလွယ်တကူ ဝယ်ယူနိုင်ကြပြီး ကုန်အမှတ်တံဆိပ် ဆင်တူယိုးမှားများ၊ အသားတံဆိပ်များနှင့် ထုပ်ပိုးပုံစံများ၊ မိုလ်များအားလုံးကို ဝယ်ယူခြင်းဖြင့် အမှတ်တံဆိပ်အတုများ ပြုလုပ်ခြင်းမှာလည်း အလွန်ပင် လွယ်ကူလာနေသည်ဟု အဆိုပါထုတ်လုပ်သည့် အသိုင်းအဝိုင်းမှ သိရသည်။


“ဆပ်ပြာမှာတောင် လပ်စ်ဆပ်ပြာနဲ့၊ လိုက်ဖ်ဘွိုင်နဲ့၊ ဒက်တောနဲ့ အကုန်အတုရှိတယ်။ ရေမွှေးမှာလည်း ပုလင်းပေါင်းစုံ အတုရှိတယ်။ အစစ်နဲ့ အတုက သုံးကြည့်မှ သိတာ။ ပုံသဏ္ဌာန်ကတော့ အတူတူပဲ”ဟု နာမည်ကြီး လင်ကွန်း အမှတ်တံဆိပ်ကို အတုအပပြုလုပ်ကာ ရောင်းချသည်ကို မြင်တွေ့ခဲ့ရ သူတစ်ဦးက ပြောပြသည်။

မြန်မာနိုင်ငံ၌ အသေးစား၊ အလတ်စားနှင့် တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်အရေအတွက် အားလုံးမှာ နိုင်ငံ၏ စီးပွားရေးလုပ်ငန်းရှင်များအားလုံးတွင် ၉၀ ရာခိုင်နှုန်းခန့်ရှိခြင်းကြောင့် ယင်းတို့ စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်မှသာ နိုင်ငံ၏ ဂျီဒီပီမှာလည်း တိုးတက်လာမည်ဖြစ်သည်။ သို့သော် ထုတ်လုပ်မှုလုပ်ငန်းများ၌ စားသုံးသူအတွက် ဘေးအန္တရာယ်ကင်းရှင်းရေးသည် အရေးကြီးသည့် ကဏ္ဍတစ်ခုဖြစ်ခြင်းကြောင့် စားသုံးသူများအရေးကိုလည်း ထည့်သွင်းစဉ်းစားခြင်းဖြင့် မိမိထုတ်ကုန်ကို ယုံကြည်စိတ်ချရသည့် ကုန်စည်ဖြစ်ရန် ကြိုးပမ်းသင့်ကြောင်း မဖြိုးဖြိုးက ရှင်းပြသည်။


“ကုန်ကြမ်းအစစ်အမှန်ရှာမရလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ လက်လှမ်းမီရာ အရည်အသွေးမမြင့်တဲ့ ကုန်ကြမ်းတွေ အသုံးပြုထားခဲ့မယ်ဆိုရင် စားသုံးသူအတွက် ဒုက္ခပေးတဲ့ ကုန်စည်ပါပဲ။ အဲဒါကို အကြောင်းပြုပြီး လွယ်လွယ်ရောင်းချတာတော့ မလုပ်သင့်ဘူး။ ဥပမာပြောရရင် ငါးချဉ်ဆိုပါစို့။ ချဉ်ချင်ရာနဲ့ ချဉ်ထားပြီး ကုန်ကြမ်းရှားလို့ဆိုပြီး အခြားအရာတွေ ရောနှောထုတ်ထားတယ်။ အခြားစားသောက်ကုန်လည်း အဲဒီအတိုင်းပဲ။ အနံ့၊ အရောင်၊ အရသာဆိုးဆေးတွေ အသုံးပြုတယ်။ ဝယ်သူက ကာလာလှမှုကြိုက်တာကိုလို့ အကြောင်းပြတယ်။ ကိုယ်သုံးတဲ့ ကုန်ကြမ်းကို သိရှိပြီး ဘေးထွက်ဆိုးကျိုးကိုလည်း သိပြီးမှ ပိုကောင်းတဲ့ ထုတ်ကုန်ကိုထုတ်ရင်း တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းတွေကို သေးသေးလေးက စလိုက်ပါ”ဟု စားသုံးသူတစ်ဦးက အကြံပြုသည်။









THIEF


HTOO





# မြန်မာသဒ္ဒါသင်ကြားရေး (၅)

**မောင်ခင်မင်(ဓနုဖြူ)**

"ဆရာဖတ်ပြတဲ့ ဆရာကြီးဦးဖေမောင်တင်ရဲ့ စာမှာ ဆရာကြီးကိုယ်တိုင်က သဒ္ဒါကို ရွံ့ရှာတယ် တို့၊ သဒ္ဒါနဲ့နှိပ်စက်က လူပြုတာခံရတယ်တို့ သုံးထားတာဆိုတော့ ဆရာကြီး ကျောင်းသားဘဝက သဒ္ဒါသင်ကြားရေးအခြေအနေဟာ တော်တော်ဆိုးလို့နေမှာပေါ့ နော်"

"ဒါပေါ့ကွယ်၊ မြန်မာစကားရဲ့ သဒ္ဒါနည်းစနစ်တွေကို ရိုးရိုးလွယ်လွယ်မရေးဘဲ ပါဠိဝေါဟာရတွေ အရှည်ကြီးတွေ သုံးပြီး ခက်ခက်ခဲခဲ ရေးထားတာဆိုတော့ ကျောင်းသားတွေက သဒ္ဒါကိုကြောက်လည်းကြောက်၊ စိတ်လည်းညစ်ကြမှာပေါ့"

"ဟုတ်တာပေါ့ ဆရာ"

"အဲဒီတုန်းက မြန်မာသဒ္ဒါစာအုပ်တွေက အင်္ဂလိပ်စကား ဩဇာရော ပါဠိစကားဩဇာရော မကင်းဘူး။ ဝါစင်္ဂရှစ်ပါးပုံစံက ဆရာပြောခဲ့တဲ့အတိုင်း အင်္ဂလိပ်သဒ္ဒါပုံစံပဲ၊ သုံးတဲ့ သဒ္ဒါအခေါ်အဝေါ်တွေက အားလုံးလိုလို ပါဠိဝေါဟာရ တွေဖြစ်နေတယ်"

"ရှင်းပြပါဦး ဆရာ"

"စဉ်းစားကြည့်လေ။ ဝါစင်္ဂရှစ်ပါးနာမည်တွေက စပြီး ပါဠိဝေါဟာရတွေချည်း မဟုတ်လား။ နာမ်၊ ကြိယာ၊ နာမဝိသေသန၊ ဝိဘတ်၊ အာမေဍိတ် စတဲ့အသုံးတွေကြည့်လေ။ အဲဒီစာအုပ်တွေမှာ သဒ္ဒါကို အပိုင်းသုံးပိုင်း ခွဲတယ်။ တစ်ပိုင်းက အက္ခရပ္ပဗေဒပိုင်း-တဲ့၊ အက္ခရာတွေ အသံတွေကို ပုဒ်ဖြစ် အောင် ပေါင်းစပ်တဲ့အပိုင်းကို ဆိုလိုတာ၊ နောက်တစ်ပိုင်းက ပဒဝိဝေစနပိုင်း-တဲ့၊ ပုဒ်တွေကို ဘယ်လိုပိုင်းခြားတယ်ဆိုတဲ့ အပိုင်းပေါ့၊ ဝါစင်္ဂရှစ်ပါးက အဲဒီအပိုင်းမှာ ပါတာပေါ့။ နောက်ဆုံးအပိုင်းကတော့ ကာရကကပ္ပပိုင်း-တဲ့။ ပုဒ်တွေကိုဝါကျဖွဲ့တဲ့ အပိုင်းပေါ့"

"ဩော် ... အဓိပ္ပာယ်ရှင်းမပြရင် နားလည်ဖို့တော်တော် ခက်မှာ နော်"

"ပြီးတော့ သဒ္ဒါစာအုပ်တစ်အုပ်လုံး ပါဠိနာမည်တွေချည်းပဲ။ နာမ်ငါးမျိုးခွဲတာဆိုပါတော့။ နာမ်အမျိုးအစားတွေကို ဧကဝိဇနာမ်၊ ဝေါဟာရနာမ်၊ သမူဟနာမ်၊ ဒဗ္ဗနာမ်၊ စိတ္တဇနာမ်-တဲ့။ ဆရာတို့ ငယ်ငယ်က မြန်မာသဒ္ဒါသင်ရတော့တောင် အဲဒီဝေါဟာရတွေ ကျက်ခဲ့ရသေးတယ်"

"ဩော် ... ဟုတ်ကဲ့"

"ပြီးတော့ 'ဝါကျများကို သမ္ဘာရပရိစ္ဆေဒပြုလုပ်နည်း အကြောင်းစာဆိုတဲ့ စာအုပ်လည်း သင်ရတယ်။ သမ္ဘာရ ဆိုတာက အစိတ်အပိုင်း၊ ပရိစ္ဆေဒ ဆိုတာက ခွဲခြမ်းစိတ်ဖြာတာ၊ ဝါကျအစိတ်အပိုင်းတွေ ခွဲတဲ့နည်းပေါ့။ အဲဒါတွေလည်း သင်ရတယ်"

"ဝါကျကို ဘယ်လိုခွဲတာပါလဲ ဆရာ"

"သိသာရုံပြောပြပါ့မယ်။ 'ကျွန်ုပ်စီးသည့်မြင်းသည် အလွန်အပြေးမြန်၏' ဆိုတဲ့ဝါကျကို သမ္ဘာရ ပရိစ္ဆေဒလုပ်ရင်.... အဲ.....ခွဲခြမ်းစိတ်ဖြာရင်ပေါ့၊ 'မြင်းသည်'က ကတ္တားတဲ့၊ 'ကျွန်ုပ်စီးသည့်' က နာမဝိသေသန ဝါကျကလ္လာတဲ့၊ 'မြန်၏' က ဝါစကတဲ့၊ 'အလွန်' နဲ့ 'အပြေး'က ဝါစကယုတ္တိများ....တဲ့။ 'အလွန်'က ပမာဏကိုပြတယ်၊ 'အပြေး'က နည်းကိုပြတယ်.. တဲ့"

"အစိတ်အပိုင်းတွေ ခွဲနည်းက သိပ်မခက်ဘဲ ဝေါဟာရတွေက ခက်နေတယ်နော်ဆရာ"

"ဒါကြောင့် သဘောပေါက်ဖို့၊ နားလည်ဖို့ခက်တာပေါ့ကွယ်။ ပြီးတော့ အဲဒီစာအုပ်တွေကို စတုတ္ထတန်းက စပြီးသင်ရတာလေ။ ကလေးတွေ သဘောပေါက်ဖို့ ဘယ်လွယ်မှာလဲ။ ဒါထက် ရှည်လျားရှုပ်ထွေးတဲ့ ပါဠိဝေါဟာရတွေ အများကြီးပါတယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီတုန်းက ထွက်တဲ့သဒ္ဒါ စာအုပ်တစ်အုပ်လောက် လေ့လာကြည့်ရင် အဲဒီတုန်းက သဒ္ဒါသင်ကြားရေး အခြေအနေကို အကဲခတ်နိုင်မှာပါ"

"ဟုတ်ကဲ့ပါ"

"ဒါပေမယ့် ဝါစင်္ဂရှစ်ပါး လမ်းကြောင်းကိုမလိုက်ဘဲ မြန်မာစကားကို မြန်မာ့အမြင်နဲ့ကြည့်ပြီး ပြုစုတဲ့ သဒ္ဒါစာအုပ်တွေလည်း ပေါ်ပေါက်လာသေးတယ်။ ထင်ရှားတဲ့ စာအုပ်တွေကတော့ ဝဇီရဗုဒ္ဓိဦးဖိုးစိန်ရဲ့ စာအုပ်တွေပဲ"

"ဆရာကြီးရဲ့အကြောင်းကို ဖတ်ဖူးပါတယ်ဆရာ။ ပညာအုပ်ဦးဖိုးစိန်လို့လည်း ခေါ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်။ ဆရာကြီးက ပညာရေးဌာနမှာ ပညာအုပ်အဖြစ် အမှုထမ်းတယ်။ စာအုပ်တွေလည်း အများကြီး ရေးသွားတယ်။ မန္တလေးသာသနာပိုင်ဆရာတော်က ဝဇီရဗုဒ္ဓိ ဆိုတဲ့ ဘွဲ့ချီးမြှင့်တယ်"

"ပညာရှင်ကြီးပေါ့နော်"

"ဟုတ်ပါတယ်။ ဆရာကြီးဦးဖိုးစိန်က 'မြန်မာစာစီစာကုံး ကျမ်း' ဆိုတဲ့စာအုပ်နှစ်အုပ်ပြုစု ထုတ်ဝေတယ်။ ၁၉၃၀ ကျော်က ထွက်တဲ့ စာအုပ်တွေပေါ့။ စာစီစာကုံးကျမ်းဆိုပေမယ့် ရှေ့ပိုင်းက မြန်မာသဒ္ဒါကျမ်းပါပဲ။ သဒ္ဒါနည်းစနစ်တွေကို ရေးထားတာလေ"

"ကျွန်တော်လည်း သဒ္ဒါစာအုပ်တွေ လေ့လာတုန်းက ဆရာကြီးရဲ့ 'မြန်မာစာစီစာကုံးကျမ်း'ကို လေ့လာဖူးပါတယ်။ မြန်မာဆန်ဆန်ပြုစုထားတဲ့ စာအုပ်လို့ မှတ်မိနေပါတယ် ဆရာ"

"စိတ်ဝင်စားစရာတစ်ခုက ဒီစာအုပ်မှာ နာမ်နဲ့ကြိယာ ဆိုတဲ့ ဝါစင်္ဂနှစ်မျိုးပဲခွဲပြီး နာမ်ကိုကြိယာနဲ့ စပ်နည်း၊ နာမ်ကို နာမ်နဲ့ စပ်နည်း၊ ကြိယာကို ကြိယာနဲ့ စပ်နည်းဆိုတဲ့ နည်းတွေကို အဓိက ပြထားတာပဲ။ နာမ်နဲ့ကြိယာကို 'သည်၊ ကို၊ နှင့်၊ ကြောင့်' စတဲ့ပစ္စည်းတွေနဲ့ ဘယ်လိုတွဲစပ်ရတယ်ဆိုတာတွေ ရှင်းရှင်းလင်းလင်း ပြထားတယ်"

"ဒါဆို ဝါစင်္ဂရှစ်ပါး မခွဲဘူးပေါ့နော်ဆရာ"

"ဟုတ်တယ်။ ဆရာကြီးက အဲဒီဝါစင်္ဂနှစ်ပါးကိုပဲ အဓိကထားပြီး ပြတာပါ။ ပစ္စည်းပါထည့်ရင်တော့ ဝါစင်္ဂသုံးပါးလို့ ခေါ်နိုင်တာပေါ့။ ပြီးတော့ သုံးထားတဲ့ သဒ္ဒါဝေါဟာရတွေကလည်း မြန်မာလိုရိုးရိုးရှင်းရှင်းသုံးထားတာမို့ ပါဠိဝေါဟာရတွေ မတွေ့ရဘူးလေ"

"ဟုတ်ကဲ့ပါ"

"ဆိုပါစို့။ အခုကတ္တားလို့ သုံးနေတဲ့ဝေါဟာရကို ဆရာကြီးက 'လုပ်သူ'လို့ ရိုးရိုးကလေး သုံးတယ်။ အဲဒီလိုပဲ အလုပ်ခံ၊ လုပ်စကား၊ လုပ်သည့်အချိန်၊ ခံယူသူ၊ ထွက်ခွာရာ၊ ရှေးရှုရာ မဟုတ်ပြစကား၊ အဖြစ်စကား၊ အငြင်းစကား၊ အမေးစကား၊ အဖြေစကား ဆိုတဲ့ ဝေါဟာရတွေ သုံးထားတာ သဘောကျစရာ ကောင်းတယ်"

"ဟုတ်ကဲ့ပါ"

"ဆရာကြီးက တခြားစာအုပ်တွေမှာလည်း မြန်မာသဒ္ဒါနည်းတွေ ထည့်ရေးတယ်။ မြန်မာသဒ္ဒါနည်းအနက် နည်းကျမ်း၊ မြန်မာစကားနက်ကျမ်း၊ မြန်မာကဗျာဖွဲ့နည်းကျမ်းတွေမှာ သဒ္ဒါအကြောင်းတွေပါတယ်။ လေ့လာကြည့်ရင် မှတ်သားစရာတွေ အများကြီးပေါ့"

"ဟုတ်ကဲ့၊ လေ့လာကြည့်ပါ့မယ်ဆရာ"

"ဆရာကြီးက သဒ္ဒါစာအုပ်တွေနဲ့ ပတ်သက်ပြီး မှတ်ချက်ချထားတာရှိတယ်။ ဆရာဖတ်ပြမယ်။ 'မြန်မာစကားကိုပါဠိသဒ္ဒါတတ်သူက ပါဠိသဒ္ဒါနည်းနှင့်ရေးသည်။ အင်္ဂလိပ်သဒ္ဒါတတ်သူက အင်္ဂလိပ်သဒ္ဒါနည်းနှင့်ရေးသည်။ သင့်သည်လည်းရှိ၏။ မသင့်သည်ကများသောကြောင့် ယခုအခါ မြန်မာစကားမှာ အမှားအများပင်တွေ့ရသည်' တဲ့"

"ဩော်... ဟုတ်ကဲ့၊ ဆရာကြီးက တော်တော်ပြတ်သားတာပဲနော်"

"ဆရာ တစ်ခုသိချင်လို့ပါ"

"ဘာပါလိမ့်"

"မြန်မာစကားကို ပါဠိသဒ္ဒါ၊ အင်္ဂလိပ်သဒ္ဒါရှုထောင့်ကကြည့်လို့ မှားသွားတာမျိုး သာဓကအနေနဲ့...."

"ဟုတ်ပါပြီ။ ထင်ရှားတဲ့လက္ခဏာတစ်ခုက 'လိင်' ခွဲတာပဲ။ gender ပေါ့။ မြန်မာသဒ္ဒါတွေမှာ နာမ်တွေကို လိင်ခွဲပြတဲ့ အခန်းတစ်ခန်းပါလေ့ရှိတယ်။ ပုလ္လိင်(အဖို)နဲ့ ဣတ္ထိလိင်(အမ)ကို ယှဉ်ပြရင် ဦးလေးနဲ့အဒေါ်၊ တူနဲ့တူမ၊ နွားထီးနဲ့နွားမ၊ ကြက်ဖနဲ့ကြက်မ၊ မုဆိုးဖိုနဲ့မုဆိုးမဆိုတာမျိုး တွေပြလေ့ရှိတယ်။ တကယ်က မြန်မာစကားမှာ လိင်ခွဲတာဟာ သဒ္ဒါနဲ့ဘာမှမဆိုင်ဘူး။ ပါဠိမှာက လိင်ခွဲတာ သဒ္ဒါနဲ့ဆိုင်တယ်။ ပါဠိမှာ စကားလုံးတွေကို သဒ္ဒါလိင် (grammatical gender) ခွဲထားတယ်။ ယောကျ်ား-မိန်းမခွဲတာမျိုးမဟုတ်ဘူး။ ဆိုပါတော့ သဒ္ဒ(အသံ) ဆိုတဲ့ စကားလုံးက ပုလ္လိင်တဲ့။ နာဝါ(လှေ)ကျတော့ ဣတ္ထိလိင်တဲ့။ အက္ခိ(မျက်စိ)ကျတော့ နပုလ္လိင်တဲ့။ အဲဒီလို လိင်ကွဲရင် နောက်ကတွဲရတဲ့ဝိဘတ်(နောက်ဆက်)လည်း ကွဲတယ်။ 'အသံသည်' ဆိုရင် 'သဒ္ဒေါ' လို့ သုံးရတယ်။ 'လှေသည်' ကျတော့ 'နာဝေါ' မဖြစ်ဘူး။ 'နာဝါ' လို့ပဲသုံးရတယ်။ သိသာရုံပြောပြတာပါ။ မင်းတို့လည်းသိမှာပါ။ မြန်မာစကားကျတော့ သဒ္ဒါလိင်မရှိဘူး။ အဓိပ္ပာယ်အရကွဲတဲ့သဘာဝလိင် (natural gender) ပဲရှိတဲ့အတွက် သဒ္ဒါအသုံးမှာ ကျားနဲ့မ မကွဲဘူးလေ"

"ဟုတ်ပါတယ်ဆရာ"

"ဒါပေမယ့် မြန်မာသဒ္ဒါကို ပါဠိရှုထောင့်က ကြည့်ပြီးရေးတော့ သဒ္ဒါစာအုပ်တွေမှာ မလိုအပ်ဘဲ လိင်ခွဲတာတွေပါနေတာပေါ့။ မြန်မာစကားက ပါဠိမှာလို့ သဒ္ဒါလိင်မှ မကွဲတာ၊ သဒ္ဒါမှာ အထူးအထွေခွဲပြစရာမလိုဘူးလေ"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပါပဲ။ အင်္ဂလိပ်သဒ္ဒါသင်တော့ present tense နဲ့ past tense ခွဲရတာကိုလိုက်ပြီး မြန်မာသဒ္ဒါမှာ ပစ္စုပ္ပန်ကာလ (အခုလုပ်တာ)ဆိုရင် 'စားသည်'၊ အတိတ်ကာလ (အရင်က လုပ်တာ)ဆိုရင် 'စားခဲ့သည်' ဆိုပြီး 'ခဲ့' ကို အမြဲထည့်တာမျိုး သဒ္ဒါစာအုပ်တွေမှာ တွေ့ရတယ်။ တကယ်တော့ မြန်မာစကားမှာ ပစ္စုပ္ပန်ကာလနဲ့အတိတ်ကာလကို တခြားအသုံးတွေနဲ့ ခွဲပြတာ။ 'မနေ့က ကျွန်တော်မန္တလေးက လာတယ်' လို့သုံးရင် 'မနေ့က' ပါတဲ့အတွက် အတိတ်ကာလမှန်းသိပြီ။ 'လာခဲ့တယ်' လို့ ဒီနေရာမှာ သုံးစရာမလိုဘူး။ အဲဒီလိုပဲ အရင်ကဖြစ်တာကို 'သွားခဲ့တယ်။ ကြည့်ခဲ့တယ်။ စာဖတ်ခဲ့တယ်'။ ဆိုတာမျိုးကြိယာမှာ 'ခဲ့' တွေထည့်ရေးတာဟာ မြန်မာသဒ္ဒါသုံး မဟုတ်ဘူး။ အင်္ဂလိပ် past tenseရဲ့ ဩဇာလွှမ်းမိုးတာလို့ နားလည်နိုင်ပါတယ်"

> **တကယ်တော့ မြန်မာစကားမှာ ပစ္စုပ္ပန်ကာလနဲ့အတိတ်ကာလကို တခြားအသုံးတွေနဲ့ ခွဲပြတာ။ 'မနေ့က ကျွန်တော်မန္တလေးက လာတယ်' လို့သုံးရင် 'မနေ့က' ပါတဲ့အတွက် အတိတ်ကာလမှန်းသိပြီ။ 'လာခဲ့တယ်' လို့ ဒီနေရာမှာ သုံးစရာမလိုဘူး။ အဲဒီလိုပဲ အရင်ကဖြစ်တာကို 'သွားခဲ့တယ်။ ကြည့်ခဲ့တယ်။ စာဖတ်ခဲ့တယ်'။ ဆိုတာမျိုးကြိယာမှာ 'ခဲ့' တွေထည့်ရေးတာဟာ မြန်မာသဒ္ဒါသုံးမဟုတ်ဘူး။ အင်္ဂလိပ် past tense ရဲ့ ဩဇာလွှမ်းမိုးတာလို့ နားလည်နိုင်ပါတယ်"**

# ဇီကာပိုင်းရပ်စ်ခြိမ်းခြောက်မှုမှ ဘရာဇီးနိုင်ငံလွတ်မြောက်လာ

**ချိုးစန္ဒီနွေး**

ဘရာဇီးနိုင်ငံဟာ ဇီကာပိုင်းရပ်စ်ကြောင့်အတော်လေးဒုက္ခရောက်ခဲ့တဲ့ နိုင်ငံပါပဲ။ အခုအခါမှာတော့ ဇီကာပိုင်းရပ်စ်ရဲ့ ခြိမ်းခြောက်မှုကနေ ကင်းလွတ်လာပြီလို့ ပြောလို့ရပါပြီ။ ဘရာဇီးနိုင်ငံအတွင်း ဇီကာပိုင်းရပ်စ်ဖြစ်ပွားမှုကို သိသိသာသာလျော့ချလာနိုင်တဲ့နောက်မှာ နိုင်ငံတစ်ဝန်းအရေးပေါ်အခြေအနေ



ကနေ အဆုံးသတ်သွားပြီလို့ ဘရာဇီးနိုင်ငံက ကြေညာခဲ့ပါတယ်။ ယမန်နှစ်ကနဲ့ နှိုင်းယှဉ်ရင် ယခုနှစ် ဇန်နဝါရီလနဲ့ ဧပြီလအတွင်းမှာ ရောဂါ ဖြစ်ပွားမှုနှုန်း ၉၅ ရာခိုင်နှုန်းခန့်ကျဆင်းသွားတယ်လို့ အာဏာပိုင်များက ပြောပါတယ်။

ဇီကာပိုင်းရပ်စ်ရဲ့ ခြိမ်းခြောက်မှုကတော့ ရောဂါပိုးကူးစက်ခံရတဲ့မိခင်က မွေးလာတဲ့ကလေးငယ်ဟာ ပုံမှန်မဟုတ်တဲ့ ဦးခေါင်းသေးငယ်တဲ့ ကလေးတွေ မွေးဖွားလာနိုင်တယ်ဆိုတာပဲဖြစ်ပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် ဇီကာပိုင်းရပ်စ် ကူးစက်မှုနှုန်းမြင့်နေတဲ့အချိန် ဘရာဇီးနိုင်ငံမှာ အိုလံပစ်အားကစားပြိုင်ပွဲကြီး ကျင်းပနေတဲ့အချိန်ပဲဖြစ်ပါတယ်။ အဲဒီတော့အိုလံပစ်ပြိုင်ပွဲအတွင်း လာရောက်လည်ပတ်ကျမယ့် ခရီးသွားဧည့်သည်တွေအတွက် စိုးရိမ်ထိတ်လန့်မှုတွေ အများကြီးပေါ်ပေါက်ခဲ့ပါတယ်။ အိုလံပစ်ပြိုင်ပွဲထိခိုက်မှာကိုလည်း စိုးရိမ်ခဲ့ရပါတယ်။ အခုအခါမှာတော့ရောဂါပိုးကူးစက်မှုဟာ အရေးပေါ်အခြေအနေကနေ လွန်မြောက်လာပါပြီ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း အရေးပေါ်အခြေအနေ ကြေညာထားမှုကို လွန်ခဲ့တဲ့ နိုဝင်ဘာလ ကတည်းက ရုပ်သိမ်းထားပြီးပါပြီ။

ဇီကာပိုင်းရပ်စ်ကူးစက်မှုမြင့်မားစဉ် အခါက နိုင်ငံပေါင်း၃၀မှာ ပုံမှန်မဟုတ်တဲ့ ကလေးငယ်တွေ မွေးဖွားလာမှာကို စိုးရိမ်ခဲ့ရပါတယ်။ ဘရာဇီးနိုင်ငံမှာတော့ ၂၀၁၅ ခုနှစ် နိုဝင်ဘာလကစပြီး အရေးပေါ် အခြေအနေအဖြစ်ကြေညာခဲ့ပြီး ပိုင်းရပ်စ် သယ်ဆောင်လာတဲ့ခြင်တွေကို နှိမ်နင်းမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ ယမန်နှစ်ကတော့ ရောဂါကူးစက်ခံရသူ ၁၇၀၅၃၅ ဦး ရှိခဲ့ပေမယ့် ယခုနှစ် ဇန်နဝါရီကနေ ဧပြီအတွင်းမှာတော့ ဖြစ်ပွားသူဦးရေ ၇၉၁၁ ဦးပဲရှိလာတော့တယ်လို့ဆိုပါတယ်။ လွန်ခဲ့တဲ့နှစ်ကတော့ လူရှစ်ဦးသေဆုံးစေခဲ့ပေမယ့် ယခုနှစ်အတွင်းမှာတော့ ဇီကာကြောင့် သေဆုံးသူမရှိသေးဘူးလို့ ဆိုပါတယ်။ ဇီကာဟာခြင်ကနေတစ်ဆင့် အဓိက ကူးစက်ပေမယ့် လိင်ဆက်ဆံမှုကနေလည်းကူးစက်နိုင်ပါတယ်။

ဇီကာပိုင်းရပ်စ်ကို၁၉၄၇ ခုနှစ်မှာ ယူဂန္ဓာနိုင်ငံက မျောက်တွေမှာ ပထမဦးဆုံးတွေ့ရှိခဲ့ပါတယ်။ ၁၉၅၄ခုနှစ်မှာတော့နိုင်ဂျီးရီးယားနိုင်ငံမှာ ပထမဦးဆုံးလူကိုကူးစက်ခဲ့ပြီး အဲဒီနောက်မှာတော့ အာဖရိက၊ အရှေ့တောင်အာရှနဲ့ ပစိဖိတ်ကျွန်းနိုင်ငံတွေမှာ ဖြစ်ပွားခဲ့ပါတယ်။

၂၀၁၅ ခုနှစ်မှာတော့ ဘရာဇီးနိုင်ငံမှာ ဖြစ်ပွားခဲ့ပြီး ကူးစက်မှုနှုန်းဟာအလွန်ပဲမြန်ဆန်ခဲ့ပါတယ်။ ကုသမှုအတွက်ကတော့ ခြင်ကိုက်ခံရမှုမှ ကင်းဝေးအောင် လုပ်ရုံမှတစ်ပါး အခြားမရှိသေးပါဘူး။

**ကိုးကား-ဘီဘီစီ**

ခ ရီး သွား ဆောင်း ပါး

# ကန္ဒာရဝတီငွေတောင်ပြည်နှင့် အောင်သပြေဂူဆီသို့

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-မောင်ချစ်ကြည်

လွိုင်ကော်မြို့ကိုရောက်ချိန်၌ မိုးချုပ်နေပြီ။ လမ်းခရီးတစ်လျှောက် ကားကိုဖြည်းဖြည်းသာမောင်းနှင်လာခဲ့သဖြင့် ညောင်ရွှေမြို့မှ မွန်းလွဲ ၂နာရီခန့်က ထွက်ခွာလာခဲ့သော ကျွန်တော်တို့အဖွဲ့ လွိုင်ကော်မြို့သို့ ည ၇ နာရီကျော်မှ ရောက်လာခဲ့ခြင်းဖြစ်သည်။ လွိုင်ကော်မြို့က ညအချိန်တွင်လည်း တစ်မျိုးတစ်ဘာသာ ထူးခြားနေပြီး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ တောင်ကွဲစေတီဘက်သို့ မျှော်ကြည့်ရင်းကားကို မောင်းနှင်လာခဲ့ရာ ကားပေါ်မှပင် လက်အုပ်ချီ၍ ဖူးမြော်လိုက်ရသည်။

လွိုင်ကော်မြို့က ကယားပြည်နယ်၏ မြို့တော်လည်းဖြစ်သည့်အပြင် ပြည်နယ်ရုံးများစိုက်ရာမြို့လည်း ဖြစ်၍ စည်ကားသည်။ ပင်လယ်ရေမျက်နှာပြင်ထက် ပေ ၂၉၀၀ ခန့်မြင့်သော လွိုင်ကော်မြို့က ရာသီဥတုမျှတသော်လည်း ညပိုင်းတွင် အအေးဓာတ်ကပိုချင်သည်။ အရင်က လွိုင်ကော်မြို့သို့ တာဝန်ဖြင့် နှစ်ကြိမ်ရောက်ဖူးခဲ့ရာ ယခုတတိယအကြိမ်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ လွိုင်ကော်ကိုရောက်တိုင်း ထူးထူးခြားခြား စိတ်ထဲအတွေးဝင်မိသည်။ သမိုင်းချီ၍ရှိခဲ့သော သုခနုမင်းသားနှင့်ဒွေးမယ်နော်တို့ ဇာတ်လမ်း။

ကျွန်တော်တို့ တည်းခိုနေရာသို့ သွားရောက်ပြီး ခေတ္တအမောဖြေ၊ ရေချိုးကာ စောစောအိပ်ရာဝင်ခဲ့ကြသည်။ လွိုင်ကော်မြို့က ကားဖြင့်ရန်ကုန်မှလာလျှင် ၁၇နာရီခန့်ကြာပြီး မန္တလေးမှ ကားဖြင့်လာလျှင်လည်း ၁၂နာရီခန့် အချိန်ကြာကြာ မောင်းနှင်ရသည်။ ရန်ကုန်မှ လေယာဉ်ဖြင့်လာလျှင် အမြန်ဆုံးဖြစ်ပြီး တစ်နာရီခန့်သာကြာမြင့်လေသည်။ လွိုင်ကော်မြို့ ပတ်ဝန်းကျင်တွင် ခရီးသွားများအတွက် လေ့လာစရာ၊ လည်ပတ်စရာနေရာများစွာရှိသဖြင့် တစ်နှစ်ထက်တစ်နှစ် ခရီးသွားများလာရောက်မှု များပြားလာသည်။

ညကလွိုင်ကော်မြို့အကြောင်း အတွေးဝင်ပြီး တော်တော်နှင့်အိပ်မပျော်ခဲ့ရာ မနက်မိုးစင်စင်လင်းမှ နိုးတော့သည်။ မျက်နှာသစ်၊ ရေချိုးကာ နံနက်စာစားပြီးနောက် ကျွန်တော်တို့ လွိုင်ကော်မြို့အနီးရှိအောင်သပြေဂူသို့ သွားရောက်လေ့လာရန် ကားဖြင့် ထွက်လာခဲ့ကြသည်။ လွိုင်ကော်မြို့မှ ဆီဆိုင်-တောင်ကြီးလမ်းအတိုင်း မောင်းနှင်လာသော ကျွန်တော်တို့ ကားက ပုံမှန်နှုန်းအတိုင်း ခပ်ဖြည်းဖြည်းသာ မောင်းနှင်လာခဲ့ရာ ကားလမ်းဘေးရွာလေးများကို တွေ့မြင်ရသည်။ ရွာငယ်များဖြစ်၍ အိမ်ခြေမများလှ၊ စိုက်ပျိုးရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ကြသည်ဖြစ်ရာ လယ်ကွင်းများ၊ စိုက်ခင်းငယ်အချို့နှင့် အိမ်ဆိုင်အချို့ကို မြင်တွေ့ရသည်။

လွိုင်ကော်မြို့အနီး ကျေးလက်များကိုကြည့်ရင်း လွိုင်ကော်မြို့အကြောင်း စိတ်ကရောက်သွားသည်။ လွိုင်ကော်မြို့မှာ ၁၈၃၈ ခုနှစ်၌ စတင်တည်ထောင်ခဲ့ပြီး ကယားဘာသာစကားဖြင့် ထိုစဉ်က ဆီရိဒေါ်ဟုခေါ်ဆိုခဲ့ကြသည်။ ထို့နောက် ရှမ်းတိုင်းရင်းသားများလာရောက်နေထိုင်ကြရာ ဘီလူးချောင်း

**ဂူတိုင်းသမိုင်းဖြစ်ရပ်များ အနည်းနှင့်အများ ရှိကြသည်ချည်းပင်။ ယခုအောင်သပြေဂူအဝင်မှ လျှောက်လမ်းပြုလုပ်ထားသည့်အတိုင်း ဝင်လာခဲ့ရာ စိတ်ထဲတွင်ထူးခြားစွာ ခံစားရသည်။ ဝမ်းနည်းသလို၊ ဝမ်းသာသလိုခံစားမှုက ရောထွေးနေသည်။ ဂူထဲရောက်သည်နှင့် ဂူနံရံများတွင် ကလာပ်လိုလို၊ ပလ္လင်လိုလို ပြုလုပ်ထားသည့်အပေါ်တွင် ဗုဒ္ဓဆင်းတုတော်များကို တွေ့မြင်ဖူးမြော်ရ**



အောင်သပြေဂူအတွင်းရှိ ဗုဒ္ဓဆင်းတုတော်များကိုဖူးတွေ့ရစဉ်

အနီးတွင် တည်ရှိသော ရွှေတောင်ကို အစွဲပြုပြီး လွိုင်ခေါ်ဟုခေါ်ဝေါ်ခဲ့ကြသည်။ လွိုင်မှာ တောင်ဖြစ်ပြီး ခေါ်မှာသီးခြားတည်ရှိခြင်းဟု အဓိပ္ပာယ်ရသည်ဖြစ်ရာမှ ကာလကြာသည့်အခါ လွိုင်ကော်ဟု ခေါ်ဝေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၁၉၀၅ ခုနှစ်တွင် မြန်မာအမတ်ကြီးဦးနီက လူနေအိမ်များ တိုးချဲ့တည်ဆောက်စေခဲ့ပြီး မြို့ကိုချဲ့ထွင်ခဲ့သလို ၁၉၀၈ခုနှစ်တွင် ကန္ဒာရဝတီစောဖျစစ်ခွန်လီက လွိုင်ကော်မြို့ကို ထပ်မံတိုးချဲ့ခဲ့သဖြင့် မြို့ကြီးပြကြီးဖြစ်လာခဲ့ရာ ကန္ဒာရဝတီမြို့ခေတ်လည်း ဖြစ်လာခဲ့ခြင်းဖြစ်သည်။ ယခုအချိန်တွင် ကယားပြည်နယ်ကို လွိုင်ကော်ခရိုင်၊ ဘော်လခဲခရိုင်တို့ဖြင့် ဖွဲ့စည်းထားပြီး လွိုင်ကော်ခရိုင်တွင် လွိုင်ကော်၊ ဒီမောဆို၊ ရှားတော မြို့နယ်များပါဝင်သလို ဘော်လခဲခရိုင်၌ ဘော်လခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ်များဖြင့် ဖွဲ့စည်းထားခဲ့သဖြင့် ကန္ဒာရဝတီငွေတောင်ပြည်၏မြို့တော် လွိုင်ကော်သည် တိုးတက်စည်ဝေလာခဲ့ပြီ။

“ရောက်တော့မယ်”ဟုအတူလိုက်ပါလာသူ လွိုင်ကော်မြို့သားကိုတင့်ဝေက သတိပေးလိုက်သဖြင့် အတွေးလွန်နေရာမှ ပတ်ဝန်းကျင်ကို ကြည့်လိုက်မိသည်။ ကျွန်တော်တို့ကားက ဆီဆိုင်-တောင်ကြီးလမ်းမှနေ၍ တောင်ကြီးလမ်းခွဲကို ကျော်ကာ အနည်းငယ်မောင်းလိုက်သည်နှင့် အောင်သပြေဂူဘုရားသို့ဟူသော ဆိုင်းဘုတ်ကို လှမ်းမြင်လိုက်ရသည်။ ကျောက်ချောလမ်းအတိုင်း မောင်းဝင်လာခဲ့ရာ တောင်ကမ်းပါးယံတစ်ခုကို မြင်တွေ့ရသဖြင့်“အဲ့ဒါအောင်သပြေဂူပေါ့”ဟု ကိုတင့်ဝေက ဆက်ပြောပြီး ကားပေါ်က ဆင်းလိုက်သဖြင့် ကျွန်တော်တို့လည်း လိုက်ဆင်းကြသည်။

တကယ်တော့ လွိုင်ကော်မြို့နှင့် အောင်သပြေဂူသည် ကားမောင်းချိန် မိနစ် ၄၀ ခန့်သာ ကြာမြင့်သည်ဖြစ်ရာ အချိန်တိုအတွင်း ရောက်ရှိလာခြင်းဖြစ်သည်။ ဆီဆိုင်-တောင်ကြီးကားလမ်းမမှ မိနစ်အနည်းငယ်အတွင်း ဝင်ရောက်လိုက်သည်နှင့်အောင်သပြေဂူကို တွေ့ရှိရခြင်းဖြစ်သည်။ ကျွန်တော်တို့ ရောက်ချိန်မှာ နံနက် ၈ နာရီခန့်ရှိနေပြီဖြစ်ရာ ခရီးသွားအချို့ရောက်ရှိနေသည်ကိုတွေ့ရသည်။ အချို့ကဆိုင်ကယ်နှင့် အချို့က ကားဖြင့်။ လက်ကိုင်ဖုန်းများဖြင့် ဓာတ်ပုံရိုက်နေကြသူများရှိသလို ကိုယ်တိုင်ဆဲလ်ဖီရိုက်နေသူအချို့ကိုလည်း တွေ့ရသည်။

ကျွန်တော်တို့ ဂူဝရှိရာသို့ လာခဲ့ရာ အနီးဝန်းကျင်တွင် စားသောက်ဆိုင်တစ်ဆိုင်မျှ မတွေ့ရသဖြင့် ထူးခြားနေသည်။ အခုနှစ်များမှသာ ခရီးသွားညှော်သည်လာရောက်မှုရှိသော်လည်း ယခင်ကအသွားအလာနည်းပါးသဖြင့် ဆိုင်များမရှိခြင်းဖြစ်မည်ဟု တွေးမိသည်။ ယခုခရီးသွားများ တစ်နှစ်ထက်တစ်နှစ်လာရောက်မှုများလာသည်ဖြစ်ရာ သန့်ရှင်းသပ်ရပ်သော စားသောက်ဆိုင်နှင့် ဒေသထွက်လက်ဆောင်ပစ္စည်းဆိုင်များ ဖွင့်နိုင်လျှင် ကောင်းမည်ဟု အတွေးဝင်မိသည်။ ခရီးလမ်းပန်းဆက်သွယ်ရေးလည်းကောင်းမွန်သည်ဖြစ်ရာ အခက်အခဲမရှိနိုင်။

ကျွန်တော်တို့ဂူပေါက်ဝသို့ ရောက်ရှိခဲ့ကြသည့် အောင်သပြေဂူပေါက်ဝက အခြားဂူပေါက်ဝများနှင့်မတူ၊ ဂူအဝင်ဝက အခြားဂူများထက် ကျဉ်းသည်ဟု ခံစားမိသည်။ ကျွန်တော် မြန်မာနိုင်ငံတစ်ဝန်းရှိ ဂူအတော်များများကိုရောက်ခဲ့ဖူးသည်။ ဂူများအားလုံးလိုလို ဂူထဲရောက်သည်နှင့် စိတ်ထဲတွင် ထူးခြားသောခံစားမှု အငွေ့အသက်ကို ရရှိကြုံတွေ့ရစမြဲ။ ဂူတိုင်းသမိုင်းဖြစ်ရပ်များ အနည်းနှင့်အများရှိကြသည်ချည်းပင်။ ယခုအောင်သပြေဂူအဝင်မှ လျှောက်လမ်းပြုလုပ်ထားသည့်အတိုင်း ဝင်လာခဲ့ရာ စိတ်ထဲတွင် ထူးခြားစွာခံစားရသည်။ ဝမ်းနည်းသလို၊ ဝမ်းသာသလို ခံစားမှုကရောထွေးနေသည်။ ဂူထဲရောက်သည်နှင့် ဂူနံရံများတွင် ကလာပ်လိုလို၊ ပလ္လင်လိုလို ပြုလုပ်ထားသည့်အပေါ်တွင် ဗုဒ္ဓဆင်းတုတော်များကို တွေ့မြင်ဖူးမြော်ရသည်။ ဂူနံရံဝဲယာတွင် ဗုဒ္ဓဆင်းတုတော်များ တည်ထားသည်မှာ သပ္ပာယ်စရာကောင်းသည်။ ကျွန်တော်လည်း ဘုရားများကိုဖူးမြော်ဦးချကာ ပြုလုပ်ပြီး ပြုလုပ်ဆဲကုသိုလ်ကောင်းမှုများအား အမျှအတမ်းဝေကာ ခေတ္တထိုင်နေမိသည်။ ဂူအတွင်းလာရောက်လေ့လာသူအချို့က ဖြတ်သွားဖြတ်လာပြုလုပ်ကာ စိတ်ဝင်စားစွာ လေ့လာနေကြသည်ကို တွေ့ရသည်။

ကျွန်တော်ထိုင်နေရာ ဂူအပေါ်နံရံကို ကြည့်လိုက်ရာ ကျောက်စက်ပန်းဆွဲများကို တွေ့လိုက်ရသည်။ အခြားဂူများကဲ့သို့ သွယ်တန်းကျဆင်းနေသော ကျောက်စက်ပန်းဆွဲများထက်ထူထဲသော ကျောက်စက်ပန်းဆွဲများ ကျဆင်းနေမှုမှာ တစ်မျိုးတစ်ဘာသာ အမြင်ဆန်းလျက်ရှိနေသည်။ ကျောက်စက်မိုးမျှော်များကို ဤနေရာတစ်ဝိုက်တွင် မတွေ့ရသော်လည်း ဂူအဝင်ဝနှင့် နီးကပ်နေသောကြောင့် အပြင်ဘက်မှအလင်းရောင်ကိုရရှိနေသလို ဂူအတွင်းမှ မီးအလင်းရောင်လည်းရရှိနေသဖြင့် ထင်ထင်လင်းလင်းရှိနေသည်။ ခရီးသွားအချို့က ဤနေရာတွင် တစ်ဦးချင်းရော အုပ်စုလိုက်ပါ လက်ကိုင်ဖုန်းဖြင့် အမှတ်တရ ဓာတ်ပုံရိုက်နေကြသည်မှာလည်း စိတ်လက်ပေါ့ပါး ကြည်နူးဖွယ်ရာ မြင်ကွင်းပင်။ ကျွန်တော်ထိုင်နေရာမှထပြီး ဆင်းတုတော်များ အလွန်အထိ လျှောက်သွားလိုက်ရာ ဂူပေါက်ဝတစ်ခုလို တွေ့ရသဖြင့် အတွင်းသို့ ဝင်ရောက်ခဲ့သည်။ မီးအလင်းရောင်မှိန်မှိန်၊ ဘေးဝဲယာနံရံကျဉ်းကျဉ်းအတိုင်း ဝင်ရောက်ရသဖြင့် စိတ်လှုပ်ရှားစရာ၊ စိတ်ကျဉ်းကျပ်ဖွယ်ရာ ခံစားချက်အသစ်တစ်မျိုး ကြုံတွေ့ရသည်။ လွတ်လပ်ပေါ့ပါးပြီး မြင်ကွင်းကျယ်ပြန့်သော စိတ်ခံစားမှုကိုသာ အမြဲမြင်တွေ့ခဲ့သည့် ခရီးစဉ်များနှင့် သိသိသာသာ ကွဲပြားနေသည်။ မိန်းကလေးများအတွက် ကြောက်စိတ်ဝင်စရာ ကောင်းမည်ဖြစ်သော်လည်း ကျွန်တော်တို့မှာမူ ထိရသော ခံစားမှုအသစ်တစ်မျိုးပင်။

အသံများ တိတ်ဆိတ်ပြီး စိတ်ချောက်ချားဖွယ်ရာ ဂူတွင်းလမ်းကျဉ်းကျဉ်းကို ဖြတ်ကျော်ပြီးနောက် အချိုးအကွေ့များ၊ လျှောက်လမ်းကျဉ်းကျပ်ကျပ်များကိုလည်း တွေ့ရသည်။ အချို့နေရာများက လမ်းဆုံးသွားပြီး အချို့နေရာများက တောင်ကမူလိုလို၊ ဆင်ခြေလျှောလိုလိုနေရာများလည်း ရှိနေသည်။ ဂူအတွင်းပိုင်းရောက်လေလေ အပူချိန်မြင့်သလို ခံစားရပြီး ချွေးများထွက်လာသည်။

ကျွန်တော်တို့ ခပ်ဖြည်းဖြည်းရှေ့သို့ တိုးဝင်လျှောက်လှမ်းခဲ့ရာ ဂူနံရံမှ အောက်သို့ တွဲလဲကျဆင်းနေသော ကျောက်စက်ပန်းဆွဲများကို တွေ့ရသည်။ တချို့ကျောက်စက်ပန်းဆွဲများက လူနှင့်မလွတ်၊ ရှောင်တိမ်းသွားရသည်။ အမြင့်ပေ ၄၀ ခန့်ရှိသော ဂူနံရံပေါ်မှ ကျောက်စက်မိုးမျှော်များက အောက်သို့ တွဲလောင်းကျဆင်းနေပုံများကို ဓာတ်ပုံရိုက်သော်လည်း အလင်းရောင်အားနည်းနေသဖြင့် ပြတ်သားမှုမရှိ။

အောင်သပြေဂူက အရှည်ပေ ၁၀၀၀ ကျော်ရှိသည်ဆိုသော်လည်း ယင်းထက်မက ရှည်လျားကြောင်း သတိပြုမိသည်။ ကျွန်တော်တို့ ဂူအတွင်း ပေအတော်များများ ဝင်ရောက်ခဲ့သော်လည်း မဆုံးသေး။ အတန်ကြာသည်အထိ ဝင်ရောက်ခဲ့ပြီးနောက် ကျွန်တော်တို့ ဂူအတွင်းမှ ပြန်ထွက်လာခဲ့သည်။ ဂူအတွင်းဝင်စဉ်က အသစ်အဆန်းမြင်တွေ့ ခံစားလိုသောဇောဖြင့် ဝင်ရောက်ခဲ့သော်လည်း ပြန်အထွက်တွင်မူ ဂူအပြင်ဘက်သို့ မြန်မြန်ရောက်လိုစိတ်ဖြစ်နေမိပြန်သည်။

ကျွန်တော်တို့ ဂူအပြင်ဘက်သို့ ပြန်ရောက်ခဲ့ကြသည်။ ဂူအပြင်ဘက်တွင် ခရီးသွားအချို့ထပ်မံရောက်ရှိလာသည်ကို တွေ့ရသည်။ အချို့က ဂူအတွင်းဝင်ရန် ပြင်ဆင်နေကြသလို အချို့က ရောက်ခါစ အနေအထားဖြစ်သည်။ ကျွန်တော်တို့ ဂူနှင့်အနီးတွင်ရှိသော ဓမ္မာရုံအဆင်းလမ်းမှ လှမ်းကြည့်လိုက်ရာ ရပ်တော်မူဗုဒ္ဓဆင်းတုတော်တစ်ဆူကို လှမ်းမြင်ဖူးတွေ့ရသည်။ ကျောက်သားနံရံရှိ ကျောက်ကလာပ်ပေါ်တွင် တည်ထားသော မတ်ရပ်ဗုဒ္ဓရုပ်ပွားတော်အထက်တွင် ပျားအုံကြီးများကို ထူးခြားစွာ မြင်တွေ့ရသည်။ အနှောင့်အယှက်ကင်းသဖြင့် အချို့ပျားအုံကြီးများမှာ အရွယ်အစားကြီးမားစွာ တည်ရှိနေခြင်းဖြစ်သည်။

အောင်သပြေဂူအနီးဝန်းကျင်ကို အတန်ကြာလေ့လာပြီးနောက် ကျွန်တော်တို့ ပြန်လာခဲ့ကြသည်။ လွိုင်ကော်အနီးတွင် ကျတ်ဂူရှိသလို အောင်သပြေဂူကလည်း စိတ်ဝင်စားစရာကောင်းသည်ဖြစ်ရာ ခရီးသွားများ ပိုမိုလာရောက်နေကြသည်။ စားသောက်ဆိုင်လေးများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ရောင်းချရန်လည်း အကောင်အထည်ဖော်နိုင်လျှင် ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်မည်ဟု တွေးမိသည်။

လွိုင်ကော်မြို့သို့ အပြန်တွင် ခရီးသွားများအတွက် တောင်ကွဲစေတီ၊ ထီးပွင့်ကန်၊ ငွေတောင်ဆည်၊ ပင်းပက်ရွာ၊ နောင်ယားကန်၊ ကျတ်ဂူတို့အပြင် စိတ်ဝင်စားဖွယ်ရာ အောင်သပြေဂူတို့ရှိရာ ကန္ဒာရဝတီငွေတောင်ပြည်၏ အနာဂတ်ကား အတွေးပုံရိပ်ထဲတွင် လှပဝေစည်လျက်။ ။

# မောင်တောမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ လေ့လာရေး ရောက်ရှိခဲ့ရာဝယ် . . .

သတင်းဆောင်းပါး
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ -မင်းထက်

"သမီး အိမ်တွင်းမှုပညာရပ်ဖြစ်တဲ့ ဒီစက်ချုပ်ပညာရပ် လုပ်ငန်းကို ဝါသနာလည်းပါတယ်။ မိဘတွေကလည်း အားပေးတယ်။ ဒါပေမယ့် ဒီသင်တန်းကျောင်းပြီးရင် အလုပ်မရမှာ ခုကတည်းက တွေးပူနေမိတယ်။ အဝေးတစ်နယ်ကျတော့လည်း တစ်ခါမှ မသွားရသလို မိဘတွေကလည်း စိတ်ချမှာမဟုတ်ဘူး။ တကယ်သာ သမီးတို့နယ်မှာ ဒေသနဲ့ကိုက်ညီတဲ့အထည်ချုပ်စက်ရုံ၊ အလုပ်ရုံလို အလုပ်အကိုင် အခွင့်အလမ်းလေးတွေရှိရင် သိပ်ကောင်းမှာပဲ"ဟု တီးတိုးသံသဲ့သဲ့ဖြင့် နှုတ်ကမပွင့်တပွင့်ဆိုလာသော မောင်တောအမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ အသက် ၁၉ နှစ်ဝန်းကျင် သင်တန်းသူလေး၏ စကားသံက စာရေးသူ ခိုနားရာ အဆောင်ရောက်သည်အထိ ကြားယောင်နေဆဲ ...။

တကယ်တော့ သူ့ရင်ထဲက ဆန္ဒအတိုင်းထွက်ပေါ်လာသော စကားကို ကျွန်တော်နားလည်စာနာမိသည်။ အသိအမှတ်ပြုကိုယ်ချင်းစာသည်။ ခေတ်နှင့်လျော်ညီစွာ အလုပ်အကိုင်ကိုယ်စီရှိမှ မိသားစုဘဝရပ်တည်နိုင်မည့် ယခုလိုခေတ်ကြီးမှာ ကျောင်းပညာဆက်လက်ဆည်းပူးခွင့်မရသူ အဖို့ မိသားစုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုကူညီချင်တာက သဘာဝကျသည်။ အထူးသဖြင့် အစစအရာရာ ဈေးကြီးပေးဝယ်ယူသုံးစွဲရသော အနောက်တံခါးမောင်တောမြို့နယ်သူတစ်ဦးအနေနဲ့ အလုပ်အကိုင်အခွင့်အလမ်းအတွက် ဘယ်လောက်ထိ တွေးပူနေမိလေမလဲဆိုတာ သူတို့လေးတွေရဲ့ ညှိုးငယ်သောမျက်နှာအမူအရာတွေက သက်သေထူနေသည်။

မောင်တောမြို့ အမျိုးသမီးအိမ်တွင်းမှုလုပ်ငန်းပညာသင်တန်းကျောင်းကို ပြီးခဲ့သော ဆယ်စုနှစ်ကျော်ဝန်းကျင် ၁၉၉၉ ခုနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန၏ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးစီမံချက်တွင် စတင်သန္ဓေတည်ခဲ့ခြင်းဖြစ်သည်။ သင်တန်းကျောင်းကို ၁၉၉၉ ခုနှစ် စက်တင်ဘာလတွင် ခွင့်ပြုခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မောင်တောမြို့မဈေးကြီးအပေါ်ထပ်၌ သင်တန်းအမှတ်စဉ် (၁)ကို ၂၀၀၀ ပြည့်နှစ် ဩဂုတ် ၇ ရက်တွင်စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ ဆယ်စုနှစ်ကျော်လွန်၍ များမကြာမီတွင် ဆယ်စုနှစ်နှစ်ခုတိုင် ပြည့်မြောက်တော့မည်ဖြစ်သည်။ သို့သော် ဒေသခံအမျိုးသမီးထုအတွက် အလုပ်အကိုင်အခွင့်အလမ်းကတော့ ဘယ်ဆီမျှော်မှန်းရမလဲ ခုချိန်အထိ ဝေဝါးနေဆဲ။ အမျိုးသမီးများဖြစ်၍ အကြောင်းအမျိုးမျိုးတို့ကြောင့် မိသားစုနှင့်လည်းမခွဲခွာနိုင်၊ တစ်နယ်တကျေးသို့ သွားရောက်လုပ်ကိုင်လျှင်လည်း အခြေအနေမပေးမှုကြောင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကို ကံအားလျော်စွာ တက်ခွင့်တော့ရလိုက်ပါသည်။ သို့ပေမယ့် နောက်ဆက်တွဲအသက်မွေးဝမ်းကျောင်း ပြဿနာက သင်တန်းသူ အများစုကို မျက်နှာသာမပေး။ အနည်းစုကိုသာ လမ်းကြောင်းမှန်ပေါ်သို့ ဆွဲတင်ခဲ့သည်က ယနေ့တိုင်ပင်ဖြစ်သည်။

"ဒီနယ်မှာ အမျိုးသမီးအများစုက အိမ်တွင်းမှုလုပ်ငန်းဆိုရင် အပ်ချုပ်၊ အထည်ချုပ်တို့ကို ပိုပြီးဝါသနာပါ စိတ်ဝင်စားကြတယ်။ ခုနောက်ပိုင်း သင်တန်းသူ တဖြည်းဖြည်း တိုးလာတယ်။ အပတ်စဉ်တစ်ခုကို အနည်းဆုံး သင်တန်းသူ ၇၀၊ ၈၀ ဝန်းကျင်လောက်လျှောက်တဲ့အထဲက ဝန်ထမ်းအခြေအနေအရရော၊ ဒေသအခြေအနေအရပါကျွန်မတို့ကျောင်းအနေနဲ့ အများကြီးခေါ်ထားတာမျိုးမဖြစ်ရအောင် အပတ်စဉ်သင်တန်းသူ ၅၀ ဝန်းကျင်တော့ လက်ခံပါတယ်။သင်ကြားမှုအပိုင်းမှာလည်း ပိုထိရောက်အောင်ပေါ့။ဒီဒေသမှာ အခုလိုသင်တန်းတွေရှိတာ အမျိုးသမီးထုအတွက် အဆင်ပြေပါတယ်။ တခြားလုပ်ငန်းလည်းမရှိတော့ အထည်လုပ်ငန်းဆိုရင် အသက်မွေးဝမ်းကျောင်းအလုပ်ရတာပေါ့။ အိမ်တွင်းမှု ပညာတတ်ထားရင် မိသားစုအတွက်လည်း အထောက်အကူပြုပါတယ်။ အခုလိုဒေသမျိုးမှာ အထည်ချုပ်စက်ရုံလေးတွေ၊ အလုပ်ရုံလေးတွေ လုပ်ပေးနိုင်မယ်ဆိုရင် ဒီကအမျိုးသမီးထုအတွက် အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေသွားမှာပါ။ အလတ်စားစက်ရုံလောက်ဆိုရင်ကို ဒီနယ်မှာ အတော်လေး အဆင်ပြေသွားနိုင်ပါတယ်" ဟု မောင်တောမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ ကျောင်းအုပ် ဒေါ်နီလာကြည်က ပြောသည်။

မြန်မာနိုင်ငံတွင်အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းကို နယ်စပ်ရေးရာဝန်ကြီးဌာနပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့်ရခိုင်ပြည်နယ်မောင်တောမြို့၌စတင်အကောင်အထည်ဖော်ခဲ့ပြီး နယ်စပ်ဒေသရှိ တိုင်းရင်းသူလေးများကို အိမ်တွင်းမှုသက်မွေးပညာရပ် သင်ကြားပေးရန်နှင့် သင်ကြားတတ်မြောက်သည့်အသက်မွေးဝမ်းကျောင်းပညာရပ်ဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးရန်၊ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ်နေရေးမှစ၍ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊

**သင်တန်းကျောင်းသူအများစုမှာ အဝေးနယ်စွန်နယ်ဖျားဒေသ ကျေးရွာများမှဖြစ်ပြီး သင်တန်းသူအများစုမှာ အဆောင်နေသူများဖြစ်ကာ နေ့စဉ်စားစရိတ်တစ်ဦးလျှင်ဟင်းလျာဖိုး ငွေကျပ် ၇၅၀၊ ဆန်နှစ်ဘူး၊ ဆီနှစ်ကျပ်သား၊ ပဲသုံးကျပ်သား၊ ဆား ဒသမ ၅ ကျပ်သားတို့ကို နိုင်ငံတော်ကထောက်ပံ့ပေးထားပြီး နယ်ဝေးမှသင်တန်းသူများအတွက် အသွား၊ အပြန်ခရီးစရိတ်ပါ ကူညီပေးထားကြောင်းသိရ**

အမျိုးဂုဏ်ဇာတိဂုဏ်စောင့်ထိန်းပြီး အကျင့်စာရိတ္တကောင်းမွန်သော အမျိုးသမီးများဖြစ်လာစေရန်၊ တိုင်းချစ်ပြည်ချစ်မျိုးချစ်စိတ် အစဉ်ရှင်သန်ထက်မြက်နေသော အမျိုးသမီးများဖြစ်လာစေရန်နှင့် ရိုးရာယဉ်ကျေးမှု၊ အိမ်တွင်းမှုပညာရပ်များ ပိုမိုထွန်းကားပြန့်ပွားလာစေရန် ရည်ရွယ်ချက်ငါးရပ်ဖြင့် အစပြုလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတွင် ယခင်က ဟင်းလျာချက်ပြုတ်နည်း၊ ကြိမ်ဝါးနှင့် ရက်ကန်းအတတ်ပညာများကိုပါ သင်ကြားပေးခဲ့သော်လည်း ယခုနောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးတို့ကြောင့် အမျိုးသမီးအများစု စိတ်ဝင်စားမှုအရှိဆုံးဖြစ်သော အခြေခံအိမ်တွင်းမှုသင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းတို့ကိုသာ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အဆင့်မြင့်စက်ချုပ်သင်တန်းတွင် ယူနီဖောင်း၊ ရှပ်လက်ရှည်၊ ဘောင်းဘီ၊ စတိုင်ဘောင်းဘီ၊ ရှမ်းဘောင်းဘီ၊ ရှမ်းတိုက်ပုံ(လက်တို/ရှည်)၊ မြန်မာတိုက်ပုံ၊ ဆာဖာရီကုတ်အင်္ကျီ၊ အမျိုးသမီးဝတ်တစ်ထပ်ကုတ်၊ နှစ်ထပ်ကုတ်၊ ဦးထုပ်ပါဂျပ်ကင်အင်္ကျီ၊ ဘလောက်ပုံဆန်းသုံးထည်၊ ထဘီစကတ်နှင့် သုံးလွှာစကတ်စသည်ဖြင့် ဘာသာရပ်ကိုးမျိုးကို သင်ကြားလေ့ကျင့်ပေးပြီး အလားတူ အခြေခံအိမ်တွင်းမှုသင်တန်းတွင် သားရေခံချုပ်နည်း၊ ဇီးကွက်အင်္ကျီချုပ်နည်း၊ ကလေးဘောင်းဘီတို၊ ဦးထုပ်၊ ဖိနပ်များချုပ်နည်း၊ ရှူအိတ်၊ အသည်းပုံအိတ်ချုပ်နည်း၊ သားရေကြိုးတပ်အားကစားဘောင်းဘီတို၊ အမျိုးသမီးဝတ်ဘလောက်စ်လေးထည်၊ ရှပ်အင်္ကျီနှစ်ထည်၊ ဟာဝေယံရှပ်အင်္ကျီ၊ တစ်ချောင်းထိုးအခြေခံပုံစံများ၊ ခေါင်းအုံးစွပ်ပန်းထိုးနည်း၊ ချုပ်နည်း၊ တစ်ချောင်းထိုးလက်ကိုင်ပဝါ အနားလိုက်နည်း၊ တစ်ချောင်းထိုး ဗန်းခင်း၊ ဦးထုပ်ထိုးနည်းနှင့် မြန်မာ့ရိုးရာမုန့်လုပ်နည်းနှင့် ဟင်းလျာချက်ပြုတ်နည်း စသည်ဖြင့် ဘာသာရပ် ၁၃ ခုကို သင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။

မောင်တောမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ အဆင့်မြင့်စက်ချုပ်သင်တန်းတက်ရောက်နေသော ဘူးသီးတောင်မြို့မှ မနန်းသီတာစိုးက "ဆရာမဖြစ်တဲ့အထိ ကြိုးစားမယ်လို့ ရည်မှန်းထားပါတယ်။ အခုလို အပ်ချုပ်ပညာကိုဝါသနာလည်းပါ၊ အိမ်ကလည်း အားပေးတော့ ပတ်ဝန်းကျင်သူငယ်ချင်းတွေဆီမှာ စုံစမ်းပြီး အခုလိုလာတက်ဖြစ်တာပါ။ ကျွန်မအသက် ၁၉ နှစ်ကျော်ပြီ။ အဖေက သင်တန်းပြီးရင်စက်ဝယ်ပေးမယ်။ အိမ်မှာပဲစက်ချုပ်လို့ပြောတယ်။ အခြေခံမှာသင်ပြီးမှ အခုလိုအဆင့်မြင့်ဘက်ကို ကူးတာပါ။ နေထိုင်စားသောက်မှုကအစ ဒီသင်တန်းမှာ အဆင်ပြေပါတယ်။ ဆရာမတွေကလည်း သင်ပြမှုကအစ ကောင်းကြပါတယ်။ ညဘက်ဆိုလည်း လက်မှုပညာလုပ်ငန်းလေးတွေပါသင်ပေးကြတယ်။ ကျွန်မအနေနဲ့ကတော့ ဝါသနာပါလို့လားမသိဘူး။ ဒီသင်တန်းကျောင်းမှာ တက်ရတာ မသိသေး၊ မတတ်ထားသေးတဲ့ အိမ်တွင်းမှုပညာရပ်တွေ တတ်မြောက်သလို သူငယ်ချင်းအပေါင်းအသင်းတွေလည်း ရပါတယ်" ဟု ပြောသည်။

မောင်တောမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် ယခု ၂၀၁၇-၂၀၁၈ သင်တန်းနှစ်အထိတစ်နှစ် ၁၄ ပတ်ကြာသုံးကြိမ်နှုန်းဖြင့် ဖွင့်လှစ်ခဲ့ရာ အခြေခံအိမ်တွင်းမှုသင်တန်းမှာ သင်တန်းအမှတ်စဉ် (၅၀) နှင့် အဆင့်မြင့်အပ်ချုပ်သင်တန်းမှာ အမှတ်စဉ် (၄၆) အထိ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ စတင်ဖွင့်လှစ်ခဲ့သော ၂၀၀၀ ပြည့်နှစ်မှ စတင်ကာ ဟင်းလျာချက်ပြုတ်နည်းတွင် ငါးဦး၊ ရက်ကန်းတွင် သုံးဦး၊ ကြိမ်ဝါးတွင် ၁၃ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းတွင် ၄၇၂ ဦးနှင့် အခြေခံအိမ်တွင်းမှုသင်တန်းတွင် ၁၅၂၆ ဦး စုစုပေါင်း ၂၀၁၉ ဦးကို သင်တန်းများပေးနိုင်ခဲ့ပြီး ယင်းထဲမှ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်အခွင့်အလမ်းမှာ ၄၈၂ ဦးသာ ရရှိထားပြီး အများစုမှာ ရန်ကုန်အထည်ချုပ်စက်ရုံများဖြင့် ချိတ်ဆက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းရရှိမှုမှာ မရှိသလောက်အလွန်နည်းပါးနေသေးသည်။

"ကိုယ်တတ်ချင်တဲ့ပညာကို တတ်အောင်ကြိုးစားမယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ ဒီသင်တန်းကျောင်းကို ရောက်လာတာပါ။ ဒီအတတ်ပညာနဲ့ အသက်မွေးဝမ်းကျောင်းပြု ရပ်တည်သွားဖို့ ဆုံးဖြတ်ထားပါတယ်။ ဒီသင်တန်းမှာ ပျော်စရာလည်းကောင်းတယ်။ မတတ်တာကိုလည်း တတ်အောင်သင်ပေးပါတယ်။ အခြေခံပြီးရင် အဆင့်မြင့်ဆက်တက်မှာပါ။သင်တန်းမတက်ခင်က မိဘတွေနဲ့အတူ တောင်ယာလုပ်ပါတယ်။ သင်တန်းပြီးလို့ အခြေအနေပေးရင် အထည်ချုပ်စက်ရုံတွေမှာ သွားလုပ်ဖို့တော့ စိတ်ကူးရှိတယ်။ မိဘတွေကလည်း ခွင့်ပြုတယ်။ အဝေးတစ်နယ်ကိုလည်း သွားလုပ်ဖို့အထိ ဆုံးဖြတ်ထားပေမယ့် ကိုယ့်နယ်မှာပဲ အလုပ်အကိုင်အခွင့်အလမ်းရရင်တော့ ကျွန်မတို့ဒေသခံတွေအတွက် အကောင်းဆုံးပေါ့။ ကျွန်မတို့က အဲဒါကိုပဲ မျှော်လင့်နေကြတာ။ တကယ်တော့ သူများနယ်ကို မိဝေး၊ ဖဝေးသွားမလုပ်ချင်ပါဘူး" ဟုအခြေခံအိမ်တွင်းမှု သင်တန်းတက်ရောက်နေသော မောင်တောမြို့နယ် တမန်းသား (အရှေ့)ကျေးရွာမှ မသန်းသန်းနွယ်က ပြောသည်။

သင်တန်းကျောင်းသူအများစုမှာ အဝေးနယ်စွန်နယ်ဖျားဒေသကျေးရွာများမှဖြစ်ပြီး သင်တန်းသူအများစုမှာ အဆောင်နေသူများဖြစ်ကာ နေ့စဉ်စားစရိတ်တစ်ဦးလျှင်ဟင်းလျာဖိုး ငွေကျပ် ၇၅၀၊ ဆန်နှစ်ဘူး၊ ဆီနှစ်ကျပ်သား၊ ပဲသုံးကျပ်သား၊ ဆား ဒသမ ၅ ကျပ်သားတို့ကို နိုင်ငံတော်က ထောက်ပံ့ပေးထားပြီး နယ်ဝေးမှသင်တန်းသူများအတွက် အသွား၊ အပြန်ခရီးစရိတ်ပါ ကူညီပေးထားကြောင်းသိရသည်။ ထို့အပြင် သင်တန်း ကာလအတွင်း သင်တန်းအထောက်အကူပြု ပစ္စည်းများဖြစ်သည့် ပေကြိုး၊ ပေတံ၊ တစ်ချောင်းထိုးအပ်၊ ကတ်ကြေး၊ ဗလာစာအုပ်၊ အကွက်စာအုပ်၊ ခဲတံ၊ ဘောလ်ပင်၊ ခဲဖျက်၊ လက်ချုပ်အပ်၊ စက်ချုပ်အပ်နှင့် သင်တန်းသူတစ်ဦးလျှင် ပိတ်စကိုက် ၂၀ စီကိုလည်း နိုင်ငံတော်မှ ကျခံသုံးစွဲခွင့်ပြုထားသည်။ နိုင်ငံတော်အနေဖြင့် အဆိုပါ သင်တန်းများ တစ်နှစ်လျှင် ၉၆ ရက်၊ ရက်သတ္တ ၁၄ ပတ်အတွက် ငွေကျပ်သိန်းပေါင်း ၁၅၀ ဝန်းကျင်အကုန်ကျခံထားပြီး များမကြာမီတွင်လည်း အဆိုပါအမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အဆင့်မြင့်မော်တာစက်ချုပ်သင်တန်းကို ထပ်မံတိုးချဲ့ဖွင့်လှစ်တော့မည်ဖြစ်၍ မျှော်မှန်းဘယ်ဆီဝေးနေသော အနောက်တံခါးအမျိုးသမီးထုရဲ့အလုပ်အကိုင်အခွင့်အလမ်း လက်ရှိအခြေအနေမှ အမြန်ဆုံးကျော်လွှားနိုင်ပါစေကြောင်း . . .။



အိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းကျောင်းမှ သင်တန်းသူများလေ့လာသင်ယူနေစဉ်



သင်တန်းသူများရက်လုပ်သော အထည်နှင့် အသုံးအဆောင်ပစ္စည်းများ

# လိုငွေပြဘတ်ဂျက်နှင့် စီးပွားရေးဖွံ့ဖြိုးမှုအကျိုးဆက်

**မောင်သန်းဝင်းရွှေ**

ဘတ်ဂျက်ဟူသော ဝေါဟာရသည် ပြင်သစ်ဘာသာစကား Bougette မှ ဆင်းသက်လာသည်။ ပိုက်ဆံအိတ် (ဝါ)အိတ်ဟု အဓိပ္ပာယ်ရပါသည်။ ဘတ်ဂျက်ကို ဘဏ္ဍာရေးအရ ဝင်ငွေစုဆောင်းခြင်းနှင့် သုံးစွဲခြင်းတွင် အသုံးပြုခဲ့ကြသည်။ ဘတ်ဂျက်ဟူသော ဝေါဟာရကို "လက်အောက်ခံလုပ်ငန်းများကို ကွပ်ကဲနိုင်ရန်ထားရှိသော စာရင်းမှတ်တမ်း" ဟူ၍လည်းကောင်း "အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလတို့၏ ရငွေအသုံးစရိတ်နှင့် ပတ်သက်၍ အစိုးရ၏ ဘဏ္ဍာရေးစီမံကိန်း ဟူ၍လည်းကောင်း အဓိပ္ပာယ်ဖွင့်ကြပါသည်။


အစိုးရအနေဖြင့် ဘတ်ဂျက်ရေးဆွဲရန် လိုအပ်ရသည့်အကြောင်းမှာ ကောင်းမွန်ခိုင်မာသော စီးပွားရေးစနစ်တစ်ခု ဆောင်ရွက်နိုင်ရန် ဖြစ်သည်။ ဘတ်ဂျက်ရေးဆွဲမှုတွင် ပေါ်လစီအနေဖြင့် လုပ်ဆောင်ချက်သုံးရပ်ရှိသည်။ ယင်းတို့မှာ (က) လူမှုရေးလိုအပ်ချက်များ၊ Social Wants ကို ဖြည့်ဆည်းပေးနိုင်ရေး၊ (ခ) ဝင်ငွေဖြန့်ဖြူးပုံကို ပြင်ဆင်ရန်နှင့် (ဂ) စီးပွားရေးတည်ငြိမ်မှု (Economic Stability) ကို ဘဏ္ဍာရေးပေါ်လစီ (Fiscal Policy) ဖြင့် ထိန်းကျောင်းပေးရန်တို့ပင် ဖြစ်ပါသည်။ ဤသည်မှာ ကမ္ဘာနှင့်အဝန်း ကျင့်သုံးနေသော ပြည်သူ့ဘဏ္ဍာရေး (Public Finance) ၏ အခြေခံသဘောတရားတို့ပင် ဖြစ်ပေသည်။ ဝင်ငွေဖြန့်ဖြူးမှု ညီမျှစေရန် ပြုပြင်ရာ၌ မည်မျှညီမျှရန်လိုမည်၊ မည်သို့ပြုလုပ်မည်ဟူသော အကြောင်းအရာမှာမူ နိုင်ငံရေးအရသာ အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဘတ်ဂျက် (Budget)ဟူသော ဝေါဟာရကို ရသုံးမှန်းခြေငွေစာရင်းဟု မြန်မာမှုပြု၍ သုံးစွဲပါသည်။ ရသုံးမှန်းခြေငွေစာရင်းဟူသည် တစ်မျိုးသားလုံး၏ စီမံကိန်းအရ လာမည့် ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေစုစုပေါင်း မည်မျှရှိ၍ ယင်းဝင်ငွေများကို မည်သည့်ကဏ္ဍတွင် မည်သို့ မည်ပုံ သုံးစွဲမည်၊ ရင်းနှီးမြှုပ်နှံမည် စသည်ဖြင့် နိုင်ငံတော် အဖွဲ့အစည်းများ၏ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ကို ငွေကြေးဖြင့် ပြုစုဖော်ပြသည့်စာရင်းဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုလေ့ရှိပါသည်။ ဘဏ္ဍာရေးနှစ်ဟူသည့် နှစ်စဉ် ဧပြီလ ၁ ရက်နေ့မှ (နောက်နှစ်)မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။

ရသုံးမှန်းခြေ ငွေစာရင်း၏ သဘောသဘာဝကို အများနားလည်လွယ်ကူစေရန်အတွက် အောက်ပါသရုပ်ပြ ပုံစံအရ ရှင်းလင်းစေမည်ဟု ယူဆသည်။

ရငွေဟူသော ဝေါဟာရမှာ လုံးဝရိုးရှင်းသော ဝေါဟာရ အသုံးအနှုန်းဖြစ်ပါသည်။ သာမန်ရငွေ (current revenue) ဟူသည် ပစ္စည်းများရောင်းချခြင်းနှင့် ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ ဒဏ်ငွေများနှင့် အခြားရငွေများဖြစ်သည့် သာမန်ရငွေများ၊ တည်ဆဲဥပဒေအရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက စီမံကြီးကြပ်ကောက်ခံပေးသည့် အခွန်အကောက်ရငွေများ၊ ပြည်တွင်း / ပြည်ပမှရရှိသော အတိုးရငွေများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ နိုင်ငံတော်သို့ ထည့်ဝင်ငွေအဖြစ် ပေးသွင်းရသည့် ထည့်ဝင်ငွေများနှင့် သာမန်အသုံးစရိတ်အတွက်ရရှိသော ပြည်ပအကူအညီများမှ ရငွေများပင်ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ (Capital Revenue) ဟူသည် မတည်ပစ္စည်းများကို ပြန်လည်ရောင်းချခြင်း၊ ဖျက်သိမ်းလိုက်သော ဌာနအဖွဲ့အစည်းများ၏ သီးသန့်ရန်ပုံငွေများ လက်ခံရရှိခြင်းနှင့် မတည်အသုံးစရိတ်မှ ငွေဝင်ငွေရင်းများ၊ ပြန်လည်ရရှိသည့်ရငွေများနှင့် ငွေလုံးငွေရင်းအသုံးစရိတ်အတွက်ရရှိသော ပြည်ပအကူအညီမှ ရငွေများပင်ဖြစ်သည်။ ကြွေးမြီရငွေ (Financial Revenue) ဟူသည် ပြည်တွင်း ပြည်ပမှ ချေးယူငွေအတွက် ရငွေများ၊ အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေများနှင့် စုဆောင်းငွေများပင်ဖြစ်ပါသည်။

သုံးငွေဟူသော ဝေါဟာရမှာလည်းရငွေကဲ့သို့ အများနားလည်သည့် ရိုးရှင်းသော ဝေါဟာရအသုံးအနှုန်းသာ ဖြစ်ပါသည်။ သာမန်သုံးငွေ (Current Expenditure) ဟူသည် နှစ်စဉ်ကုန်ကျရသည့် လစာစရိတ်ချီးမြှင့်ငွေ၊ ခရီးသွားလာစရိတ်၊ ပစ္စည်းများလုပ်အားနှင့် ဆောင်ရွက်ပေးမှုအတွက် ကုန်ကျစရိတ်၊ ပြင်ဆင်ထိန်းသိမ်းစရိတ်၊ လွှဲပြောင်းသုံးစွဲငွေများ၊ ဧည့်ခံကျွေးမွေးစရိတ်၊ သီးသန့်အသုံးစရိတ်များ၊ ပင်စင်လစာငွေများ၊ ဆုငွေများနှင့် တစ်လုံးတစ်ခဲတည်း ပင်စင်ငွေများ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအတွက် ကုန်ကြမ်းဝယ်ယူခြင်း၊ ကုန်ထုတ်လုပ်မှုစရိတ်နှင့် လုပ်ငန်းဆောင်ရွက်မှုစရိတ်၊ စီမံသုတေသနစရိတ်၊ ရောင်းချဖြန့်ဖြူးစရိတ်၊ ပေးဆောင်ရမည့် ဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းထားသည့် အခွန်အခနှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများ၊ နိုင်ငံခြားအသင်းအဖွဲ့များနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသို့ နှစ်စဉ်ကြေးပေးသွင်းခြင်း၊ ပြည်တွင်းအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး / ပြည်နယ်နှင့် စည်ပင်သာယာအဖွဲ့များသို့ ထောက်ပံ့ငွေများ၊ ငွေတိုက်စာချုပ်နှင့် ငွေတိုက်လက်မှတ်များအပေါ်တွင် ပေးချေရသော ပြည်တွင်းအတိုးပေးငွေနှင့် ပြည်ပကြွေးမြီပေါ်တွင် ပေးချေရသော အတိုးငွေများပင် ဖြစ်ပါသည်။ ငွေလုံးငွေရင်းသုံးငွေ (Capital Expenditure) ဟူသော စက်ရုံ၊ ကျောင်း၊ ဆေးရုံ အဆောက်အအုံ ဆောက်လုပ်ခြင်း၊ လမ်းတံတားနှင့် ဆည်မြောင်းများ တည်ဆောက်သည့် တည်ဆောက်ရေးလုပ်ငန်းစီမံကိန်းများ၏ ငွေလုံးငွေရင်းမြှုပ်နှံမှု ကုန်ကျစရိတ်များ၊ တည်ရှိပြီးမတည်ပစ္စည်း၊ လမ်း၊ အဆောက်အအုံ၊ ဆည်မြောင်းစသည်တို့အား တိုးတက်ကောင်းမွန်လာစေရန် ထပ်လောင်းဖြည့်စွက် ကုန်ကျစရိတ်များ၊ စက်ရုံ၊ အလုပ်ရုံများလည်ပတ်နိုင်စေရေးအတွက် လိုအပ်ချက်




များ၊ သယ်ယူပို့ဆောင်မှု စက်ကိရိယာပစ္စည်းဝယ်ယူခြင်း၊ ရုံးလုပ်ငန်းများ ချောမွေ့စွာလည်ပတ်ရေးအတွက် လိုအပ်သော အသုံးအဆောင်ပစ္စည်းများဝယ်ယူခြင်း၊ မြေလျော်ကြေးအပါအဝင် အခြားအသုံးစရိတ်များအတွက် ကုန်ကျငွေများပင် ဖြစ်ပါသည်။ ကြွေးမြီသုံးငွေ (Financial Expenditure) တွင် ပြည်တွင်းပြည်ပ ကြွေးမြီပြန်ဆပ်ခြင်းအတွက် အသုံးစရိတ်၊ ငွေကြေးအဖွဲ့အစည်းများတွင် မြှုပ်နှံထားမည့် အသုံးစရိတ်၊ ငွေစုလက်မှတ်ဖြင့် စုဆောင်းထားငွေအပေါ် ပြန်လည်ထုတ်ပေးငွေများပင် ဖြစ်ပေသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)၊ ပုဒ်မ ၁၀၀၊ ပုဒ်မခွဲ (ခ)တွင် "ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသောနိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်" ဟူ၍ ပြဋ္ဌာန်းထားပါသည်။ နှစ်စဉ်ဘတ်ဂျက်အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဦးစီးကမကထပြု၍ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်အတူ ဘတ်ဂျက်အား စိစစ်ရေးအဖွဲ့တင်ပြရပါသည်။ ယင်းသို့စိစစ်ရေးဆွဲတင်ပြထားသော ပြည်ထောင်စုဘတ်ဂျက်ကို ဘဏ္ဍာရေးကော်မရှင်၏ စီစဉ်ချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအဆုံးအဖြတ်ရယူကာ ပြည်ထောင်စုလွှတ်တော်က ဥပဒေအဖြစ် လုပ်ထုံးလုပ်နည်းများနှင့်အညီ အတည်ပြု ပြဋ္ဌာန်း၍ ဘဏ္ဍာတော်နှစ်အတွင်း ပြည်ထောင်စုအစိုးရမှ ကမကထပြု အကောင်အထည်ဖော်ခြင်း ပြုရပါသည်။ ဤသည်မှာ မျက်မှောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လက်ခံကျင့်သုံးနေသည့် လုပ်ထုံးလုပ်နည်းဖြစ်ပေသည်။

ရသုံးမှန်းခြေငွေစာရင်း (Budget)ရေးဆွဲရာတွင် ဖြစ်ပေါ်နိုင်သည့်အခြေအနေများမှာ ရငွေနှင့် သုံးငွေအညီအမျှဖြစ်သော ဘက်ညီဘတ်ဂျက်(Balance Budget)၊ သုံးငွေသည် ရငွေထက်များပါက လိုငွေပြဘတ်ဂျက်(Deficit Budget)၊ ရငွေသည် သုံးငွေထက်များပါက ပိုငွေပြဘတ်ဂျက် (Surplus Budget) ဟူ၍ သုံးမျိုးသုံးစား တွေ့မြင်နိုင်ပေသည်။ ဘက်ညီဘတ်ဂျက်ဟူသည် လက်တွေ့မကျသော အခြေအနေသာဖြစ်သည်ဟု စီးပွားရေးပညာရှင်များက ယူဆလေ့ရှိကြသည်။ လိုငွေဘတ်ဂျက်၌ စီးပွားရေးဖွံ့ဖြိုးမှုအကျိုးဆက်များရှိပါမူ လိုငွေဘတ်ဂျက်အား အပြစ်တင်ရန် မလို၊ မိမိရရှိသော ဝင်ငွေထက် သုံးငွေကိုပို၍ သုံးထားခြင်းကြောင့်၊ ပြည်တွင်း အလုပ်အကိုင်ရရှိမှုများ ပေါ်ထွန်းခြင်း၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုရှိစေခြင်းနှင့် ရေရှည်ရည်မှန်းချက်များရှိသော ဖွံ့ဖြိုးမှုကို လမ်းခင်းမှုရှိနေခြင်းများရှိနေပါက လိုငွေပြဘတ်ဂျက်ကိုအကောင်းမြင်ရမည်သာ ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ ဖွံ့ဖြိုးမှုနိမ့်ကျခြင်းမှ ရုန်းထွက်နိုင်ရေးတွင် လိုငွေပြဘတ်ဂျက်ဖြင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုမှသည် ဖွံ့ဖြိုးမှုကိုရယူရန်ရည်မှန်းချက်ကြောင့် လိုငွေပြဘတ်ဂျက် ပေါ်ပေါက်နေခြင်းသည် အကျိုးဆက်ရလဒ်များကို ရေရှည်တွင် ဆက်တိုက်ခံစားနိုင်မည်ဖြစ်သည်။ ဤသို့သော စီးပွားရေး ဖွံ့ဖြိုးမှုအယူအဆရှိကြသူများကမူ လိုငွေပြဘတ်ဂျက်ကို အပြစ်မတင်အမြော်အမြင်ရှိသော ဘတ်ဂျက်ဖြင့် စီးပွားရေး အကျိုးဆက်ကို ရယူနေခြင်းဟု အသိအမှတ်ပြုလေ့ရှိသည်ကို ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးမှုသမိုင်းက သက်သေခံနေသည်ကို မြင်တွေ့ကြားနာမှတ်သားရဖူးပါသည်။ ပိုငွေပြဘတ်ဂျက်ပေါ်ပေါက်နေခြင်းကြောင့် စီးပွားရေးဖွံ့ဖြိုးမှုရှိနေသည်။ တည်ငြိမ်သော စီးပွားရေးအကျိုးဆက်ကို ခံစားနေရသည်ဟု တစ်ထစ်ချ မမှတ်ယူအပ်။ အာဖရိကတိုက်မှ နိုင်ငံတစ်နိုင်ငံတွင် ၁၉၅၀ ပြည့်နှစ်ကာလများက ကိုကိုးအလွန်အမင်းရောင်းချရ၍ ဘတ်ဂျက်တွင်ရငွေများအလုံအလောက်ရရှိပြီး ပိုငွေဘတ်ဂျက် ဆက်တိုက်ပေါ်ပေါက်ခဲ့ပါသည်။ ဖွံ့ဖြိုးမှုနှေးသောနိုင်ငံတစ်နိုင်ငံဖြစ်၍ လည်းကောင်း၊ သဘာဝပေးအခြေအနေများအရလည်းကောင်း infrastructure များမှာ လုံးဝမပြည့်စုံ၊ ပိုငွေများကို အကျိုးရှိရှိအသုံးချရန် နည်းလမ်းကိုလည်းရှာဖွေလမ်းပြမည့်သူကလည်းမရှိခဲ့ရာ ပိုငွေပြဘတ်ဂျက်ရှိသည့် နိုင်ငံဟုသာ စာရင်းဝင်သော်လည်း လက်တွေ့ကဖွံ့ဖြိုးမှုအတွက် အသုံးချတတ်ခြင်းမရှိ၍ စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးဆက်၊ လူမှုရေး ဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးဆက်များကို ထိုက်ထိုက်တန်တန်မခံစားရပေ။ အရပ်စကားနှင့်ပြောရပါက ရငွေထက်သုံးငွေများစေကာမူ သုံးငွေက ထိရောက်သော တုံ့ပြန်ချက်ရှိနေပါက သုံးငွေပို၍ သုံးထားခြင်းကအကျိုးရှိ၍ အကျိုးအမြတ်ကိုမူ မလွဲမသွေ ခံစားရမည်ဖြစ်သည်။ ရငွေများ လုံလုံလောက်လောက်၊ ပိုပိုလျှံလျှံရှိသော်လည်း အကျိုးရှိစွာအသုံးမပြုတတ်၍ ရငွေကို လက်ပိုက်ကြည့်နေပါမူ ရငွေရှိလျက် အကျိုးခံစားမှုမရှိ ဖြစ်တတ်သည်ကိုအထူး သတိချပ်ဖို့လိုမည်ဟု သုံးသပ်နိုင်ပေသည်။ ဤတွင် ပိုငွေပြဘတ်ဂျက်ရှိနေစေကာမူ ဖွံ့ဖြိုးမှုကိုမတည်ဆောက်တတ်ကြပေ။ ၂၀၁၆-၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေအရ စုစုပေါင်းရငွေ ခန့်မှန်းခြေမှာ ကျပ် ၁၆၉၇၉ ဘီလီယံ၊ စုစုပေါင်း အသုံးစရိတ်ခန့်မှန်းခြေမှာ ကျပ် ၂၀၂၆၇ ဘီလီယံဖြစ်၍ လိုငွေမှာကျပ် ၃၂၈၈ ဘီလီယံ ဖြစ်ပါသည်။ လိုငွေနှင့် GDP အချိုးမှာလည်း ၇ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ပါသည်။ လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP)မှာကျပ် ၁၅၈၄၉၆၁ ဖြစ်ပါသည်။ ဤတွင် တိုင်းပြည် ဝင်ငွေစာရင်းအင်းတွက်ချက်မှုဆိုင်ရာ အခြေခံစည်းမျဉ်း (Basic Principle of National Income Accounting) ပါ နိုင်ငံတကာ ပြဋ္ဌာန်းချက်များအရ ဆုံးဖြတ်သုံးသပ်ရပါလျှင် ပြနေသော လိုငွေပြဘတ်ဂျက်သည် စီးပွားရေးစွမ်းဆောင် ရည်ပြည့်ဝသော ဖွံ့ဖြိုးမှုကို ဖန်တီးနိုင်စွမ်းရှိသည့် စီးပွားရေးအကျိုးဆက်ကောင်းတစ်ရပ်ဟု ကောက်ယူရမည်သာ ဖြစ်ပေသည်။

ပြည်ပကုန်သွယ်မှုရှင်းတမ်း (Balance of Trade) ဟူသော စီးပွားရေးရှင်းတမ်းတစ်ရပ်မှာလည်း လိုငွေပြဘတ်ဂျက်နှင့် များစွာဆက်စပ်လျက်ရှိသည်ဟု ဝါရင့်စီးပွားရေးပညာရှင်များက ယူဆလေ့ရှိကြသည်။ ၂၀၁၆-၂၀၁၇ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေစာရင်းအရ လိုငွေပြဘတ်ဂျက်မှာ ကျပ် ၃၂၈၈ ဘီလီယံသာဖြစ်သည်။ ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၁၄၁၃၀၊ ပြည်ပသွင်းကုန်တန်ဖိုး ၁၇၂၆၅ သန်းဖြစ်ရာ လိုငွေပြ ပြည်ပကုန်သွယ်မှုရှင်းတမ်း (Deficit Balance of Trade) အဖြစ် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၃၅ သန်း ပေါ်ပေါက်နေပါသည်။

လိုငွေပြ ပြည်ပကုန်သွယ်မှုရှင်းတမ်း ဟုခေါ်ဆိုရသော်လည်း နောက်ခံစီးပွားရေးသမိုင်းအကြောင်းကို ပြန်လည်သုံးသပ်ပါက လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် မျက်မှောက်မြန်မာ့စီးပွားရေးစနစ်တွင် ပို့ကုန်နှင့်သွင်းကုန်တန်ဖိုးများ ကွာဟချက်မှာ အလွန်အမင်းများပြားနေသည်ဟု မဆိုသာ၊ လိုငွေပြဘတ်ဂျက်၏ ညွှန်ပြချက်မှာလည်း ရင်းနှီးမြှုပ်နှံမှုကင်းမဲ့သော လိုငွေပြဘတ်ဂျက် မဟုတ်မှုဘဲ စီးပွားရေးအကျိုးဆက်ရှိခြင်းနှင့် ပြည်ပပို့ကုန်နှင့် သွင်းကုန်တန်ဖိုးကွာဟချက်အရ ပြည်ပကုန်သွယ်မှုရှင်းတမ်းအရ ပြည်ပကုန်သွယ်မှုလိုငွေသည် ပြည်ပမှရင်းနှီးမြှုပ်နှံမှု ဥပဒေကြောင့်ဝင်ရောက်လာဆဲဖြစ်သော သွင်းကုန်များကြောင့်ဖြစ်သည်ဟု ဆိုနိုင်သည်။ တစ်နည်းဆိုသော် FDI (Foreign Direct Investment)များကို လိုလိုလားလားခွင့်ပြုချိန်၌ သွင်းကုန်တန်ဖိုး မြင့်မားနေခြင်းမှာ စီးပွားရေးအရ တွက်ခြေကိုက်သော၊ ကုန်သွယ်မှုသဘာဝဖြင့် တန်ဆာဆင်ထားသော ပြည်ပကုန်သွယ်မှုလိုငွေပင်ဖြစ်သည်ဟု ကောက်ယူနိုင်ပါသည်။ ပြည်ပရင်းနှီးမြှုပ်နှံရေးများကို လက်ကမ်းကြိုဆိုနေချိန်တွင် မြန်မာ့ကုန်သွယ်မှုမူဝါဒကို ကမ္ဘာကသိလာစေရေးကို ကုန်သွယ်မှုမြှင့်တင်ရေး (Trade Promotion)များဖြင့် ထိထိရောက်ရောက် ဖြည့်ဆည်းဆောင်ရွက်လာပါမူ လိုငွေပြဘတ်ဂျက်၌ အစိတ်အပိုင်းတစ်ပိုင်းဖြစ်နေသော ပြည်ပကုန်သွယ်မှုလိုငွေသည် အချိန်တိုအတွင်းပြည်ပကုန်သွယ်မှုပိုငွေဖြင့် လိုငွေပြဘတ်ဂျက်ကို စီးပွားရေးလမ်းကြောင်းမှန်ဖြင့် တစ်ခန်းတစ်ကဏ္ဍဖြည့်တင်းနိုင်မည်သာ ဖြစ်ပေသည်။

ခေတ်သစ်မြန်မာ့ပြည်သူ့ဘဏ္ဍာရေး(ဝါ)ဘတ်ဂျက်သမိုင်းစဉ်ကို ပြန်လည်သုံးသပ်ကြည့်ပါမူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ(၁၉၄၈) အရပေါ်ပေါက်ခဲ့သောပြည်ထောင်စုပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်အနက် ဘတ်ဂျက်ဥပဒေကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးရစမြဲဖြစ်ပါသည်။ ထိုစဉ်က ဖဆပလအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးများကလည်း နှစ်စဉ်ဘတ်ဂျက်အတည်ပြုပေးရန် အဆိုတင်သွင်းမှုကို အစချီရာတွင် "ပြည်သူက ယုံကြည်စွာ အပ်နှင်းထားသည့် တာဝန်ပေးချက်များအရ ဤသို့လျှင် နိုင်ငံတော်၏ ဘတ်ဂျက်ကို ဤအချိန်တွင် တင်သွင်းရခြင်း ဖြစ်ပါသည်" ဟု အစချီ၍ တင်သွင်းလေ့ရှိကြသည်။

ဝေဖန်ကြသူများဖြစ်သော အစိုးရဖွဲ့ခွင့်မရသည့် နိုင်ငံရေးပါတီများမှ အမတ်မင်းများကလည်း "ဝိဓူရဇာတ်တော်" ကို ဥပမာပြု၍ သော်လည်းကောင်း၊ "ပဒကုသလဇာတ်" ကို ဥပမာပြု၍သော်လည်းကောင်း၊ အချိန်ယူ၍ စေ့စေ့စပ်စပ် ဝေဖန်ခဲ့ကြသည်ကို ဒုတိယအကြိမ် ပြည်ထောင်စုပါလီမန်ဆိုင်ရာ ပြည်သူ့လွှတ်တော် မှတ်တမ်းများ၌ တွေ့ရှိနိုင်ပေသည်။

လိုငွေပြဘတ်ဂျက်ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ရပ်တည်နေသည်ဟု ဆိုသော်လည်း မျက်မှောက်ပြည်ထောင်စုအစိုးရ၏ စီးပွားရေးမူဝါဒ (၁၂)ရပ်၊ အံ့မခန်းတိုးတက်ခိုင်မာလာသော နိုင်ငံခြားဆက်ဆံရေးနှင့် နိုင်ငံတကာ၏ အကူအညီများ၊ ဆွဲဆောင်မှုများဖြင့် အခြေခံ၍ ရင်းနှီးမြှုပ်နှံသူများအတွက် အကျိုးစီးပွား ဖြစ်ထွန်းစေမည့် FDI(Foreign Direct Investment)များသည် မျက်မှောက်မြန်မာ့စီးပွားရေးကို တည်ငြိမ်တိုးတက်မှုဘက်သို့သာ ဦးတည်နေသည်ဟု မမိုတ်မသုန် ယုံကြည်ကြရန် ဖြစ်ပေသည်။

**ရငွေထက်သုံးငွေများစေကာမူ သုံးငွေက ထိရောက်သော တုံ့ပြန်ချက်ရှိနေပါက သုံးငွေပို၍ သုံးထားခြင်းကအကျိုးရှိ၍ အကျိုးအမြတ်ကိုမူ မလွဲမသွေ ခံစားရမည်ဖြစ်သည်။ ရငွေများ လုံလုံလောက်လောက်၊ ပိုပိုလျှံလျှံရှိသော်လည်း အကျိုးရှိစွာအသုံးမပြုတတ်၍ ရငွေကို လက်ပိုက်ကြည့်နေပါမူ ရငွေရှိလျက် အကျိုးခံစားမှုမရှိဖြစ်တတ်**

# သေမင်းတမန်လမ်းပေါ်မှ ပြန်လည်ဖော်ထုတ်သင့်သော “ဇမိ” (Zami) တံတား

**နန္ဒာမောင်(သံဖြူဇရပ်)**

**သေမင်းတမန်လမ်း**

မြန်မာဘက်ခြမ်းရှိ ယင်းတံတားအကြောင်း မတင်ပြမီ သေမင်းတမန်လမ်းအကြောင်းကို အကျဉ်းမျှ သိထားရန်လို၏။ စစ်အတွင်းက ချွေးတပ်သားစစ်သုံ့ပန်းများ သောင်းသိန်းချီ သေဆုံးခဲ့ကြသော ရထားလမ်းကို “သေမင်းတမန်လမ်း” ဟူ၍ ရည်ညွှန်းခေါ်ဆိုကြ၏။

ဒုတိယကမ္ဘာစစ်မီးကြီး စတင်လောင်ကျွမ်းပြီးဆိုသည်နှင့် ဂျပန်တို့သည် မဟာမိတ်တပ်များ ထိုးဖောက်လာမည့် အာရှစစ်မျက်နှာကို လက်ဦးမှုရရှိရေးအတွက် စစ်၌အရေးပါသည့် အာရှစစ်အောင်နိုင်ရေး စီမံကိန်းတစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ခဲ့၏။ ယင်းစီမံကိန်းတွင် အရေးပါသော မြန်မာ-ထိုင်းမီးရထားလမ်း ဖောက်လုပ်ရေး လုပ်ငန်းစဉ်တစ်ရပ်လည်း ပါဝင်ခဲ့၏။ ရှေ့တန်းစစ်မျက်နှာရှိ စင်ကာပူကို သိမ်းပိုက်ပြီးသည့်အခါ ဂျပန်ဘုရင့်တပ်မတော် စစ်သေနာပတိကြီး ဂျင်နရယ်တိုဂျိုသည် စစ်ရေးအရ အရေးပါသော သေမင်းတမန်ရထားလမ်းကို ၁၉၄၂ ခုနှစ် ဇွန်လအတွင်း အပူတပြင်း ဖောက်လုပ်ရန် အမိန့်ပေးခဲ့၏။

**သေမင်းတမန်လမ်းဖောက်လုပ်ခြင်း**

၁၈၂၅ ခုနှစ်က ဗြိတိသျှတို့ ဖောက်လုပ်ခဲ့သော လမ်းအူကြောင်းကိုယူ၍ ဂျပန်တို့သည် အဆိုပါ သေမင်းတမန်ရထားလမ်းကို မြန်မာနိုင်ငံဘက်အခြမ်း သံဖြူဇရပ်မှဘုရားသုံးဆူတောင်ကြားလမ်းအတိုင်း ဖောက်လုပ်ခဲ့သလို ထိုင်းနိုင်ငံဘန်ပေါင်မြို့နန်ပရာဒတ်မှ စတင်ဖောက်လုပ်သော ရထားလမ်းသည် “ကရာကျွန်း” ဆက်ကိုဖြတ်၍ “ချမ်ပွန်” မှ ဝိတိုရိယအငူမြောက်ဘက် “ပတ်ချွန်” မြစ်ကမ်းနဖူးအထိ “ကွေးမြစ်” ကို ဖြတ်လျက် ဖောက်လုပ်ထားလေသည်။

ထိုသို့ မြန်မာ-ထိုင်းရထားလမ်းဖောက်လုပ်ရာတွင် လုပ်ငန်းများ တစ်ပြိုင်တည်း ပြီးဆုံးနိုင်ရန် ဂျပန်တို့သည် ဗြိတိန်၊ ပြင်သစ်၊ အမေရိကန်၊ သြစတြေးလျ၊ ကနေဒါ စသည့် မဟာမိတ်နိုင်ငံသား စစ်သုံ့ပန်းများနှင့် အရှေ့တောင်အာရှနိုင်ငံသားများဖြစ်သော အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဗီယက်နမ်တို့မှ အဓမ္မဖမ်းဆီး ခေါ်ဆောင်လာသော ချွေးတပ်သားအလုပ်သမားနှစ်သိန်းကျော်ကို အသုံးပြုခဲ့သည်ဟု ဆို၏။ အများဆုံးမှာ ဒေသခံမြန်မာ ချွေးတပ်သားများ ဖြစ်လေသည်။

ရထားလမ်းဖောက်လုပ်ရာတွင် လမ်းအူကြောင်းတစ်လျှောက် တောတောင်လျှိုမြောင်အထပ်ထပ်ကို ကျော်ဖြတ်ရ၏။ ကျောက်ဆောင်အမျိုးမျိုး၊ တောင်တန်းအသွယ်သွယ်ကို ဖြိုခွဲဖြတ်ဖောက်ရ၏။ ဆောက်တံတား ၃၀၀ နှင့် ထောက်တံတားအပါအဝင် တံတားစုစုပေါင်း ၆၆၈ စင်း တည်ဆောက်ခဲ့ရ၏။

ရထားလမ်းကို ၁၉၄၂ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် စတင်ဖောက်လုပ်ခဲ့၏။ အချို့မှတ်တမ်းများက ၁၉၄၂ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့ဟူ၍ ဖော်ပြပြီး မြန်မာနိုင်ငံဘက်မှ သံဖြူဇရပ်နှင့် ထိုင်းနိုင်ငံဘက်အခြမ်း ကန်ချာနဘူရီကို အခြေခံစခန်းအဖြစ် သတ်မှတ်ခဲ့၏။ ၁၉၄၃ ခုနှစ် အောက်တိုဘာလလောက်တွင် ဘုရားသုံးဆူတောင်ကြားလမ်း၏ တောင်ဘက် ၁၈ ကီလိုမီတာအကွာ “ကွန်ကွိုင်တာ” ၌ နှစ်ဖက်မီးရထားလမ်းနှစ်ခုဆက်သွယ်ပေါင်းဆုံ၏။ မြန်မာနိုင်ငံဘက်မှ ရထားလမ်းအရှည်မှာ ဘုရားသုံးဆူအထိ ၆၉ မိုင်ရှိပြီး ထိုင်းနိုင်ငံဘန်ပေါင်အထိ စုစုပေါင်း ၄၁၅ ကီလိုမီတာ၊ မိုင်အားဖြင့် ၁၇၅ မိုင်မျှရှိလေ၏။

မီးရထားလမ်းဖောက်လုပ်ရာတွင် မဟာမိတ်အကျဉ်းသား ၆၈၀၀၀ ခန့်ပါဝင်၍ ၎င်းတို့အနက် ၁၆၀၀၀ သေဆုံးခဲ့၏။ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများမှ အဓမ္မခိုင်းခံရသော ချွေးတပ်သားများသည် သုံးသိန်းနီးပါးရှိရာ ရှစ်သောင်းကျော်၊ တစ်သိန်းနီးပါးခန့် သေဆုံးခဲ့ရသည်ဟု မှတ်တမ်းများအရ သိရ၏။

ထိုသို့ မဟာမိတ်စစ်သုံ့ပန်းများနှင့်ဒေသခံချွေးတပ်သားများ သေဆုံးရခြင်းမှာ အများစုသည် ဂျပန်များညှဉ်းပန်းနှိပ်စက်၍ မဟုတ်ဘဲ တောတွင်းအလုပ်စခန်း၊ အကျဉ်းစခန်းတို့၌ အလုပ်ပင်ပန်းခြင်း၊ ပြင်းထန်သောရာသီဥတုဒဏ်ခံရခြင်း၊ အစားအသောက်ချို့တဲ့ခြင်း၊ ကာလဝမ်းရောဂါ၊ ငှက်ဖျားရောဂါတို့ ခါးသီးစွာခံစားရခြင်း၊ ဆေးဝါးကုသမှုမရရှိခြင်း စသည့် အကြောင်းရင်းများကြောင့် ထိုသို့သောင်းသိန်းချီသေဆုံးခဲ့ကြရခြင်းဖြစ်ပြီး ထို့အတွက်ပင် ထိုရထားလမ်းကို “သေမင်းတမန်ရထားလမ်း” ဟူ၍ အများက သတ်မှတ်ခေါ်ဆိုကြဟန်ရှိလေသည်။

**စိတ်ဝင်စားဖွယ် “ဇမိ” (Zami) တံတား**

သေမင်းတမန်ရထားလမ်းတစ်လျှောက်တွင် ကြီးကြီးငယ်ငယ် ရှည်ရှည်လတ်လတ်တံတားများ ရာပေါင်းများစွာ တည်ဆောက်ခဲ့ရကြောင်း အထက်၌ ဖော်ပြခဲ့ပြီးဖြစ်၏။ ယင်းတို့တွင် ဆောက်တံတား၊ ထောက်တံတားဟူ၍ အကြမ်းဖျင်းခွဲခြားသတ်မှတ်ထား၏။

ထောက်တံတားဆိုသည်မှာ သစ်ဝါးလုံးများကို ငြမ်းသဖွယ်တုပ်ချည်ချုပ်ချည်ပြုကာ ထောက်ထူစိုက်ထူပြီး တံတားကြမ်းခင်းများကိုလည်း ရထားစင်းလုံးဝိတ်ကို ထောက်ထားနိုင်လောက်သော ကြိမ်ကွင်းနွယ်ကြိုးကွင်းများဖြင့် တုပ်ချည်ထိန်းထား၏။ ထို၌ ဇလီဖားတုံးများချခင်းပြီး ရထားကို ခုတ်မောင်းစေခြင်းဖြစ်၍ ဆောက်တံတားမှာ ပုံတွင်ဖော်ပြထားသော ကွေးမြစ်ပေါ်က တံတားမျိုးဖြစ်ပါသည်။ သံပေါင်အုတ်တိုင်များဖြင့် ဆောက်လုပ်ထားသည်ကို ခေါ်ဆိုခြင်းဖြစ်သည်။

ယခုမိမိတင်ပြမည့် ဇမိတံတားမှာ ထိုကဲ့သို့ ဆောက်တံတားမျိုးဖြစ်သော အမျိုးအစားဖြစ်ပြီး ဒေသအခေါ် ဂျပန်တံတားဟုခေါ်ဆိုကြသော်လည်း ဇမိမြစ်ကို ဖြတ်ကျော်ဖောက်လုပ်ထားသည့်အတွက် “ဇမိတံတား” ဟု အမည်ပေးလျှင် ပို၍ သဘာဝကျမည်ထင်ပါသည်။



ဇမိတံတားကြီး၏ လက်ကျန်ကွန်ကရစ်ထောက်တိုင် သုံးခုအနက် တစ်တိုင်နှင့် သံပေါင်တစ်ခုကို တွေ့ရစဉ်

ယခုအခါ ထိုတံတားမှာ ရှေးကကွေးမြစ်တံတားကဲ့သို့ အကောင်းပကတိရှိနေသည် မဟုတ်ဘဲ ကွန်ကရစ်ထောက်တိုင်သုံးတိုင်နှင့် တံတားသံပေါင်တစ်ခုတည်းသာ ကျန်ရှိနေသည်။ ယင်းသို့ဖြစ်ရသည်မှာ စစ်နိုင်မဟာမိတ်များက ရထားသံလမ်း၊ တံတားနှင့်ဆက်စပ်ပစ္စည်းများကို စစ်စရိတ် ကာမိရန် ထိုင်းနိုင်ငံဘက်ခြမ်းပေါင် ၁ သန်းနှင့် မြန်မာဘက်ခြမ်းပေါင် ၁၆ သန်း စုစုပေါင်း ပေါင် ၁၇ သန်းဖြင့် ရောင်းချခဲ့ခြင်းကြောင့် ဖြစ်ရသည်ဟု ထင်ပါသည်။ ဇမိတံတားမှာ သံဖြူဇရပ်မြို့မှ ဘုရားသုံးဆူမြို့သို့ သွားသော မော်တော်ကားလမ်းဘေး အတော်အတန်လှမ်းသော အနန်းကွင်းကျေးရွာအုပ်စု တိပ်ဒိန်(တပ်ဒိန်စခန်း) ရွာအနီး၌ ရှိလေ၏။ အနန်းကွင်းနှင့် တပ်ဒိန်ရွာတို့မှာ ယခုကားလမ်းဖောက်လုပ်နေသည့် ရဲတံခွန်၊ ဇီးနှစ်ပင်၊ ရက်ဖော၊ တည်ငှရွာများနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်၍ သံဖြူဇရပ်မှ ၁၅ မိုင်ခန့်တွင် ရှိနိုင်ပါသည်။ ပတ်ဝန်းကျင်ရှိ ဒေသခံများကမူ အဆိုပါတံတားကို ဂျပန်တံတားဟု ခေါ်ဆိုကြသော်လည်း သမိုင်းကြောင်းဟူ၍ သတ်သတ်မှတ်မှတ် မသိရပေ။

ဒေသခံများက ထိုသို့ အမည်ပေါက်ခေါ်ဆိုကြသည်မှန်သော်လည်း ဆောက်တံတားမျိုးဖြစ်၍ စစ်ကြီးအတွင်း ဂျပန်များ အပူတပြင်းဆောက်လုပ်ခဲ့ရသည့် ထောက်တံတားအမျိုးအစား၌ မပါဝင်သဖြင့် တံတားဆောက်လုပ်သူမှာ ဂျပန်တို့မဟုတ်လျှင် ထိုတံတားကို ဂျပန်တို့မတိုင်မီက ဗြိတိသျှတို့၏ လမ်းအူကြောင်းတစ်လျှောက်ရှိ ၎င်းတို့ဆောက်လုပ်ထားသော တံတားဖြစ်ဟန်တူသည်။ ယခုအခါ ဂျပန်တံတားဟု ခေါ်ဆိုကြခြင်းမှာလည်း စစ်အတွင်းက ဂျပန်တို့ အသုံးပြုခဲ့သောကြောင့် ဖြစ်ပေသည်။

မည်သို့ရှိစေ တပ်ဒိန်ရွာ(တပ်ဒိန်စခန်း)နှင့် သိပ်မဝေးကွာလှသော “ ဇမိတံတား” သည် ဓာတ်ပုံမှတ်တမ်းအရ အမှန်တကယ် ထင်ထင်ရှားရှားရှိနှင့်ပြီးဖြစ်ရာ ယနေ့ကဲ့သို့ မီဒီယာလုပ်ငန်းများ အရှိန်အဟုန်ဖြင့် မြင့်တက်လာချိန်တွင် မြန်မာနိုင်ငံဘက်ခြမ်းဒေသတွင်း သံဖြူဇရပ်၌ ဆောက်လုပ်ပြီးစီးသော သေမင်းတမန်လမ်းရထားပြတိုက်နှင့်အတူ ပူးတွဲဖော်ဆောင်ပြီး ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်သင့်သော အချိန်အခါကောင်းပင်ဖြစ်ပေသည်။




မြန်မာ-ယိုးဒယား(ထိုင်း) သေမင်းတမန် ဂျပန်မီးရထားလမ်းတစ်နေရာကို တွေ့ရစဉ်

**ကွေးမြစ်ပေါ်ကတံတားပွဲတော်နှင့် “ ဇမိ” (Zami)**

အနီးတံတားပွဲတော်နှင့်စပ်၍ ၁၉၅၇ ခုနှစ်က ရိုက်ကူးခဲ့သည့် ကမ္ဘာကျော် ကွေးမြစ်ပေါ်ကတံတား ရုပ်ရှင်ဇာတ်ကား၏ အမည်ကိုယူ၍ ပွဲတော်ကျင်းပခြင်းဖြစ်ပါသည်။ စစ်အနိဋ္ဌာရုံဖြစ်ရပ်တစ်ခုအဖြစ် ရုပ်ရှင်အနုပညာမြောက် လောက်အောင် ရိုက်ကူးတင်ဆက်ထားသော်လည်း ထိုဒေသသည် စစ်အတွင်းက စစ်ဘေးဒဏ် ဆိုးဆိုးရွားရွား အမှန်တကယ် ခံစားရခြင်း မရှိပေ။

ဂျပန်တို့ အရှေ့တောင်အာရှနိုင်ငံများစစ်အောင်နိုင်ရေး စီမံကိန်းတွင် ထိုင်းနိုင်ငံပါဝင်သော်လည်း ၁၉၄၁ ခုနှစ်အတွင်း တကယ်တမ်း ဂျပန် ကြည်း၊ ရေ၊ လေကြောင်းတပ်များ ချီတက်လာသည့်အခါ ထိုင်းဗိုလ်ချုပ်ကြီး ဖီဗန်ဆွမ်ဂရမ်သည် ထိပ်တိုက်ရင်မဆိုင်ဘဲ ဂျပန်တို့နှင့် မဟာမိတ်စာချုပ်ချုပ်ဆိုလိုက်သဖြင့် ထိုင်းနိုင်ငံသည် စစ်အတွင်းမှ ကင်းလွတ်သက်သာခွင့်ရခဲ့လေသည်။ သို့ဖြစ်၍ ထိုင်းနိုင်ငံသည် စစ်၏ဒဏ်ရာဒဏ်ချက်များ ပြောပလောက်အောင် မခံစားလိုက်ရပေ။

စစ်ဘေးစစ်ဒဏ် တကယ်တမ်းပြင်းပြင်းထန်ထန် ဆိုးဆိုးရွားရွား ခံစားခဲ့ရသည်မှာ သေမင်းတမန်လမ်း မြန်မာဘက်အခြမ်းတွင် ဖြစ်၏။ သို့သော် ထိုင်းနိုင်ငံဘက်အခြမ်းတွင် “ကွေးမြစ်တံတား” ကို အကြောင်းခံပြီး အဆိုပါ ကမ္ဘာကျော်ရုပ်ရှင်ဇာတ်ကားကြီးနှင့်အတူ ထိုင်းလူမျိုးတို့၏ စီးပွားရေးအကွက်မြင်မှုသာ ဖြစ်ပြီး ယခုအခါ ထိုင်းနိုင်ငံအတွင်း မီဒီယာလုပ်ငန်းအတွက် ဝင်ငွေကောင်းသော၊ ဝင်ငွေသောက်သောက်လဲရသော၊ ကမ္ဘာလှည့်ခရီးသည်များအား အဆွဲဆောင်နိုင်ဆုံးသော စိတ်ဝင်စားဖွယ် ကွေးမြစ်တံတား ပွဲတော်ကြီးကျင်းပရာ စည်ကားသော နေရာဒေသကြီးတစ်ခု ဖြစ်နေ၏။

ယင်းတံတားတည်ရှိရာနေရာသည် ထိုင်းနိုင်ငံ ကန်ချာနဘူရီခရိုင် ကန်ချာနဘူရီမြို့နှင့် နီးစပ်စွာ တည်ရှိလေသည်။ သို့သော် သေမင်းတမန်လမ်းနှင့် စပ်လျဉ်းသော ကွေးတံတားရုပ်ရှင်ဇာတ်ကား၊ ယင်းရုပ်ရှင်ဇာတ်ကားပါ ဖန်တီးရိုက်ချက်များ၊ တင်ဆက်မှုများ၊ မှတ်တမ်းမှတ်ရာများ ဖြစ်ရပ်မှန်ဟု ခေါ်ဆိုထားသော The Death Railway@The Bridge On The River Kwai By J.P ဆိုသည့် စာအုပ်စာတမ်းအပါအဝင် စိတ်ဝင်စားဖွယ် Post Cards များ၊ မှတ်တမ်းဓာတ်ပုံတွဲများ၊ အထိမ်းအမှတ်ပစ္စည်းများ၊ အရောင်းဆိုင်များ၊ တည်းခိုခန်းများ၊ စားသောက်ဆိုင်များ၊ ဖျော်ဖြေပွဲများ ပါဝင်သည့် ကွေးမြစ်ပေါ်က တံတားပွဲတော်ကြီးကို နှစ်စဉ်နိုဝင်ဘာလ ၂၈ ရက်မှ ဒီဇင်ဘာလ ၇ ရက်နေ့အထိ ၁၀ ရက်တိုင်တိုင် ကျင်းပနေသည်မှာ ဆယ်စုနှစ်များပင် ကြာခဲ့ပြီးဖြစ်၏။

ထိုတံတားပွဲတော်ကြီး ကျင်းပရာနေရာသည် မြန်မာနိုင်ငံဘုရားသုံးဆူမြို့မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သွား ဟိုက်ဝေးကားလမ်းမကြီး၏ တောင်ဘက် (ထိုင်းနိုင်ငံအတွင်း)ကျကျတည်ရှိ၍ ထိုဟိုက်ဝေးလမ်းမကြီးမှ တံတားသို့ အဝင်လမ်းတစ်လျှောက် နှစ်ဖက်စားသောက်ဆိုင်များ၊ အမှတ်တရအထိမ်းအမှတ်ပစ္စည်းများအစ လူသုံးပစ္စည်း အထည်အလိပ်များအထိ တည်ခင်းရောင်းချလျက်ရှိသည်မှာ လူအများကြိတ်ကြိတ်တိုးမျှ နေ့စဉ်ဈေးပွဲတော်ကြီးပမာ ကျင်းပနေသည်ဟု ထင်မှတ်မှားရလောက်အောင်ပင် ဖြစ်လေသည်။

*စာမျက်နှာ ၂၃ သို့*

**ဇမိတံတားသည် သေမင်းတမန်လမ်း တံခါးဝမြို့ဖြစ်သော သံဖြူဇရပ်မှ အနီးဆုံးတည်ရှိသည့် စစ်အတွင်း ရထားလမ်း တံတားဟောင်းတစ်ခုဖြစ်ရာ မဟာမိတ်စစ်လေယာဉ်များ ဗုံးကြဲခံရပြီး ပြိုကျပျက်စီးခဲ့ရသည်။ စစ်အတွင်းက လွန်စွာကြမ်းတမ်းခါးသီးလှသော ချွေးတပ်စခန်းကြီးများအနက် အဆိုးရွားဆုံး တပ်ဒိန်စခန်းနှင့် အနီးကပ်ဆုံးတည်ရှိသည့် တံတားတစ်ခုလည်း ဖြစ်လေ၏။**



သံဖြူဇရပ် ရန်ပြေမာန်ပြေစေတီကိုဖူးတွေ့ရစဉ်

*စာမျက်နှာ ၂၂ မှ အဆက်*

ညအခါများ၌လည်း တံတားကြီးပေါ် ရောင်စုံမီးများ ထွန်းညှိ၍ အဆင့်မြင့်နည်းပညာများ ပေါင်းစပ်ပြီး ခရီးသွားများ စိတ်ဝင်စားဖွယ် ပြကွင်းပြကွက်များဖြင့် တင်ဆက်ပြသကြလေ၏။ တံတားပေါ် သစ်လုံးဝါးလုံးများဖြင့် ဂျပန်ကင်းစောင့်မျှော်စင်နှစ်ခု တည်ဆောက်ထားပြီး ဂျပန်တပ်ဖွဲ့စစ်သားများ စောင့်ကြပ်လျက်ရှိသည်ကို မဟာမိတ်တပ်များက လာရောက်တိုက်ခိုက်ဖျက်ဆီးပုံ စသော အထူးပြုလုပ်ချက်တို့ဖြင့် ညတိုက်ပွဲအသွင် သရုပ်ဖော်တင်ဆက်ထားရာ စက်သေနတ်များ ပစ်ခတ်ခြင်း၊ ဗုံးခွဲ၊ မိုင်းခွဲခြင်းများကို သရီးဒိုင်မင်းရှင်းအဆင့်မြင့်နည်းပညာများဖြင့် ပြုလုပ်ဖန်တီးထားရာ ကြုံကြိုက်ဆင်နွှဲဖူးသူ ခရီးသွားဧည့်သည်များ စိတ်ဝင်စားဖွယ် ပွဲကြီးပွဲကောင်းများဖြစ်၍ ထိုဒေသတစ်ဝိုက်သည် တစ်နှစ်ပတ်လုံး ကမ္ဘာလှည့်ခရီးသည်များဖြင့် စည်ကားနေသည်ဟု ဆိုလေသည်။

သို့ရာတွင် မိမိသည် ဇမိမြစ်ပေါ်ရှိ တံတားကိုလည်းကောင်း၊ ကွေးမြစ်ပေါ်ရှိ ကွေးတံတားပွဲတော်ကိုလည်းကောင်း ထိုင်းနိုင်ငံရောက် ရင်းနှီးပြီးဖြစ်သော မိတ်ဆွေအထက်တန်းရှေ့နေ ဟောင်း မီဒီယာတစ်ဦး၏ ကမ်းလှမ်းကူညီမှုဖြင့် လက်လှမ်းမီသမျှ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ထိုမြင်ကွင်း ဖြစ်စဉ်နှစ်ခုတွင် ဖြစ်ရပ်မှန်အများစု အခြေပြုသည်မှာ သေမင်းတမန်လမ်းပေါ်ရှိ မြန်မာဘက်အခြမ်း ဇမိမြစ်ပေါ်ရှိ "ဇမိတံတား" သာဖြစ်သည်။ ဇမိတံတားသည် သေမင်းတမန်လမ်း၏ အရေးပါသော အဓိက ဖြစ်ရပ်များစုဝေးရာဖြစ်၏။

ဤသို့ဆိုခြင်းမှာ ကွေးတံတားပွဲတော်ကို အားမပေးမချီးမြှောက်လို၍ မဟုတ်၊ သိမ်ငယ်အောင်ပြုမူ ပြောဆိုခြင်းလည်းမဟုတ်၊ သေမင်းတမန်လမ်းပေါ်ရှိ "မြစ်" အမည်ကို အစွဲပြုခေါ်ဆိုသည့် တံတားနှစ်စင်းတို့၏ အမှန်တကယ်ဖြစ်စဉ်များ မြေပြင်သက်သေ အထောက်အထားအရ ဒေသခံစာရေးသူတစ်ဦး အနေဖြင့် သိသမျှ ကြိုးပမ်းတင်ပြခြင်းဖြစ်ပါသည်။

ထိုင်းနိုင်ငံရှိ ကွေးမြစ်တံတားတည်ရှိရာ ကန်ချာနဘူရီ ခရိုင်ဒေသသည် စစ်ဘေးစစ်ဒဏ် ခံခဲ့ရခြင်းမရှိသလို ဂျပန်တို့၏ ချီတက်တိုက်ခိုက်သိမ်းပိုက်ခံရခြင်းလည်းမရှိပါ။ ထိုင်းလူမျိုးတို့၏ ကြွယ်ဝချမ်းသာမှု၊ နည်းပညာတိုးတက်မှုအရ နိုင်ငံလည်း တကယ်တမ်း စစ်ဘေးစစ်ဒဏ်မခံရဘဲ ကမ္ဘာကျော် The Bridge On The River Kwei ရုပ်ရှင်ဇာတ်ကားကို အကြောင်းပြု၍ ခရီးသွားဇုန်ကြီးတစ်ခု ဖြစ်ပေါ်လာအောင် ဖန်တီးတင်ဆက်ခြင်း သာဖြစ်ရာ မိမိတို့မြန်မာများအနေဖြင့် မည်သို့မျှ မနာလိုဝန်တို စိတ်များထားရန် အကြောင်းမရှိပေ။

ယခုမိမိတင်ပြနေခြင်းသည် သေမင်းတမန်လမ်းပေါ်ရှိ စစ်ဘေး စစ်ဒဏ်များ ထဲထဲဝင်ဝင် ခါးခါးသီးသီးခံစားရသည်မှာ မိမိတို့ မြန်မာများဖြစ်ရာ ထိုင်းနိုင်ငံကို နည်းယူ၍လည်းကောင်း၊ သမိုင်းဖြစ်ရပ်မှန်ကို အမှန်တကယ် ကမ္ဘာသို့တင်ပြလို၍လည်းကောင်း နောက်တစ်ကြိမ်ထိုသို့ဖြစ်ရပ်ဆိုးများ ထပ်မံမပေါ်ပေါက်ဘဲ သင်ခန်းစာများယူနိုင်ကြစေရန်အလို့ငှာ "ဇမိတံတား" အကြောင်းကို လက်လှမ်းမီသမျှ တင်ပြလိုခြင်းသာ ပဓာနဖြစ်ပါသည်။

**ဇမိတံတား၏ နောက်ဆက်တွဲဆက်စပ်အကြောင်းအရာများ**

ဇမိတံတားသည် သေမင်းတမန်လမ်း တံခါးဝမြို့ဖြစ်သော သံဖြူဇရပ်မှအနီးဆုံးတည်ရှိသည့် စစ်အတွင်း ရထားလမ်းတံတားဟောင်းတစ်ခုဖြစ်ရာ မဟာမိတ်စစ်လေယာဉ်များ ဗုံးကြဲခံရပြီး ပြိုကျပျက်စီးခဲ့ရသည်။ စစ်အတွင်းက လွန်စွာကြမ်းတမ်းခါးသီးလှသော ချွေးတပ်စခန်းကြီးများအနက် အဆိုးရွားဆုံးတပ်ဒိန်စခန်းနှင့်အနီးကပ်ဆုံးတည်ရှိသည့် တံတားတစ်ခုလည်းဖြစ်လေ၏။ အကွာအဝေးအရ သံဖြူဇရပ်နှင့်လည်း နီးကပ်စွာတည်ရှိသည့်အပြင် သေမင်းတမန်လမ်းဝရှိ "သေမင်းတမန်ပြတိုက်"နှင့် သိပ်ဝေးလှသည်ဟု မဆိုသာပေ။ မိမိအကြံပြုလိုသည်မှာ သက်ဆိုင်ရာတို့အနေဖြင့် ထို "ဇမိတံတား" ကို ယနေ့မိမိတို့ သိရှိကြသည့်အတိုင်း သမိုင်းဖြစ်ရပ်မှန်မရှိဘဲ ကွေးမြစ်တံတားသည်ပင် ကမ္ဘာကျော်အောင် ပြန်လည်ဖော်ထုတ်နိုင်သေးလျှင် သမိုင်းဖြစ်ရပ်မှန် အမှန်တကယ်ရှိခဲ့ဖူးသည့် "ဇမိမြစ်ပေါ်က ဇမိတံတား" သည် ထိုထက်သာအောင် ဖော်ထုတ်နိုင်မည်သာ ဖြစ်၏။

"ရှေးကလုပ်သူထက် နောက်လူသာစမြဲ"ဆိုသည့်အတိုင်း ယနေ့ကဲ့သို့ခေတ်မီတိုးတက်နေသောအချိန် ပွင့်လင်းမြင်သာသောခေတ်သစ်ပြည်သူများ တစ်ခဲနက် အားပေး၍ ပေါ်ပေါက်လာသော ပါတီစုံအစိုးရခေတ်ဝယ် တစ်ကြိမ်တစ်ခါရင်းနှီးရုံဖြင့် တစ်သက်တာ ထိုင်စားရသော မီးခိုးမထွက်သောစက်ရုံခေါ် ခရီးသွားမီဒီယာလုပ်ငန်းကို သက်ဆိုင်ရာ ခရီးသွားလုပ်ငန်းကုမ္ပဏီတို့က စိုင်းပြင်းဖော်ထုတ်ကြဖို့ လိုပေသည်။

ကွေးမြစ်တံတားပွဲတော်သည် ထိုင်းနိုင်ငံတွင် ဒေါ်လာဝင်ငွေအကောင်းဆုံးသော ဒေသဆိုင်ရာ ပွဲတော်ကြီးဖြစ်သည်နှင့်အညီ လေ့လာစရာ၊ မှတ်သားစရာ၊ ဗဟုသုတဖြစ်ဖွယ်ရာများလှသော ပင်မနေရာဌာနကြီး သုံးရပ်ရှိရာ ကွေးတံတားသရုပ်ဖော်ပြကွင်း ပြကွက်၊ အုတ်ဂူပေါင်း ၆၉၈၂ ခုရှိသော ကန်ချာနဘူရီစစ်သင်္ချိုင်း၊ သေမင်းတမန်ရထားလမ်းပြတိုက်ဟူ၍ဖြစ်သည်။

မြန်မာဘက်အခြမ်း သံဖြူဇရပ်တွင်လည်း ဇမိတံတား၊ အုတ်ဂူပေါင်း ၃၇၇၁ ဂူရှိသော မဟာမိတ်စစ်သင်္ချိုင်း၊ ထိုင်းထက်အနေအထားကောင်းမွန်သော သေမင်းတမန်ရထားလမ်းပြတိုက်တို့အပြင် ဝယ်သွန်ချောင်ကျေးရွာအဝင် အရှေ့ဘက်ရှိ စစ်အတွင်း ဂျပန်တို့ ဂျပန်ဘာသာဖြင့် စိုက်ထူထားသည့် အထိမ်းအမှတ်ကျောက်စာတိုင်၊ ထိုစဉ်က အဓိပတိ ဒေါက်တာဘမော်ကိုယ်တိုင် ထီးတင်ထားသည့် ဂျပန်ဘုရားခေါ် ရန်ပြေမာန်ပြေစေတီ၊ ပြတိုက်အနောက်ဘက်ခြမ်းမိုင်ဝက်ခန့်တွင် ဂျပန်တို့စစ်ရေးအခြေပြု လျှို့ဝှက်စခန်း ပြုလုပ်ခဲ့ဟန်ရှိသော မိန်ဗလာတောင်ဟူ၍ သေမင်းတမန်လမ်းနှင့်ဆက်စပ်သော အထင်ကရ နေရာဌာနများစွာ ရှိလေ၏။

ထိုမျှတင်မဟုတ် သေမင်းတမန် ရထားလမ်းပြတိုက်နှင့် အရှေ့တောင်ဘက်အတော်လှမ်းလှမ်းရှိ ဝဲကလီဘုရားလေးဆူရွာအနီးတွင် မြန်မာနိုင်ငံတွင်တွေ့ရခဲသည့် ကျန်းမာရေးအတွက် အပန်းဖြေနားနေရန် ကောင်းသော ရေပူစမ်းရေပူစခန်းကို တည်းခိုခန်းနှင့် ကလေးအားကစားကွင်း အပါအဝင် ခေတ်မီစွာတည်ဆောက်ထားသည်ကိုလည်း လေ့လာတွေ့ရှိနိုင်ပေသည်။ နောက်စစ်အတွင်းက မဟာမိတ်များ ကမ်းတက်ရေယာဉ်တို့ဖြင့် တရကြမ်းချီတက်ခဲ့ဖူးသည့် "စက်စဲကမ်းခြေ အပန်းဖြေဆိပ်ကမ်း"ရှိ၊ ၂၁-ပါရာဒိုက် ဟိုတယ်များလည်း ခေတ်မီသန့်ရှင်းသပ်ရပ်စွာ တည်ဆောက်ထားသည်ကို တွေ့ရ၏။

ထိုထက် ထူးခြားချက်တစ်ခုမှာ သမိုင်းတန်ဖိုးကြီးမားလှသော သံဖြူဇရပ် အနောက်မြောက်ဘက်နှစ်မိုင်ခန့်အကွာတွင် တည်ရှိသော၊ များမကြာမီက ပညာရှင်သုတေသီများ စာတမ်းဖတ်ကြား ဖော်ထုတ်ထားသော "ရှေးမြို့ဟောင်း ဝါခရူ"၏ နန်းမြို့ဟောင်း မြေပြင်ရုပ်ကြွင်းများလည်း ထူးထူးခြားခြား လေ့လာတွေ့ရှိနိုင်မည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

အထူးတလည် တင်ပြလိုသည်မှာ ထိုင်းနိုင်ငံသည် စစ်ဘေးဒဏ်မခံရဘဲ The Bridge On The River Kwei ကို အကြောင်းပြု၍ နာမည်ကျော်ကြား အထူးဝင်ငွေကောင်းခဲ့သလို စစ်ဘေးဒဏ် အလူးအလဲခံစားခဲ့ရသော မိမိတို့သံဖြူဇရပ်သားများအဖို့ "ဇမိမြစ်"ကိုအခြေခံသော"ဇမိတံတား" (Zami) ကို ခေတ်မီနည်းပညာများဖြင့် ဆက်တင်များဖန်တီးတည်ဆောက်ပြီး သေမင်းတမန် ရထားလမ်းပြတိုက် ဝါခရူမြို့ဟောင်း၊ မဟာမိတ်စစ်သင်္ချိုင်း၊ စက်စဲအပန်းဖြေကမ်းခြေတို့နှင့် ဆက်စပ်၍ ကမ္ဘာလှည့်ခရီးသည်များအား အလုံးအရင်းဖြင့် ဆွဲဆောင်ပုံဖော်သင့်ကြောင်း ဆန္ဒပြုတင်ပြလိုက်ရပေသည်။



သံဖြူဇရပ် နေသဟာယစစ်သင်္ချိုင်းကို တွေ့ရစဉ်



## မောက်စဖာ-ငွေးငူကျေးရွာချင်းဆက် မူးချောင်းကူးတံတားဖွင့်

**ဖောင်းပြင် မေ ၁၃**

ဖောင်းပြင်မြို့နယ် (မောက်စဖာ-ငွေးငူ) ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကိုယ့်အားကိုယ်ကိုး မူးချောင်းကူးတံတားဖွင့်ပွဲကို မေ ၁၁ ရက်က ကျင်းပရာ ဖောင်းပြင်မြို့နယ် သံဃနာယက ဒုဥက္ကဋ္ဌ ဆရာတော် ဦးဇဝနက အဖွင့်ဩဝါဒကထာ မြွက်ကြားသည်။

အဆိုပါ (မောက်စဖာ-ငွေးငူ) ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး မူးချောင်းကူးတံတားအား မော်လိုက်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ၊ မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ထွန်းနှင့် မူးချောင်းကူးတံတား ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဖိုးထူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ တံတားသစ်ကြီး ပြီးစီးသွားပြီဖြစ်သည့်အတွက် ကျေးရွာအုပ်စု(၆) အုပ်စုမှ ကျေးရွာ ၂၀ ရှိဒေသခံ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတို့အတွက် များစွာအထောက်အကူဖြစ်ပြီး အချိန်မရွေးသွားလာနိုင်ပြီဖြစ်သည့်အတွက် ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည်။

မောက်စဖာ-ငွေးငူ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကိုယ့်အားကိုယ်ကိုး မူးချောင်းကူးတံတားကို အလှူရှင် ဦးဖိုးထူးက မတည်လှူဒါန်းခဲ့ပြီး ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအားများဖြင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ရာ အရှည်ပေ ၃၅၀၊ အကျယ် ၁၂ ပေ ရှိသော သစ်သားတံတား အမျိုးအစားဖြစ်ကြောင်း သိရသည်။**(မြို့နယ် ပြန်/ဆက်)**

## ရေစကြိုမြို့နယ် လျှပ်စစ်ဓာတ်အားပြည့်ပြည့်ဝဝအသုံးပြုနိုင်ရေး ကျပ်သန်း ၁၅၀ ကျော် အသုံးပြုဆောင်ရွက်မည်

**ရေစကြို မေ ၁၃**

မကွေးတိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၁၅၀ ကျော် အသုံးပြု၍ ရေစကြိုမြို့နေပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဓာတ်အားလိုင်းများ ကောင်းမွန်ကြံ့ခိုင်စေရေး၊ လျှပ်စစ်ဓာတ်အားများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝအသုံးပြုနိုင်ရေးတို့အတွက် ဆွေးမြည့်သစ်သားတိုင်များနေရာတွင် ကွန်ကရစ်ဓာတ်တိုင်များ အစားထိုးလဲလှယ်ခြင်းလုပ်ငန်း၊ လျှပ်စစ်ပါဝါ ပြည့်မီပြီး လုံခြုံစိတ်ချရသည့် ABC cable ဝိုင်ယာများအသစ်သွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရေစကြိုမြို့ အမှတ်(၇)ရပ်ကွက် ၃၁၅ ကေဗွီအေထရန်စဖော်မာမှ ၄၀၀ ဗို့ ဓာတ်အားလိုင်းရှိ ဆွေးမြည့်သစ်သားတိုင် ၆၂ တိုင်အား ကွန်ကရစ်တိုင်၊ သံလက်တန်းဖြင့် လဲလှယ်၍ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၆၈ မိုင်အား ACSR 25.35 $mm^2$ ကြိုးများအစား (ABC Cable) 95 $mm^2$ (3 AE.5W)ဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ငွေကျပ် ၃၅ ဒသမ ၈၀၀ သန်း အသုံးပြု၍လည်းကောင်း၊ ရေစကြိုမြို့ အမှတ်(၂)ရပ်ကွက် ၅၀၀ ကေဗွီအေ ရုံးဝင်းထရန်စဖော်မာမှ ၄၀၀ ဗို့ဓာတ်အားလိုင်းရှိ ဆွေးမြည့်သစ်သားတိုင် ၅၈ တိုင်နှင့် သံတိုင် ၃၄ တိုင်အား ကွန်ကရစ်တိုင်၊ သံလက်တန်းဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ငွေကျပ် ၁၈ ဒသမ ၄၀၀ သန်း အသုံးပြု၍လည်းကောင်း၊ ရေစကြိုမြို့ အမှတ်(၇)ရပ်ကွက် ၃၁၅ ကေဗွီအေ နှစ်ထောင်ပြည့် ထရန်စဖော်မာ မှ ၄၀၀ ဗို့ ဓာတ်အားလိုင်းရှိ ဆွေးမြည့်သစ်သားတိုင် ၁၀၅ တိုင်အား ကွန်ကရစ်တိုင်၊ သံလက်တန်းဖြင့် လဲလှယ်၍ ၄၀၀ ဗို့ဓာတ်အားလိုင်း ၃ ဒသမ ၇၃ မိုင်အား ACSR 25.35 $mm^2$ ကြိုးများအစား (ABC Cable) 95 $mm^2$ (သုံးသွင် ငါးကြိုး) ဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ၇၉ ဒသမ ၅၈၁ သန်း အသုံးပြု၍လည်းကောင်း၊ ရေစကြိုမြို့ အမှတ်(၄)ရပ်ကွက် ၃၀၀ ကေဗွီအေ မြို့နယ်မှူးရုံးထောင့် ထရန်စဖော်မာမှ ၄၀၀ ဗို့ ဓာတ်အားလိုင်းရှိ ဆွေးမြည့်သစ်သားတိုင် ၉၂ တိုင်အား ကွန်ကရစ်တိုင်၊ သံလက်တန်းဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ငွေကျပ် ၁၈ ဒသမ ၄၀၀ သန်း အသုံးပြု ၍လည်းကောင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

**ရတနာသစ်တော၊ ပြည့်သွေးကြော။ သစ်တောရတနာ၊ ထိန်းသိမ်းပါ။**

# ပုလင်းဒီဇိုင်းများနှင့် ကုန်အမှတ်တံဆိပ်အမည်ကို ကုမ္ပဏီတစ်ဦးတည်း မူပိုင်ဖြစ်ကြောင်း မြန်မာနိုင်ငံတစ်ဝှမ်းလုံး အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ၄–ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး (ဆင်မလိုက်သဘော်ကျင်းရှေ့)၊ ဇောတိကလမ်း၊ အမှတ်(၁)တွင် ကုမ္ပဏီရုံးချုပ် ဖွင့်လှစ်ထားသော Peace Myanmar Group Co., Ltd. ၏ ဒါရိုက်တာအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ လွှဲအပ်ညွှန်ကြားချက်များအရ သိရှိစေရန် ကြေညာလိုက်သည်မှာ

Peace Myanmar Group Co., Ltd. မှ ထုတ်လုပ်သော စားသောက်ကုန်အမျိုးမျိုးတို့အတွက် အောက်တွင် ဒီဇိုင်းဖော်ပြထားသည့် PMG အမည် အမှတ်အသားတံဆိပ်ပါ ဖန်ပုလင်းဒီဇိုင်းများတွင် သွတ်သွင်းပြီး ဖြန့်ဖြူးရောင်းချရာ၌ ကုမ္ပဏီတစ်ဦးတည်းပိုင် ပုလင်းဒီဇိုင်း အသားတံဆိပ်အမှတ်အသားအဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် Peace Myanmar Group Co., Ltd. တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းကြေညာခဲ့ပြီး ကုန်စည်များ စဉ်ဆက်မပြတ် ထုတ်လုပ်လျှက် ရှိနေပါသည်။

PMG
၁၁၇၆/၂၀၁၇









မှတ်ပုံတင်ပြီး ဖန်ပုလင်းဒီဇိုင်းအမျိုးအစားများမှာ အထက်ဖော်ပြပါပုံများအတိုင်း ဖြစ်ပါသည်။ ဖန်ပုလင်းအရွယ်အစားအမျိုးမျိုးတွင် PMG စာလုံးဒီဇိုင်းအမှတ်အသားနှင့် Peace Myanmar Group Co., Ltd. ဟူသော စာသားကို ဖန်ပုလင်းတွင် အသားတံဆိပ်အဖြစ် ပုလင်းများ၏ လည်ပင်းဖောင်းရစ်များတွင် အသားတံဆိပ်ဖောင်းကြွနှင့် ဖန်ပုလင်းများ၏ ဖင်ပိုင်းအောက်ခံပြားတို့တွင် အသားတံဆိပ်ဖောင်းကြွ ပါဝင်လျှက် ထင်ရှားစွာ ခတ်နှိပ်ထားပြီး သီးသန့်ထုတ်လုပ်ထားရှိပါသည်။ ဖော်ပြပါဖန်ပုလင်းဒီဇိုင်း တပါတည်း ပါဝင်ဖွဲ့စည်းထားသော ပုလင်းကို Peace Myanmar Group Co., Ltd. မှ မိမိတို့ကိုယ်တိုင် စိတ်ကူးဉာဏ်ဖြင့် ဒီဇိုင်းပုံစံထုတ် ရေးဆွဲပြီး ကုမ္ပဏီတစ်ဦးတည်းပိုင်အဖြစ် မှတ်ပုံတင်သွင်းထားခြင်း ဖြစ်ပါသည်။

PMG အမှတ်အသားတံဆိပ်ပါ အမှတ်တံဆိပ် ပါရှိသည့် ဖန်ပုလင်းများကို Peace Myanmar Group Co., Ltd. အနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ သုံးစွဲခြင်း၊ လွှဲအပ်ခြင်းနှင့် ထပ်မံပြုပြင်အသုံးချခြင်း စသည့် မည်သည့်ကိစ္စရပ်များကိုမျှ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်အဖြစ် ဖြစ်စေ သုံးစွဲရန် ခွင့်ပြုပေးထားခြင်း မရှိပါကြောင်း လေးလေးနက်နက် သတိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ Peace Myanmar Group Co., Ltd. တစ်ဦးတည်းမူပိုင် ဖန်ပုလင်းဒီဇိုင်းကုန်အမှတ်တံဆိပ်ပါ ပုလင်းမျိုးစုံတို့ကို စီးပွားရေးလုပ်ငန်းတွင် အသုံးပြုခြင်း၊ အခြားသုံးစွဲခြင်းများ၊ မရိုးမဖြောင့်သောသဘောဖြင့် အသားတံဆိပ်အမှတ်အသားကို ဖျက်ဆီး၍ အခြားမျိုးစုံသော ဖျော်ရည်များ၊ အခြားအရည်မျိုးစုံတို့တွင် ထည့်သွင်းပုလင်းပိတ်၍ စီးပွားရေးအရ ရောင်းခြင်း၊ ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ မူလ Peace Myanmar Group Co., Ltd. ၏အကျိုး ပျက်စီးစေရန် ရည်ရွယ်ဆောင်ရွက်ခြင်း၊ ငွေကြေးအကျိုးအမြတ် အတွက် အသားတံဆိပ်အမှတ်အသား များကို နည်းမျိုးစုံဖြင့် ဖျက်ဆီး၍ ရောင်းဝယ်ခြင်း၊ Peace Myanmar Group Co., Ltd. မှ ထုတ်လုပ်သော ကုန်ပစ္စည်းများ၏ ကုန်အမှတ်တံဆိပ်နှင့် ထုတ်ကုန်ပစ္စည်းများကဲ့သို့ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား ဖြစ်စေရန် စီမံသုံးစွဲထုတ်လုပ်ဖြန့်ဖြူးသိုလှောင် ရောင်းချခြင်းကို မည်သူမျှ ဆောင်ရွက်ပိုင်ခွင့် မရှိပါကြောင်း အတိအလင်း သတိပေးကြေညာအပ်ပါသည်။

ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိသော ပုလင်းမျိုးစုံသည် မူလကပင် ရောင်းချမှုတွင် ပါဝင်ခဲ့ပြီး ဖြစ်သော်လည်း PMG မှတ်ပုံတင်အမှတ်တံဆိပ်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထပ်မံအသုံးချခွင့်နှင့် အသုံးပြုခွင့်အတွက် ကိုယ်စားလှယ်လွှဲ ခန့်အပ်ပေးခြင်း မရှိပါကြောင်း အထူးပြု ကြေညာအပ်ပါသည်။

အထက်ပုံတွင် ပါဝင်သော ဖန်ပုလင်းဒီဇိုင်းအမှတ်အသားများကို Peace Myanmar Group Co., Ltd. ၏ စာဖြင့် ရေးသားခွင့်ပြုပေးသော ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲ တနည်းနည်းဖြင့် အသုံးပြုကြောင်းနှင့် အသုံးချရောင်းဝယ်ကြောင်း တွေ့မြင်သိရှိရပါက မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ အာဏာသက်ရောက်သော တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူ ဆောင်ရွက်မည် ဖြစ်ပါသည်။ Peace Myanmar Group Co., Ltd. ၏ ထိခိုက်ဆုံးရှုံးနစ်နာမှုများအတွက်ကိုပါ ထည့်သွင်းပြီးနောက် နစ်နာကြေး၊ လျော်ကြေးများကိုပါ ထည့်သွင်းလျှက် တောင်းဆိုရယူမည် ဖြစ်ပါကြောင်း အများပြည်သူ သိရှိနိုင်စေရန် သတိပေးနှိုးဆော် ကြေညာအပ်ပါသည်။

ဦးအောင်နိုင် (LLB)
တရားလွှတ်တော်ရှေ့နေ (စဉ် - 4924)
အမှတ်(၁)၊ ဇောတိကလမ်း၊ ၄–ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

Peace Myanmar Group Co., Ltd. ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ



## လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို မူပိုင်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အောင်မင်္ဂလာအဝေးပြေးလမ်း၊ မြင်းခြံလမ်း၊ အခန်းအမှတ် ဏ–E၊ ၁၇/၁၈တွင် ဖွင့်လှစ်ထားသော နယူးမန္တလာထွန်းအဆင့်မြင့်ခရီးသည် ပို့ဆောင်ရေးအသင်းသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့၊ တိုင်းဒေသကြီး အသီးသီး၏ ခွင့်ပြုချက်များဖြင့် ၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာ ၁၃ရက်မှစ၍ စတင်ပြေးဆွဲလာခဲ့ပါသည်။ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်လည်း စာချုပ်အမှတ် ၄၃၁၆/၂၀၁၇ (၁၉-၄-၂၀၁၇)ရက်စွဲဖြင့် အောက်ဖော်ပြပါ Logo နှင့် လုပ်ငန်းအမှတ်တံဆိပ်တို့အား မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

NEW MANDALAR HTUN EXPRESS
နယူးမန္တလာထွန်း
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး

အထက်ဖော်ပြပါ အမှတ်တံဆိပ်၊ Logo နှင့် အသင်းအမည်တို့ကို ကားဂိတ်များ၊ မော်တော်ယာဉ်များ၊ လက်မှတ်အရောင်းဌာနများ၊ စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ ကြော်ငြာ၊ လက်ကမ်း၊ ရုပ်သံ၊ မဂ္ဂဇင်း၊ ငွေရပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Internet, Website အစရှိသည်တို့တွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

မိမိယာဉ်လိုင်း၏ အမည်နှင့် အမှတ်တံဆိပ်၊ Logo တို့ကို အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများမှဖြစ်စေ၊ တရားဝင်ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ အတုအပပြုလုပ်ခြင်း၊ ပုံတူပုံမှားထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်သိရပါက မိမိအသင်း၏ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးကုန်ကျသမျှ အရပ်ရပ်စရိတ်ကြေးငွေများအတွက် လျော်ကြေးငွေများ တောင်းခံနိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးများတွင်မဆို ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုသွားမည်ဖြစ်သည့်အပြင် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**နယူးမန္တလာထွန်းအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးအသင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သက်လေးချို**

**LL.B, D.B.L, D.I.L, D.M.L, WIPO(Switzerland)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၈/၂၀၁၄)**

**အမှတ် ၁၃၈၊ ပထမထပ်၊ ၃၂လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း-၀၉-၄၂၀၀၂၄၂၈၉၊ ၀၉-၉၆၄၂၂၄၂၈၉**



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9I/2648 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန (ရှာသာကြီး)



Myanma Apex Bank

## ဝန်ထမ်းအလိုရှိသည် (ပြည်တွင်းဌာသာခန့်ထားရန်)

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်မှ မကြာမီထပ်မံဖွင့်လှစ်မည့် ရန်ကုန်၊ မန္တလေးနယ်ဘဏ်ခွဲများတွင် ခန့်ထားရန်အတွက် အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိသည်။

| စဉ် | ရာထူး | လိုအပ်သောဝန်ထမ်းဦးရေ |
| --- | --- | --- |
| ၁။ | လက်ထောက်မန်နေဂျာ | ၂၀ ဦး |
| ၂။ | ဒုတိယမန်နေဂျာ | ၂၀ ဦး |
| ၃။ | မန်နေဂျာ | ၁၅ ဦး |
| ၄။ | အကြီးတန်းမန်နေဂျာ | ၁၀ ဦး |

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ရာထူးတစ်ခုချင်းစီအတွက် ဘဏ်လုပ်ငန်း အတွေ့အကြုံ(၅)နှစ်ရှိရမည်။ (ကွန်ပျူတာ၊ Email နှင့် အင်္ဂလိပ်စာကျွမ်းကျင်မှုရှိပါက ဘဏ်လုပ်ငန်းအတွေ့အကြုံအား လျှော့ပေါ့စဉ်းစားမည်ဖြစ်ပါသည်။) အမှတ်စဉ်(၁နှင့် ၂) အတွက် အသက်(၄၅)နှစ်ထက်မကြီးရ။ အမှတ်စဉ်(၃ နှင့် ၄)အတွက် အသက်(၅၀)ထက်မကြီးရ။

**အလုပ်လျှောက်ထားသူများသည်**

ကိုယ်ရေးမှတ်တမ်း/ပညာအရည်အချင်းအထောက်အထား/လုပ်ငန်းအတွေ့အကြုံ/ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ/သန်းခေါင်စာရင်းမိတ္တူ/အလုပ်သမားမှတ်ပုံတင်မိတ္တူ/မကြာမီက ရိုက်ထားသော ကာလာဓာတ်ပုံ(၃)ပုံ(Passport Size)/သက်ဆိုင်ရာရဲစခန်းထောက်ခံချက် ပူးတွဲ တင်ပြရမည်။ မည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။ ဘဏ်နှင့် (၃)နှစ် စာချုပ်ချုပ်ဆိုနိုင်ရမည်။ ကျန်းမာရေးကောင်းမွန်ရမည်။ အလုပ်လျှောက်လွှာများကို ၉-၆-၂၀၁၇ ရက်နောက်ဆုံးထား၍ ရုံးချိန်အတွင်းပေးပို့ရမည်။ မပြည့်စုံသောလျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**အလုပ်လျှောက်ထားရန်နှင့်ဆက်သွယ်ရန်လိပ်စာ**

**(၁)အမှတ် ၂၀၇၊ သိမ်ဖြူလမ်း(အလယ်)ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**recruiting@mabbank.com**



## မွေးစားသားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ အမှတ် ၈၉၁၊ မော်ကန်(၇)လမ်းနေ ဦးဟန်တိုး-ဒေါ်ဝင်းရီတို့၏ မွေးစားသား မောင်ဝင်းမောင်မောင်ထွန်း(ခ)ဟန်လင်းမောင် ၇/ပခန(နိုင်)၃၁၃၅၉၀သည်မိဘ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိသားစုအား အမျိုးမျိုးစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်နေပါ၍ ယနေ့မှစပြီး မွေးစားသားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးလိမ့်မည်မဟုတ်ပါ။

**ဦးဟန်တိုး ၇/ပခန(နိုင်)၁၃၀၂၄၉၊**
**ဒေါ်ဝင်းရီ ၇/ပခန(နိုင်)၁၆၉၅၈၃**



## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ ကျိုက္ကော်ရပ်ကွက်၊ လမ်းမတန်း အိမ်အမှတ် (၁၆၂)နေ ဦးခင်စိုး ၁၀/သထန(နိုင်)၀၅၁၉၆၃နှင့် ဒေါ်ခင်မှီ ၁၀/သထန(နိုင်)၀၅၃၈၅၆တို့၏သမီး မဖြူနှင်းဝေ(ခ)မငယ်သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျှောက် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။ မဖြူနှင်းဝေ(ခ)မငယ်နှင့်ပတ်သက်၍ ကိစ္စအဝဝအားလုံးကို လုံးဝတာဝန်မယူပါ။

**ဦးခင်စိုး-ဒေါ်ခင်မှီ**



**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်ဌာနခွဲ၊ နောက်ဆုံးနှစ် (သင်္ချာ)မှ မသီတာယု(၄သခ-၆)၏ဖခင် ဦးပီတာလုနှင့် ဦးပေတရ ၁၃/ကတန(နိုင်)၀၁၆၂၈၀မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးပီတာလု(ခ)ဦးပေတရ**



**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဦးကျာအီ၏သမီး ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်ဌာနခွဲ၊ နောက်ဆုံးနှစ်(သမိုင်း)မှ မနာချီ (၄သ-၂၄)(၀၂၃)နှင့် မစတဲလာ ၁၃/ကတန(နိုင်)၁၄၅၃၂၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မနာချီ(ခ)မစတဲလာ**



**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဦးလီနောင်၏သား ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်ဌာနခွဲ၊ နောက်ဆုံးနှစ်(ပထဝီဝင်)အောင်မှ မောင်ယေဇကျေလှုနှင့်ယေဇာဂျေလမှာတစ်ဦးတည်း ဖြစ်ပါကြောင်း။

**မောင်ယေဇကျေလှု(ခ)ယေဇာဂျေလ**



**တစ်ဦးတည်းဖြစ်ကြောင်း**

မော်လမြိုင်မြို့နယ်၊ (၆)မိုင်ရပ်ကွက်၊ အိမ်အမှတ်(၆၈)နေ (ဘ)ဦးတင်ကြွေ MME -၅၉၀၅၁၉ ၏ သမီး မထိုက်သန္တာဝင်း(ခ)သန္တာလင်း၏ မွေးသက္ကရာဇ် (၁၄-၅-၁၉၉၂) သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးတင်ကြွေ**



**မွေးသက္ကရာဇ် အမှန်ဖြစ်ပါကြောင်း**

အထက (မော်လမြိုင်မြို့) အတွင်း ခရားကျေးရွာ နဝမတန်း(ခ)မှ ဦးမြင့်နိုင်-ဒေါ်အိအိဝင်းတို့၏သမီး မနှင်းယွန်းနွယ် ၃/မဝတ(နိုင်)၀၇၈၉၇၆၏ မွေးသက္ကရာဇ်အမှန်မှာ (၂၃-၂-၂၀၀၃) ဖြစ်ပါကြောင်း။ **မနှင်းယွန်းနွယ်**




## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့၊အထက(၁)မှ အဋ္ဌမတန်းအောင်မြင်ခဲ့သော မောင်အောင်ကျော်ခန့်၏ ဖခင်အမည်မှန်မှာ ဦးဘိုးရွှေ ၈/ရနခ(နိုင်)၀၃၇၅၉၈ ဖြစ်ပါကြောင်း။

**ဦးဘိုးရွှေ**

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ အထက(၁)မှ န၀မတန်းအောင်မြင်ခဲ့သော မသီရိရွှေစဉ်၏ အမည်မှန်မှာ မသီရိရွှေစင်ဖြစ်ပါကြောင်းနှင့် ၄င်း၏ဖခင်အမည်မှန်မှာ ဦးအောင်တင်ဝင်း ၈/ရနခ(နိုင်)၁၀၀၀၅၄ ဖြစ်ပါကြောင်း။

**ဦးအောင်တင်ဝင်း၊**
**မသီရိရွှေစင်**

## ကန့်ကွက်နိုင်ပါကြောင်း

ဇမ်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၃၅)၊ဦးပိုင်အမှတ်(၂၉၅)၊ မြေဧရိယာ ၀ဒသမ၀၆၀၊ ဒေါ်ခေါ်နန့်နန့်ပိုင်ဆိုင်၍ ဦးပိုင်အမည်ပေါက်ရရှိထားပြီး အဆိုပါမြေကွက်ကို အငယ်ဆုံးသားဖြစ်သူ ဦးတူးမိုင်အားပေးအပ်ခဲ့ရာ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၉-၁-၂၀၁၂ရက်တွင် အပြီးအပိုင်ပေးကမ်းစာချုပ်ချုပ်ဆိုခဲ့ပါသည်။ဒေါ်ခေါ်နန့်နန့်အမည်မှ ဦးတူးမိုင် ၁/ဇမန(နိုင်)၀၄၀၆၇၉အမည်သို့ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူ ရှိပါကအထောက်အထား ခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကအမည်ပြောင်း မြေငှားဂရန်ကို ဥပဒေနှင့်အညီဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဇမ်းမော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဇမ်းမော်မြို့၊ အလယ်ရပ်ကွက်၊အကွက်အမှတ်(၂၆)၊ဦးပိုင်အမှတ်(၈၄)၊ မြေဧရိယာ ၀ဒသမ၀၇၉၊ဒေါ်နုက်ပိုင်ဆိုင်၍ ဦးပိုင်အမည်ပေါက်ရရှိထားပြီး အဆိုပါမြေကွက်ကို အဆင့်ဆင့်ရောင်းချခဲ့ရာ ဒေါ်နန်းခင်စိန်နှင့် ဒေါ်နန်းလှအေးတို့က ဝယ်ယူခဲ့ပြီး မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂၁-၇-၂၀၁၆ရက်တွင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ဒေါ်နုက်အမည်မှ ဒေါ်နန်းခင်စိန် ၁၃/နခန(နိုင်)၀၀၀၂၀၀၊ ဒေါ်နန်းလှအေး ၁၃/နခန (နိုင်)၀၀၀၂၀၁ အမည်သို့ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကအမည်ပြောင်းမြေငှားဂရန်ကို ဥပဒေနှင့်အညီဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဇမ်းမော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အမည်ပြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ် တပင်ရွှေထီးလမ်းအမှတ်(၄/၆)နေ ဦးအောင်အောင် ၇/ပခန(နိုင်)၂၀၃၉၂၁-ဒေါ်ကြည်ကြည်အေး ၇/ဝမန(နိုင်)၀၀၀၈၀၃တို့၏သမီးဖြစ်သူ အထက(၃) ပဲခူးမြို့ ပထမတန်းကျောင်းသူ မမြမြသိန်းအား မစမ်းရတီဟု အမည်ပြောင်းလဲကြေညာအပ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၂၇၁၆၂ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်မောင် ၅/ကလဝ(နိုင်)၀၀၂၆၅၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ဃ/၈၈၂၅၃ Honda Wave 100 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်သွယ်သွယ်အေး ၁၀/မလမ(နိုင်)၁၃၀၄၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## သွာနုတ္တရသားအဖြစ် အမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ လှာကမြင်ကျေးရွာအုပ်စု၊ တဝန်သံရွာနေ ကျွန်တော်ဖခင်ဖြစ်သူ ဦးရွှေသိန်း ၃/ဘအန(နိုင်)၄၀၁၇၉၀ နှင့် ကျွန်မမိခင်ဖြစ်သူ ဒေါ်အချို ၃/ဘအန(နိုင်)၄၀၁၉၇၀ တို့၏ သားဖြစ်သူ စောသန်းနိုင်ဦး အသက်၁၉နှစ် ကရင်/ဗုဒ္ဓဘာသာ မှတ်ပုံတင်မရှိသည် မိဘများ၏ပြောဆိုဆုံးမမှုကို မနာခံဘဲ မိဘအားရန်သူသဖွယ် ရိုင်းပြစွာ ပြုမူပြောဆိုဆက်ဆံလာသည့်အပြင် မိဘခွင့်ပြုချက်မရှိဘဲ အိမ်ပေါ်မှ အကြိမ်ကြိမ်ဆင်းကာ၊ သွားချင်ရာသွား၊ နေချင်သလိုနေ၊ အိမ်သို့လည်း ဝင်ချင်သလိုဝင်၊ ထွက်ချင်သလိုထွက် ပြုလာသည့်အပြင် မိဘများအိမ်တွင်မရှိခိုက် အိမ်ရှိသေတ္တာအား သော့ဖျက်၍ ငွေသားများယူသွားခြင်း/မွေးမြူထားသော ကြက်အကောင် (၂၀)ကိုလည်း ခိုးယူသွားခြင်း/ညီငယ်ဖြစ်သူ အသက် ၄နှစ်အရွယ် မောင်မျိုးသူထက်အား အခန်းတွင် ပိတ်လှောင်သော့ခတ်ပြီး အိမ်ပေါ်မှ တိတ်တဆိတ် ဆင်းသွားကာ မိဘအား နေ့စဉ်နှင့်အမျှ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုမူလာသဖြင့် ယနေ့မှစ၍ သွာနုတ္တရသား (အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း) ကြေညာအပ်ပါသည်။ နောက်နောင် ဥပဒေမဲ့ပြုမှု၍ ပြဿနာတစ်စုံတစ်ရာ ဖြစ်ပါက မိဘများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်းလည်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူမိဘများ-** **ဦးရွှေသိန်း-ဒေါ်အချို**

**လွှဲအပ်ညွှန်ကြားချက်အရ-** **ဦးမြင့်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ်(၇၁၂၂)**
**၉/က၊ (၁၁၁)၊ မေတ္တာလမ်း၊**
**ရတနာဒီပ၊ အမှတ် ၉ရပ်ကွက်၊ ဘားအံမြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်သူရိန် ၁၀/ပမန(နိုင်)၁၉၂၇၂၃ ၏ (Passport- No မမှတ်မိ)သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ပဲခူးခရိုင်တရားရုံးတော်၌**
**၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၃၁၄ နှင့်ဆက်နွယ်သည့်**
**၂၀၁၀ခုနှစ် တရားမဇာရီမှုအမှတ်-၃၇**

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ညောင်လေးပင်မြို့ **နှင့်** ဦးထွန်းအောင်ကျော်
**တရားနိုင်** **တရားရှုံး**

ဦးထွန်းအောင်ကျော်၊ စမ်းကလေးအရှေ့ကျေးရွာ၊ ညောင်လေးပင်မြို့နယ် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၃၁၄တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဇွန် ၁၂ ရက် (၁၃၇၉ခုနှစ် နယုန်လပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့သို့ လာရောက်စေ။

၂၀၁၇ခုနှစ် မေ ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဥမ္မာဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပဲခူးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၃၃**

ဦးအောင်မြင့်သန်း **နှင့်** ဒေါ်ကျော့ရင်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီလမ်း၊ အမှတ် (၂၂၁/က)နေ ဒေါ်ကျော့ရင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်မြင့်သန်းက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ ၂၀၁၇ခုနှစ် မေ ၂၉ ရက် (၁၃၇၉ခုနှစ် နယုန်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မေ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ခင်အေး)**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

**တရားမကျင့်ထုံးဥပဒေအမိန့်၁၊ နည်းဥပဒေ ၈ အရ**

## ကြော်ငြာစာ

**မွန်ပြည်နယ်တရားလွှတ်တော်**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၁**

ဦးစိန်မြင့် ပါ-၂ **နှင့်** ဦးစိုးနောင်ဦး ပါ-၇
**တရားလိုများ** **တရားပြိုင်များ**

အထက်အမည်ပါ တရားလိုများက တရားပြိုင်များအပေါ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့စည်းမျဉ်းအသစ်ကို အတည်ပြုပေးပါရန် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၂ အရ ဤရုံးတော်တွင် လာရောက်တရားစွဲဆိုထားသည်ဖြစ်ပါ၍ အထက်ပါ ဤရုံးတော်ရှိ အမှုသည်အများ၏ အခွင့်အရေးနှင့်သက်ဆိုင်သော အမှုဖြစ်၍ အမှုနှင့် သက်ဆိုင်သူ၊ စိတ်ပါဝင်စားသူများသည် တရားလိုသော်လည်းကောင်း၊ တရားပြိုင်သော်လည်းကောင်း ဖြစ်လိုလျှင် ၂၀၁၇ ခုနှစ် မေ ၃၁ ရက် (၁၃၇၉ ခုနှစ် နယုန်လဆန်း ၆ ရက်) နံနက် ၁၀း၀၀နာရီမတိုင်မီ ဤရုံးတော်သို့ လာရောက်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

လျှောက်လွှာများကိုလက်ခံပြီးလျှင် အမှုကိုဥပဒေအရ ဆက်လက်စစ်ဆေးသွားမည်ဖြစ်သည်။

၂၀၁၇ ခုနှစ် မေ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**အမိန့်အရ-**

**(ချိုချိုရီ)**
**ဒုတိယညွှန်ကြားရေးမှူး**
**မွန်ပြည်နယ်တရားလွှတ်တော်**

## အမြန်ပြန်လာပါ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စိုက်/မွေး(၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်၆/၂၀နေ ဦးအောင်မြင့်ဦး ၁၂/တကန(နိုင်)၁၄၉၈၉၄၏ ဇနီး မယဉ်မင်းအေး (၃၂)နှစ် ၁၂/ဥကမ(နိုင်)၂၄၀၅၀၁နှင့် သမီး မယွန်းနဒီချစ် (၁)နှစ်(၉)လတို့သည် ၁-၃-၂၀၁၇ရက်တွင် နေအိမ်မှ ဆင်းသွားပါသဖြင့် နေအိမ်သို့ အမြန်ပြန်လာပါရန်နှင့် လက်ခံထားသူအား တရားဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်သည်။ **ခင်ပွန်း ဦးအောင်မြင့်ဦး**

## ခင်ပွန်းဖြစ်သူ ဦးဆန်းဝင်း ၁၃/တကန(နိုင်)၁၀၅၄၆၄ သိစေရန်

ဇနီးဖြစ်သူ ကျွန်မ ဒေါ်ပြုံးပြုံးမော်နှင့် သမီးဖြစ်သူ မဆုဝေထက်တို့အပေါ် အိမ်ထောင်ဦးစီး တာဝန်များပျက်ကွက်ပြီး ကျွန်မနှင့် သမီးတို့ကို (စွန့်ပစ်မှု)ပြုခဲ့သည်။ (ပြုနေသည်)မှာ ၂၀၁၇ ခုနှစ်ထိ နှစ်ပေါင်း(၃)နှစ်ကျော်ရှိပြီဖြစ်၍ ယနေ့အသိပေးကြေညာသည့်ရက်မှ ရက်ပေါင်း၃၀အတွင်း အမြန်ဆုံး ကျွန်မနှင့် သမီးတို့ထံ လာရောက်တွေ့ဆုံပြီး ညှိနှိုင်းမှုပြုပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ ဦးဆန်းဝင်းမှ ပျက်ကွက်ပါက ဖြစ်ပေါ်လာမည့် အကြောင်းအရာအားလုံးသည် ဦးဆန်းဝင်း၏တာဝန်များဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ-တိုက် ၁၇၊ အခန်း E-2၊ မဟာမြိုင်အိမ်ရာ၊ (၄၁-တိုးချဲ့)ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်။

**ဒေါ်ပြုံးပြုံးမော် ၃/လဘန(နိုင်)၀၉၀၃၇၉**

# သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ရေရှည်ခိုင်လုံမှုရှိပြီး ကောင်းမွန်အောင်ဆောင်ရွက်



ရန်ကုန် မေ ၁၃

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဒုတိယသမ္မတအား ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်မြို့ တည်ဆောက်ရေး(၉) ရှင်းလင်းဆောင်၌ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ၂၀၁၆ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်ကြောင့် တာများကျိုးပေါက်ခဲ့ရပြီး ပြန်လည်ပြင်ဆင်မွမ်းမံပြီးစီးမှု၊ ပင်လယ်ဒီရေတက်ရောက်နိုင်မှု၊ သဘာဝဘေးအန္တရာယ်ကြောင့် မိုးသီးနှံများပျက်စီးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုအပေါ် မျိုးစပါးထောက်ပံ့ပေးအပ်မှု၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော လမ်း၊ တံတား

*စာမျက်နှာ ၅ ကော်လံ ၁* ✻



## တာမြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်မှုကြည့်ရှု

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မိုးညိုမြို့နယ်အတွင်းရှိ မြစ်မခမြစ်အနောက်ဘက်ကမ်း တာပတ်လုပ်ငန်းတွင် စက်ယန္တရားကြီးများဖြင့် တာမြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်

(သတင်းစဉ်)

## သိန်းနီရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တရုတ်နိုင်ငံထုတ် ဟန်းဆက်များ ဖမ်းဆီးရမိ

စာမျက်နှာ - ၁၂

## ငွေစက္ကူအတုများဖြင့် လူငယ်တစ်ဦးအား သထုံ၌ ဖမ်းဆီးရမိ

စာမျက်နှာ - ၁၃

# ၂၀၁၆-၁၇ ပရီမီယာလိဂ်ဖလား ချယ်လ်ဆီးတို့ ပွဲစဉ်မကုန်မီ ဆွတ်ခူး



ဝက်စ်ဘရွန်းအသင်းကို အနိုင်ရရှိပြီးနောက် ပွဲစဉ်မကုန်မီ ဖလားရရှိသွားသည့် ချယ်လ်ဆီးနည်းပြနှင့် အသင်းသားများ အောင်ပွဲခံနေစဉ်

**သတင်း - သီဟ**

အင်္ဂလန်ပရီမီယာလိဂ် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းသည် ပွဲကျန်တစ်ပွဲအပါအဝင် နှစ်ပွဲအလိုတွင် ချန်ပီယံအဖြစ် ဖလားဆွတ်ခူးခဲ့သည်။ ပွဲစဉ်(၃၇) အစောဆုံးပွဲစဉ်တစ်ပွဲဖြစ်သော ဝက်စ်ဘရွန်းနှင့် ချယ်လ်ဆီးပွဲတွင် ချယ်လ်ဆီးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲစဉ် ၈၂ မိနစ်တွင် လူစားဝင်လာသော ဘတ်ချူအာရီက သွင်းယူခဲ့ပြီး ဒုတိယနေရာမှ စပါးအသင်းကို ၁၀ မှတ်ဖြတ်ကာ ချန်ပီယံဖြစ်ခဲ့သည်။

နည်းပြကွန်တီ၏ ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ဖလား ခြောက်ကြိမ်မြောက် ရရှိခြင်းဖြစ်သည်။ သက်တမ်းရင့် အင်္ဂလန်အမှတ်ပေးပြိုင်ပွဲကြီးကို ၁၈၈၈ ခုနှစ်တွင် စတင်ခဲ့ပြီး ၁၉၉၂ ခုနှစ်အထိ Football League အမည်ဖြင့် ယှဉ်ပြိုင်ခဲ့သည်။ စတင်ယှဉ်ပြိုင်ခဲ့သည့်နှစ်တွင် ပရက်စတန်အသင်းက နှစ်နှစ်ဆက်တိုက်ချန်ပီယံဖြစ်ခဲ့သည်။ ယင်းမှတစ်ဆင့် ၁၉၉၂ မှ ၁၉၉၂ ခုနှစ်ထိ Football League First Division အမည်ဖြင့် ပြောင်းလဲယှဉ်ပြိုင်ခဲ့သည်။

၁၉၉၂ ခုနှစ်မှ လက်ရှိအချိန်ထိ Premier League အမည်ဖြင့် ကျင်းပလျက်ရှိသည်။ လက်ရှိချန်ပီယံဖြစ်ခဲ့သည့် ချယ်လ်ဆီးအသင်းကို ၁၉၀၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နှစ်ပေါင်း ၁၁၂ နှစ်ပြည့်ခဲ့ပြီဖြစ်သည်။

*စာမျက်နှာ ၁၄ ကော်လံ ၅* ✻

